သီလဝါအထူးစီးပွားရေးဇုန် ဟက်တာ(၂၀၀၀)စီမံကိန်း ဧရိယာအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်း မူဘောင်

၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ

<u>မာတိကာ</u>

အတိုကောက်စာလုံးများ

ဖြည့်စွက်ရှင်းလင်းချက်များ

စာမျက်နှာ

အခန်း(၁) နိဒါန်း ၁

၁.၁ နောက်ခံသမိုင်း ၁

၁.၂ သီလဝါအထူးစီးပွားရေးဇုန်၏ တည်နေရာ ၁

၁.၃ ဟက်တာ(၂၀၀၀)စီမံကိန်းအကြောင်း အကြမ်းဖျဉ်းဖော်ပြခြင်း ၂

၁.၃.၁ ဟက်တာ(၂၀၀၀)စီမံကိန်း၏ ပင်မစီမံကိန်းပုံစံ ၂

၁.၃.၂ ဇုန်-ဘီဧရိယာအား အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ် ၃

၁.၄ ဤမူဘောင်၏ နယ်ပယ်အတိုင်းအတာ ၄

အခန်း(၂) ပြန်လည်နေရာချထားရေးအတိုင်းအတာ ၇

၂.၁ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာ၏အခြေအနေ ၇

၂.၂ ပြန်လည်နေရာချထားရန်လိုအပ်ခြင်း ၈

အခန်း(၃) လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ ၁၀

၃.၁ ယခင်ကောက်ယူခဲ့သည့် စစ်တမ်းများနှင့် လူမှုစီးပွားရေး စစ်တမ်း ကောက်ယူခြင်း ၁၀

၃.၂ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း (DMS) ၁၀

၃.၂.၁ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူသည့် နည်းလမ်းများ ၁၀

၃.၂.၂ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှ ရရှိသည့်ရလဒ်များ ၁၂

အခန်း(၄) တရားဝင်မူဘောင် ၁၈

၄.၁ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ ၁၈

၄.၂ ပြန်လည်နေရာချထားခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာကျင့်သုံးမှုများ ၁၉

၄.၃ JICA၏ ပြန်လည်နေရာချထားရေးဆိုင်ရာ မူဝါဒများ ၁၉

၄.၄ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဥပဒေနှင့် နိုင်ငံတကာမှကျင့်သုံး နေသည့် မူဝါဒတို့အား နှိုင်းယှဉ်ချက်များနှင့် ဖြည့်စွက်ဆောင်ရွက်သင့် သည့်အစီအမံများ ၂၁

အခန်း(၅) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအတွက် ကရုဏာကြေးပုံပိုးမည့်အစီအစဉ် ၂၆

၅.၁ ကရုဏာကြေးပုံပိုးမည့်အစီအစဉ်နှင့် အကျုံးဝင်မှု ၂၆

၅.၂ ကရုဏာကြေးပုံပိုးမည့်အစီအစဉ်၏မူဘောင် ၂၇

၅.၂.၁ ကရုဏာကြေးပုံပိုးမည့်အစီအစဉ်၏ အလုံးစုံမူဘောင် ၂၇

၅.၂.၂ ကရုဏာကြေးပုံပိုးမည့်စည်းမျဉ်းစည်းကမ်းများနှင့် အထူးအစီအစဉ် ၂၈

အခန်း(၆) ပြန်လည်နေရာချထားမည့်နေရာအစီအစဉ် ၃၃
၆.၁ အကျုံးဝင်သည့် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ ၃၃
၆.၂ ပြန်လည်နေရာချထားမည့်မြေတည်နေရာနှင့် သတ်မှတ်ချက်များ ၃၃
၆.၂.၁ ပြန်လည်နေရာချထားပေးမည့်နေရာနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ ၃၃
၆.၂.၂ ပြန်လည်နေရာချထားရေးအတွက် လက်ရှိတွင် ရရှိနိုင်သည့် နေရာများ ... ၃၃
အခန်း(၇) မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်၏ အခြေခံမူဘောင် ၃၇
၇.၁ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်အတွက် ချဉ်းကပ်မှုများ ၃၇
၇.၂ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ အကြောင်း အကြမ်းဖျဉ်းဖော်ပြခြင်း ၃၈
၇.၂.၁ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များတွင် ပါဝင်နိုင်သည့် ဦးတည်အိမ်ထောင်စုများ ၃၈
၇.၂.၂ သီးခြားစီရေးဆွဲမည့် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်များတွင် ပါဝင်မည့်အကြောင်းအရာများ ၃၉
အခန်း(၈) ဒေသခံများပူးပေါင်းပါဝင်ခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်း ၄၂
၈.၁ ဒေသခံများပူးပေါင်းပါဝင်ရန်နှင့် သတင်းအချက်အလက်မျှဝေရန်အတွက် ချဉ်းကပ်မှုများ ၄၂
၈.၂ ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေးပွဲများမှ ရလဒ်များ ၄၃
၈.၂.၁ ပထမအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး ၄၃
၈.၂.၂ ဒုတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး ၄၃
၈.၂.၃ တတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး ၄၅
၈.၃ မူဘောင်(မူကြမ်း)အား ထုတ်ပြန်ကြေညာခြင်းနှင့် အများပြည်သူထံမှ မှတ်ချက်များလက်ခံရယူခြင်း ၄၆
၈.၄ အများပြည်သူထံမှ လက်ခံရရှိသည့်မှတ်ချက်များနှင့် ၎င်းမှတ်ချက် များအပေါ် အရေးယူဆောင်ရွက်မှုများ ၄၈
၈.၅ ပြန်လည်နေရာချထားရေးလုပ်ငန်းမူဘောင်အား ထုတ်ပြန်ကြေညာခြင်း ၅၀
အခန်း(၉) သက်ဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း ၅၁
အခန်း(၁၀) ထိခိုက်နစ်နာမှုများကို သက်သာစေမည့်အစီအစဉ်များ ၅၂
အခန်း(၁၁) အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ် ၅၃
အခန်း(၁၂) စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်း ၅၄
၁၂.၁ စောင့်ကြည့်စစ်ဆေးခြင်း ၅၄
၁၂.၂ ဆန်းစစ်ခြင်း ၅၅

နောက်ဆက်တွဲများ

(၁) အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာတွင် အသုံးပြုခဲ့သည့် မေးမြန်းလွှာ

(၂) ပထမအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး မှတ်တမ်းများ

(၃) ဒုတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး မှတ်တမ်းများ

(၄) တတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး မှတ်တမ်းများ

(၅) မှတ်ချက်များအပေါ် အရေးယူဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းသည့် အလုပ်ရုံဆွေးနွေးပွဲမှတ်တမ်းများ

ဇယားများစာရင်း

ဇယား(၃-၁) အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်းအကြောင်း အကျဉ်းချုပ် ... ၁၁

ဇယား(၃-၂) လျာထား ပြန်လည်နေရာချထားရေးလုပ်ငန်းနယ်ပယ် ... ၁၂

ဇယား(၃-၃) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ လူမျိုး ... ၁၃

ဇယား(၃-၄) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ ကိုးကွယ်သည့် ဘာသာ ... ၁၃

ဇယား(၃-၅) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ စာတတ်မြောက်မှု အခြေအနေ ... ၁၃

ဇယား(၃-၆) မွေးမြူထားသည့် တိရစ္ဆာန် (အကောင်ကြီး*)အမျိုးအစားနှင့် အရေအတွက် ... ၁၄

ဇယား(၃-၇) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများမှ စိုက်ပျိုးထားသည့် သီးနှံနှင့် သစ်ပင်များ ... ၁၄

ဇယား(၃-၈) အိမ်ထောင်ဦးစီး၏ အဓိကဝင်ငွေလမ်းကြောင်းများ ... ၁၄

ဇယား(၃-၉) အခြားမိသားစုဝင်များ၏ အဓိကဝင်ငွေလမ်းကြောင်းများ ... ၁၅

ဇယား(၃-၁၀) အိမ်ထောင်စုများ၏ ပျမ်းမျှဝင်ငွေ ... ၁၅

ဇယား(၃-၁၁) အဓိကအကြောင်းအရာများအပေါ် အသုံးပြုသည့် နှစ်စဉ်ပျမ်းမျှ အသုံးစရိတ် ... ၁၆

ဇယား(၃-၁၂) မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအိမ်ထောင်စုများအကြောင်းအကျဉ်းချုပ် ... ၁၇

ဇယား(၄-၁) မြေသိမ်းယူခြင်း/ပြန်လည်နေရာချထားရေးလုပ်ငန်းတို့နှင့်ပတ်သက်သည့်အဓိကဥပဒေများ ... ၁၈

ဇယား(၄-၂) မြန်မာနိုင်ငံရှိဥပဒေများနှင့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်မှုများ ... ၂၁

ဇယား(၅-၁) ဇရိယာ(၁)၊ ဇရိယာ(၃)မှ ဇရိယာ(၆)တို့အတွက် ပံ့ပိုးရာတွင်ပါဝင်မည့် အကြောင်းအရာများနှင့် စည်းမျဉ်းစည်းကမ်းများ ... ၂၈

ဇယား(၅-၂) ဇရိယာ(၂)အတွက် ပံ့ပိုးရာတွင်ပါဝင်မည့် အကြောင်းအရာများနှင့် စည်းမျဉ်းစည်းကမ်းများ ... ၃၀

ဇယား(၆-၁) အနီးဝန်းကျင်ရှိ လူမှုရေးဆိုင်ရာအခြေခံအဆောက်အဦများ ၃၄
ဇယား(၆-၂) ပြန်လည်နေရာချထားမည့်နေရာ၌ အရေးပါသည့်သဘာဝပတ်ဝန်း ကျင်နှင့်လူမှုရေးအခြေခံတို့ကို ထည့်သွင်းစဉ်းစားထားမှုများ ၃၅
ဇယား(၈-၁) ပထမအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေးအကျဉ်းချုပ် ၄၃
ဇယား(၈-၂) ဒုတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေးအကျဉ်းချုပ် ၄၄
ဇယား(၈-၃) တတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေးအကျဉ်းချုပ် ၄၅
ဇယား(၈-၄) မူဘောင်(မူကြမ်း)ထုတ်ပြန်ကြေညာသည့် နေရာများ ၄၇
ဇယား(၈-၅) မှတ်ချက်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းသည့် အလုပ်ရုံဆွေးနွေး ပွဲများအကြောင်း အကျဉ်းချုပ် ၄၇
ဇယား(၈-၆) အများပြည်သူထံမှ လက်ခံရရှိသည့်မှတ်ချက်များနှင့် အရေးယူဆောင်ရွက်မှုများ ၄၈
ဇယား(၁၁-၁) ပြန်လည်နေရာချထားရေးလုပ်ငန်းများစတင်ဆောင်ရွက်မည့် လျာထား အချိန် ၅၃
ဇယား(၁၂-၁) စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းနှင့် ပတ်သက်၍ အကြမ်းဖျဉ်း ဖော်ပြချက် ၅၄

ပုံများစာရင်း

ပုံ(၁-၁) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း၏ တည်နေရာပြပုံ ၂
ပုံ(၁-၂) ဟက်တာ(၂၀၀၀)စီမံကိန်း၏လျာထားမြေအသုံးချမှုပုံ ၃
ပုံ(၁-၃) ဇုန်-ဘီစီမံကိန်းဧရိယာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံ ၄
ပုံ(၁-၄) မူဘောင်နှင့် သီးခြားလုပ်ငန်းစီမံချက်များ၏ တည်ဆောက်ပုံ ၅
ပုံ(၁-၅) ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် အပိုင်းလိုက် လျာထားဧရိယာများပြပုံ ၆
ပုံ(၂-၁) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းမှ ချန်လှပ်ခဲ့သည့်ဧရိယာများ ၉
ပုံ(၅-၁) ကရုဏာကြေးပုံပိုးမည့်အစီအစဉ်၏ အလုံးစုံမူဘောင် ၂၈
ပုံ(၆-၁) လက်ရှိရရှိနိုင်သည့် ပြန်လည်နေရာချထားမည့်လျာထားမြေ တည်နေရာပြပုံ ၃၄
ပုံ(၇-၁) စီးပွားရေးအခြေအနေများ ပြန်လည်ကောင်းမွန်စေရန်အတွက် အခြေခံမူဘောင်(အပိုင်း(က)) ၃၈
ပုံ(၇-၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေများဖွံ့ဖြိုးတိုးတက်စေ ရေးအတွက် အခြေခံမူဘောင် (အပိုင်း(ခ)) ၃၈
ပုံ(၉-၁) ပြန်လည်နေရာချထားရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့အစည်းပုံ ၅၁

ဓာတ်ပုံများစာရင်း

ဓာတ်ပုံ(၅-၁) လူနေအဆောက်အဦးနှင့် တဲနမူနာပုံ.....၃၂

အတိုကောက်စာလုံးများ

ADB	အာရှဖွံ့ဖြိုးရေးဘဏ်
COD	အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ
DHSHD	မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန*
DMS	အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း
EIA	သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်
FDI	နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ
GAD	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
HH	အိမ်ထောင်စု
IRP	မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ
IRPISC	မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆပ်ကော်မတီ
JICA	ဂျပန်အပြည်ပြည်ဆိုင်ရာ ပူပေါင်းဆောင်ရွက်ရေးအေဂျင်စီ
MOC	ဆောက်လုပ်ရေးဝန်ကြီးဌာန
M/P	ပင်မစီမံကိန်း
NGO	အစိုးရမဟုတ်သော အဖွဲ့အစည်း
OP	ကမ္ဘာ့ဘဏ်လုပ်ငန်းလည်ပတ်ရေးမူဝါဒ
PAHs	စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ
PAPs	စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်လူပုဂ္ဂိုလ်များ
RISC	ပြန်လည်နေရာချထားရေးဆပ်ကော်မတီ
RWP	ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်
SEZ	အထူးစီးပွားရေးဇုန်
SIDA	ဆွီဒင်နိုင်ငံတကာဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ
TKDC	သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ
TSEZMC	သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ
UNDP	ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်
UNICEF	ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့
YRG	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
WB	ကမ္ဘာ့ဘဏ်

*မှတ်ချက်- ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအား မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးရေးဦးစီးဌာနအဖြစ် ၂၀၁၅ခုနှစ် ဧပြီလတွင် ပြောင်းလဲခေါ်ဆိုခဲ့ပါသည်။

ရှင်းလင်းချက်များ

စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် ပုဂ္ဂိုလ်များ(အိမ်ထောင်စု များ)	ဟက်တာ(၂၀၀၀)စီမံကိန်းကြောင့် ထိခိုက်နစ်နာမှုရှိသည့် အိမ်ထောင်စုများ၊ လူပုဂ္ဂိုလ်များ
အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ	အကျုံးဝင်သည့်နောက်ဆုံးရက်စွဲဆိုသည်မှာ သက်ဆိုင်ရာအာဏာပိုင်များမှ စီမံကိန်းဧရိယာ အတွင်းနေထိုင်သူများသို့ တရားဝင်ကြေညာသည့်ရက်စွဲဖြစ်ပါသည်။ ယေဘုယျအားဖြင့် ယင်းရက်စွဲမှာ လူဦးရေစာရင်းကောက်ယူသည့် ပထမဆုံး ရက်စွဲဖြစ်ပါသည်။ ယင်းရက်စွဲနောက်ပိုင်းမှ စီမံကိန်းဧရိယာအတွင်း ဝင်ရောက်နေထိုင်သူများမှာ ကရုဏာကြေးပံ့ပိုးမှုများနှင့် အကျုံးဝင်မည်မဟုတ်ပါ ။
အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း	စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကို စစ်ဆေးနိုင်ရန်အတွက် သက်ရောက်မှုရှိသည့် ပိုင်ဆိုင်မှုများအားလုံးအား အသေးစိတ် စစ်တမ်းကောက်ယူခြင်းဖြစ်ပါသည်။
အကျုံးဝင်မှု	ကရုဏာကြေးပံ့ပိုးမည့်အစီအမံများတွင် ၁) နစ်နာဆုံးရှုံးမှုများ၊ ဝင်ငွေလမ်းကြောင်းဆုံးရှုံးမှုများနှင့် ပြန်လည်နေရာချထားခြင်းတို့အတွက် ပံ့ပိုးခြင်း၊ ၂) မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများအတွက် ပံ့ပိုးခြင်း၊ ၃) ပြန်လည်နေရာချထားမည့်နေရာစီစဉ်ထားရှိခြင်း၊ ၎င်းတို့၏ စီးပွားရေးနှင့် လူမှုရေးအခြေခံများ ပြန်လည်ရရှိရေးအတွက် နစ်နာဆုံးရှုံးမှုအမျိုးအစားအလိုက် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ စီစဉ်ထားရှိခြင်း စသည့်အထူးအစီအစဉ်များပံ့ပိုးခြင်းတို့ ပါဝင်ပါသည်
အစားထိုးချထားခြင်း	မူလနေရာမှ အခြားနေရာအသစ်သို့ ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာများ အစားထိုးနေရာချထားပေးခြင်း
အစားထိုးနေရာချထားရေးဆိုင်ရာ ကုန်ကျစရိတ်များ	တန်ဖိုးလျော့သွားနိုင်ခြေကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ပိုင်ဆိုင်မှုဆုံးရှုံးခြင်းအတွက် အစားထိုးပေးအပ်မည့် ကုန်ကျ စရိတ်များ
ပြန်လည်နေရာချထားခြင်း	ပံ့ပိုးမှုများပေးအပ်ခြင်း၊ အစားထိုးချထားရေးလုပ်ငန်းများ (ဥပမာ- မူလနေရာမှ နေရာအသစ်သို့ ရုပ်ပိုင်းဆိုင်ရာ အစားထိုးချထားပေးမှုများ)၊ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်နှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့အပါအဝင် ၎င်းတို့၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မူလအခြေအနေအတိုင်း ပြန်လည်တည်ငြိမ်မှုရှိစေရေးအတွက် ပြီးပြည့်စုံသော လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ
မသန်စွမ်းနှင့်သက်ကြီးရွယ်အို အုပ်စုများ	ပြန်လည်နေရာချထားမှုကြောင့် အခြားသူများထက် ပိုမိုထိခိုက်ခံစားကြရမည့် အုပ်စုဖြစ်ပါသည်။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု၊ မသန်စွမ်း၊ သက်ကြီးရွယ်အို (၆၁ နှစ်နှင့်အထက်)နှင့် မသန်စွမ်းသူပါဝင်သည့် အိမ်ထောင်စုတို့ကို မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအုပ်စုများအဖြစ် စီမံကိန်းမှ သတ်မှတ်ပါသည်။

အခန်း(၁) နိဒါန်း

၁.၁ နောက်ခံသမိုင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ဦးဆောင်သည့် အစိုးရသစ် တက်လာသည့် ၂၀၁၁ခုနှစ် နိဝင်ဘာလမှစတင်၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment-FDI)ကို နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကဦးစားပေးအခန်းကဏ္ဍ တစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာပြည်သူများအတွက် အလုပ်အကိုင်အခွင့်အ လမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်ရန်နှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေး ပါသည့် သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွား ရေးဇုန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားခဲ့ပါသည်။ ၎င်းအထူးစီးပွားရေးဇုန် သုံးခုအနက် ဟက်တာ(၂၄၀၀)ခန့်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို ၂၀၁၃ခုနှစ် နိဝင် ဘာလမှစတင်ကာ ပထမဦးဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အကောင်အ ထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းဧရိယာမှာ ကြီးများကျယ်ပြန့်သည့်အတွက် တစ်ဆင့်ချင်းစီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ထားပါသည်။ ထို့ကြောင့် ဟက်တာ(၄၀၀)ခန့်ရှိ သည့် အပိုင်း(က)/ဇုန်-အေအား ဦးစားပေးဧရိယာအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပြီး အဆိုပါ ဇုန်-အေ၏ တစ်စိတ်တစ်ဒေသအား စတင်လည်ပတ်ရန် ၂၀၁၅ခုနှစ် စက်တင်ဘာလ တွင် တရားဝင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဇုန်-အေ၏ မြောက်ဘက်ကပ်လျက်တွင် ဇုန်-အေ ၏တိုးချဲ့ဧရိယာအဖြစ် (ခ)ဟက်တာခန့်အား တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ် လျက်ရှိပါသည်။

ဇုန်-အေပြီးနောက် ကျန်ရှိနေသည့် ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွက် (ဟက်တာ(၂၀၀၀) စီမံကိန်းဧရိယာ)လည်း အစီအစဉ်ရေးဆွဲလျက်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်ဟက်တာ (၂၀၀၀)စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည့် ပင်မစီမံကိန်းပုံစံ (Master Plan)ကို သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ(TSMC)မှ ရေးဆွဲအဆိုပြုထားပါသည်။ ပြန်လည် နေရာချထားခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် ထိခိုက်နစ်နာမှုများကို အနည်းဆုံးဖြစ်စေမည့် အစီအမံများကို ထည့်သွင်းစဉ်းစားထားသော်လည်း ဟက်တာ(၂၀၀၀)စီမံကိန်းအား အကောင်အ ထည်ဖော်ဆောင်ရွက်သည့်အခါ ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ပြန်လည်နေရာချထားမှုတို့ ကို မလွှဲမရှောင်သာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာ တစ်ခုလုံးအတွက် ကရုဏာကြေးပုံပိုးမှုဆိုင်ရာ ဘုံမူဝါဒတစ်ခုအဖြစ် ရည်ရွယ်လျက် ဟက်တာ (၂၀၀၀)စီမံကိန်းဧရိယာတစ်ခုလုံးအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းမူဘောင် (မူဘောင်) ကို ရေးဆွဲခဲ့ပါသည်။

၁.၂ သီလဝါအထူးစီးပွားရေးဇုန်၏ တည်နေရာ

သီလဝါအထူးစီးပွားရေးဇုန်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်ခရိုင်အတွင်းတွင် တည်ရှိပြီး ရန် ကုန်မြို့၏ အရှေ့တောင်ဘက် (၂၀)ကီလိုမီတာခန့်အကွာတွင် တည်ရှိပါသည်။ ပုံ(၁-၁) သီလဝါအ ထူးစီးပွားရေးဇုန်ဧရိယာအား အစိုးရအဖွဲ့မှ တရားဝင်သတ်မှတ်ထားပြီး ပတ်ဝန်းကျင်ထိန်းသိမ်း

ရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ မြေတိုင်းဦးစီးဌာနမှ မြေတိုင်းအဖွဲ့ဖြင့် ၂၀၁၅ ခုနှစ် ဇွန်လတွင် ကွင်းဆင်းတိုင်းတာကာ ထပ်မံအတည်ပြုခဲ့ပါသည်။



ပုံ(၁-၁) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း၏ တည်နေရာပြပုံ

၁.၃ ဟက်တာ(၂၀၀၀)စီမံကိန်းအကြောင်း အကြမ်းဖျဉ်းဖော်ပြခြင်း

၁.၃.၁ ဟက်တာ(၂၀၀၀)စီမံကိန်း၏ ပင်မစီမံကိန်းပုံစံ

ပင်မစီမံကိန်းပုံစံအရ ဟက်တာ(၂၀၀၀)စီမံကိန်းအား ပုံ(၁-၂)တွင် ဖော်ပြထားသည့်အတိုင်း စက်မှုဧရိယာများသာမက စီးပွားရေးဧရိယာ၊ လူနေဧရိယာ၊ စိမ်းလန်းဧရိယာနှင့် မြေကွက်လပ်များကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါသည်။



ပုံ(၁-၂) ဟက်တာ(၂၀၀၀)စီမံကိန်း၏ လျာထားမြေအသုံးချမှုပြပုံ

၁.၃.၂ ဇုန်-ဘီဧရိယာအား အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်

ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်း၌ ဟက်တာ(၇၀၀)ခန့်အား အပိုင်း(ခ)/ဇုန်-ဘီ (ဇုန်-ဘီ စီမံကိန်းဧရိယာ)အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အစီအစဉ်ရေးဆွဲလျှက်ရှိပါသည်။ ၎င်းဇုန်-ဘီတွင် ပုံ(၁-၃)၌ဖော်ပြထားသည့်အတိုင်း စက်မှုဧရိယာအဖြစ် (၂၆၂)ဟက်တာခန့်၊ သယ်ယူပို့ဆောင်ရေးဧရိယာအဖြစ် (၂၆၇)ဟက်တာခန့်၊ လူနေနှင့် ကူးသန်းရောင်းဝယ်ရေးဧရိယာအဖြစ် (၁၆၉)ဟက်တာခန့် ပါဝင်မည်ဖြစ်ပါသည်။ အဆိုပါဇုန်-ဘီအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ချက်(EIA)ကိုလည်း တပြိုင်တည်းဆောင်ရွက်လျှက်ရှိပါသည်။ ဇုန်-ဘီအတွင်းရှိ စက်မှုဧရိယာ၏တစ်စိတ်တစ်ဒေသဖြစ်သည့် ဟက်တာ(၁၀၀)ခန့်ကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်မည့်ဧရိယာအဖြစ် ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အစီအစဉ်ရေးဆွဲထားပါသည်။



ပုံ (၁-၃) ဇုန်-ဘီစီမံကိန်းဧရိယာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံ

၁.၄ ဤမူဘောင်၏ နယ်ပယ်အတိုင်းအတာ

သီလဝါအထူးစီးပွားရေးဇုန်ဟက်တာ(၂၀၀၀)စီမံကိန်းအား တစ်ဆင့်ချင်းစီအကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲထားပါသည်။ ထိုနည်းတူစွာ ပြန်လည်နေရာချထားရမည့် အိမ်ထောင်စုအရေအတွက်မှာလည်း များပြားသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆင့်အလိုက် တစ်ပိုင်းချင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြန်လည်နေရာထားမည့်အချိန်မတူညီသော်လည်း ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်းရှိ ပြောင်းရွှေ့နေရာချထားရမည့်အိမ်ထောင်စုအားလုံးအတွက် ပံ့ပိုးမှုများကို တပြေးညီမျှမှုတတဖြစ်စေရန် ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာတစ်ခုလုံးအတွက် အဆင်ပြေစေမည့် ပံ့ပိုးမှုဆိုင်ရာမူဝါဒများ ချမှတ်ထားရန် အလွန်အရေးကြီးပါသည်။

ထို့ကြောင့် ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာတစ်ခုလုံးအတွက်ကျင့်သုံးမည့် ဘုံမူဝါဒတစ်ခုအဖြစ် ရည်ရွယ်ကာ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာတစ်ခုလုံး၏ ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် မူဘောင် (မူဘောင်)ကို ရေးဆွဲခဲ့ပါသည်။ ဤမူဘောင်မှာ ပံ့ပိုးမည့်အကြောင်းအရာအသေးစိတ်ပါဝင်မည့် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များအတွက် အခြေခံတစ်ခုဖြစ်ပါသည်။ ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် ပိုင်းခြားထားသည့် ဧရိယာတစ်ခုချင်းစီအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များကို သီးခြားစီရေးဆွဲသွားမည်ဖြစ်ပါသည်။ မူဘောင်နှင့် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များ ရေးဆွဲမည့်ပုံစံကို ပုံ(၁-၄)တွင် ဖော်ပြထားပါသည်။



ပုံ(၁-၄) မူဘောင်နှင့် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များ၏ တည်ဆောက်ပုံ

သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များ ရေးဆွဲရန်အတွက် လျာထားပိုင်းခြားဧရိယာများကို ပုံ(၁-၅)တွင် ဖော်ပြထားပါသည်။ ဇုန်-ဘီစီမံကိန်းဧရိယာမှာ ဧရိယာ-၁မှ ဧရိယာ-၄ အထိပါဝင်ပါသည်။



ပုံ(၁-၅) ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် အပိုင်းလိုက်လျာထားဧရိယာများပြပုံ[၁]

ဤမူဘောင်အား ၂၀၁၅ခုနှစ် အောက်တိုဘာလ(၁၉)ရက်နေ့တွင်သတ်မှတ်ထားသည့် ဧရိယာများအပေါ်တွင် အခြေခံကာ ရေးဆွဲထားခြင်းဖြစ်သည့်အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၏အတိုင်းအတာအပါအဝင် ဤမူဘောင်ပါ အကြောင်းအရာများကို သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များရေးဆွဲသည့်အခါ ပြန်လည်သုံးသပ်သွားမည်ဖြစ်ပါသည်။

[၁] ဧရိယာအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်နှင့်အညီ ဧရိယာများကို ပိုမိုအသေးစိတ် ထပ်မံပိုင်းခြားကောင်းပိုင်းခြားနိုင်ပါသည်။ ၂၀၁၆ခုနှစ် ဇန္နဝါရီလအထိ အခြေအနေအရ ဧရိယာ(၂)အား အပိုင်း(၄)ပိုင်း (ဥပမာ- ဧရိယာ ၂-၁(ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်မည့်ဧရိယာ)၊ ဧရိယာ ၂-၂၊ ဧရိယာ ၂-၃နှင့် ဧရိယာ ၂-၄)၊ ဧရိယာ(၃)အား (၂)ပိုင်း (ဧရိယာ ၃-၁နှင့် ဧရိယာ ၃-၂)နှင့် ဧရိယာ(၄)အား (၂)ပိုင်း (ဧရိယာ ၄-၁နှင့် ဧရိယာ ၄-၂)စသည်ဖြင့် ပိုင်းခြားထားပါသည်။

အခန်း(၂) ပြန်လည်နေရာချထားရေး အတိုင်းအတာ

၂.၁ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာ၏ အခြေအနေ

ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်းရှိ မြေအများစုမှာ ၁၉၉၇ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေအရ သိမ်းယူခဲ့ပြီးဖြစ်ပါသည်[၁]။ ထို့ကြောင့် ထိုသိမ်းယူထားသည့် မြေများ၏ လက်ရှိတရားဝင်ပိုင်ဆိုင်သူမှာ နိုင်ငံတော်အစိုးရဖြစ်ပါသည်။

၁၉၉၇ခုနှစ် မြေသိမ်းယူခြင်း၏ ရည်ရွယ်ချက်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနနှင့် စင်ကာပူနိုင်ငံ SMD International Pte Ltd တို့ အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၏ သန်လျင်-ကျောက်တန်းစက်မှုဇုန်စီမံကိန်း (၁၂၀၀ဟက်တာ)အတွက် ရည်ရွယ်သိမ်းယူခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင် မြေသိမ်းယူပြီးနောက် အဆိုပါ သန်လျင်-ကျောက်တန်းစက်မှုဇုန်စီမံကိန်းမှာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘဲ သိမ်းယူထားသည့်မြေများအား ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနသို့ ၁၉၉၈-၉၉ခုနှစ်တွင် ပထမ ဦးစွာလွှဲပြောင်းပေးအပ်ခဲ့ပါသည်[၂]။ ထို့နောက် ၂၀၁၃ခုနှစ် မတ်လတွင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီထံ လွှဲပြောင်းပေးအပ်ခဲ့ပါသည်[၃]။

၁၉၉၇ခုနှစ် မြေသိမ်းယူရာတွင် အဆိုပြု သန်လျင်-ကျောက်တန်းစက်မှုဇုန်စီမံကိန်းဧရိယာအတွင်း နေထိုင်ကြသည့် တောင်သူလယ်သမားများ/ဒေသခံများအတွက် မြေလျော်ကြေး၊ ရွှေ့ပြောင်းစရိတ်နှင့် ၎င်းတို့နေထိုင်ရန် မြေကွက်များချထားခြင်း စသည့်တို့ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပံ့ပိုးပေးခဲ့ပါသည်။ သို့ရာတွင် ပြောင်းရွှေ့ပြီးမကြာမီတွင် တောင်သူလယ်သမားများ/ဒေသခံများသည် ၎င်းတို့၏မူလနေရာသို့ ပြန်လည်ပြောင်းရွှေ့လာကြပြီး စိုက်ပျိုးရေးနှင့် ဝင်ငွေရလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခဲ့ကြပါသည်။ ထို့အပြင် ၁၉၉၇ခုနှစ် မြေသိမ်းယူပြီးနောက် အခြားအိမ်ထောင်စုများမှာလည်း သိမ်းယူထားသည့်ဧရိယာအတွင်းသို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ကြပါသည်။

အခြားတစ်ဖက်တွင်လည်း ၁၉၉၇ခုနှစ်တွင် လျော်ကြေးပေးအပ်ခြင်းမရှိသေးသည့် မြေများ(ခန့်မှန်း ၅၅၀-ဟက်တာခန့်)လည်း ရှိပါသည်။ ထိုမြေများအတွက် ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေနှင့် အညီသိမ်းယူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

---

[၁] ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄(၁)နှင့် (၃)တို့နှင့်အညီ မြေသိမ်းယူရန် နို့တစ်စာများထုတ်ပြန်ခဲ့ပါသည်။

[၂] ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြေသိမ်းကော်လိပ်တော်အရာရှိရုံးမှ ထုတ်ပြန်သည့် စာများ (၁၉၉၈ခုနှစ် ဇွန်လ(၁၁)ရက်နေ့ရက်စွဲပါ စာအမှတ်-၄/ဖ-၃/ဦး၁၊ ၁၉၉၉ခုနှစ် ဧပြီလ(၄)ရက်နေ့ရက်စွဲပါ စာအမှတ်-၄/ဖ-၃/ဦး၁နှင့် အခြားစာများ

[၃] ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်သည့် စာများ (၂၀၁၃ ခုနှစ် မတ်လ(၁၄)ရက်နေ့ရက်စွဲပါ စာအမှတ်-၄/၂-၃၂/ဦး၁(၅၂)နှင့် ၂၀၁၃ခုနှစ် မတ်လ(၁၄)ရက်နေ့ရက်စွဲပါ စာအမှတ်-၄/၂-၃၂/ဦး၁(၅၃))

၂.၂ ပြန်လည်နေရာချထားရန် လိုအပ်ခြင်း

သီလဝါအထူးစီးပွားရေးဇုန်အား အစီအစဉ်ရေးဆွဲရာတွင် လူနေထူထပ်သည့်ရပ်ကွက်များ၊ ဘာသာရေးဆိုင်ရာအဆောက်အဦးများ သို့မဟုတ် စက်ရုံ၊ တက္ကသိုလ်စသည်တို့ကဲ့သို့ ကြီးမားသည့် အဆောက်အဦးများအား ရုပ်ပိုင်းဆိုင်ရာအရလည်းကောင်း၊ စီးပွားရေးဆိုင်ရာအရလည်းကောင်း ပြန်လည်နေရာချထားခြင်းကြောင့် ဖြစ်ပေါ်လာမည့် ထိခိုက်ဆုံးရှုံးမှုများမှာ ကြီးမားသည့်အတွက် ချန်လှပ်ထားခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာမှ ချန်လှပ်ထားခဲ့သည့် ဧရိယာများကို ပုံ(၂-၁)တွင် ဖော်ပြထားပါသည်။

ပြန်လည်နေရာချထားခြင်းကြောင့် ဖြစ်ပေါ်လာမည့် ထိခိုက်မှုများကို အနည်းဆုံးဖြစ်စေမည့် အစီအမံများကို ထည့်သွင်းစဉ်းစားထားသော်လည်း ဟက်တာ(၂၀၀၀)စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရုပ်ပိုင်းဆိုင်ရာအရလည်းကောင်း၊ စီးပွားရေးဆိုင်ရာအရလည်းကောင်း ပြောင်းရွှေ့နေရာချထားရေးလုပ်ငန်းများကို မလွဲမရှောင်သာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာအရ ပြောင်းရွှေ့နေရာချထားရာတွင် ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာပြင်ပတွင် နေထိုင်သော်လည်း စီမံကိန်းဧရိယာအတွင်း စိုက်ပျိုးရေး(သို့မဟုတ်)အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများ ပါဝင်ပါသည်။



ပုံ(၂-၁) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းမှ ချန်လှပ်ခဲ့သည့် ဧရိယာများ

အခန်း(၃) လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

၃.၁ ယခင်ကောက်ယူခဲ့သည့် စစ်တမ်းများနှင့် လူမှုစီးပွားရေးစစ်တမ်းကောက်ယူခြင်း

၂၀၁၃ခုနှစ် ဧပြီလ(၄)ရက်မှ (၂၆)ရက်အတွင်း (ဧပြီလစစ်တမ်း) သီလဝါအထူးစီးပွားရေးဇုန် ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်း နေထိုင်ကြသည့် အိမ်ထောင်စုအားလုံးအား လူဦးရေနှင့် လူမှုစီးပွားရေးစစ်တမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ရဲတပ်ဖွဲ့နှင့် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များ(အစိုးရဌာနများ)ပါဝင်သည့် စစ်တမ်းကောက်ယူရေးအဖွဲ့မှ ကောက်ယူခဲ့ပါသည်။ ကွင်းဆင်းကောက်ယူသည့် ရှစ်ရက်တာကာလအတွင်း သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းဧရိယာအတွင်းနေထိုင်ကြသည့် အိမ်ထောင်စုအားလုံးကို ကြုံတင်ပြင်ဆင်ထားသည့် မေးမြန်းလွှာများကို အသုံးပြုကာ စစ်တမ်းကောက်ယူမှတ်တမ်းတင်ခဲ့ပါသည်။ ၎င်းဧပြီလစစ်တမ်းအရ အထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာတစ်ခုလုံးတွင် အိမ်ထောင်စုပေါင်း (၁၀၆၆)စု ရှိပါသည်။ သို့ရာတွင် ဖျက်သိမ်းထားသည့်အိမ်ထောင်စုများ၊ လူနေထိုင်ခြင်းမရှိသည့်အိမ်လွတ်များနှင့် စီမံကိန်းဧရိယာပြင်ပတွင်နေထိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းသာလုပ်ကိုင်လျှက်ရှိသည့် အိမ်ထောင်စုများကို ထိုအချိန်က အပြည့်အဝ စစ်တမ်းကောက်ယူနိုင်ခဲ့ခြင်း မရှိပါ။

၃.၂ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း (DMS)

၃.၂.၁ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူသည့် နည်းလမ်းများ

ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွက် အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်း(DMS)ကို ဧပြီစစ်တမ်းတွင်ကောက်ယူခဲ့သည့် အချက်အလက်များ ပိုမိုပြည့်စုံစေရန်နှင့် စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများကို အတည်ပြုနိုင်ရန်အတွက် ၂၀၁၄ခုနှစ် မေလမှ ၂၀၁၅ခုနှစ် အောက်တိုဘာလအထိ ကောက်ယူခဲ့ပါသည်။ ကောက်ယူခဲ့သည့် အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာတွင် ပါဝင်သည့်အကြောင်းအရာများကို ဇယား(၃-၁)တွင် အကျဉ်းချုပ်ဖော်ပြထားပြီး စစ်တမ်းကောက်ယူရာတွင်အသုံးပြုသည့် ပုံစံကို နောက်ဆက်တွဲ(၁)တွင် ဖော်ပြထားပါသည်။

အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူမည့် ဦးတည်အိမ်ထောင်စုများကို အောက်ပါအတိုင်း သတ်မှတ်ခဲ့ပါသည်။

(က) နိုင်ငံတော်အစိုးရမှ ကောက်ယူခဲ့သည့် ဧပြီလူဦးရေစစ်တမ်းအပါအဝင် လူဦးရေစစ်တမ်းနှင့် လူမှုစီးပွားရေးစစ်တမ်းများကောက်ယူစဉ်က ပါဝင်ခဲ့သည့် အိမ်ထောင်စုများ

(ခ) ၂၀၁၃ခုနှစ် ဇန္နဝါရီလတွင် ထုတ်ပြန်ခဲ့သည့် နို့တစ်စာရရှိခဲ့သည့် အိမ်ထောင်စုများ

(ဂ) အကျုံးဝင်သည့်နောက်ဆုံးရက်စွဲအတွင်း ရိုက်ကူးထားသည့် ကောင်းကင်ဓါတ်ပုံ၌ အဆောက်အဦးပေါ်သည့် အိမ်ထောင်စုများ

(ဃ) အကျုံးဝင်/မဝင်အတည်ပြုရန်အတွက် သက်ဆိုင်ရာကျေးရွာများ၌ အစည်းအဝေးပွဲများ ဆက်တိုက်ပြုလုပ်၍အတည်ပြုရာတွင် အကျုံးဝင်သည့်နောက်ဆုံးရက်စွဲမတိုင်မီ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်း နေထိုင်ကြောင်း သို့မဟုတ် ဝင်ငွေရလုပ်ငန်းတစ်ခုခုလုပ်ကိုင်နေကြောင်း သို့မဟုတ် အဆောက်အဦးပိုင်ဆိုင်ကြောင်း အတည်ပြုနိုင်သည့် အိမ်ထောင်စုများ

စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ တတ်နိုင်သမျှ ပြည့်စုံစွာ စစ်တမ်းကောက်ယူနိုင်ရန်အတွက် ကြိမ်ဖန်များစွာ ကောက်ယူခဲ့သော်လည်း အချို့အိမ်ထောင်စုများမှာ နိုင်ငံခြားသို့ရောက်ရှိနေ၍လည်းကောင်း၊ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့်မြေယာအပေါ် အငြင်းပွားလျက်ရှိနေသည့်အတွက်လည်းကောင်း၊ ဥယျာဉ်ခြံမြေရှိသော်လည်း နှစ်ပေါင်းများစွာစိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့်အတွက်လည်းကောင်း စစ်တမ်းကောက်ယူနိုင်ခြင်း မရှိခဲ့ပါ။ ၎င်းအိမ်ထောင်စုများအား သန်လျင်နှင့်ကျောက်တန်းမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ပံ့ပိုးပေးသည့်အချက်အလက်များ သို့မဟုတ် အခြားသင့်လျော်သည့်နည်းလမ်းများကို အသုံးပြုကာ လျော်ကြေး သို့မဟုတ် ပံ့ပိုးမှုများပေးအပ်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဇယား(၃-၁) အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခြင်းအကြောင်း အကျဉ်းချုပ်

	အချင်းအရာ	ပါဝင်သည့်အကြောင်းအရာများ
၁	ကာလ	၂၀၁၄ခုနှစ်မေလမှ ၂၀၁၅ခုနှစ် အောက်တိုဘာလအထိ
၂	ဧရိယာ	သီလဝါအထူးစီးပွားရေးဇုန်ဟက်တာ(၂၀၀၀)ဧရိယာ
၃	နည်းလမ်း	အိမ်ထောင်ဦးစီး၊ မြို့နယ်အဆင့်ကိုယ်စားလှယ်များ၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ကိုယ်စားလှယ်များနှင့် စစ်တမ်းကောက်ယူသည့်အဖွဲ့တို့ အတူတကွ ကောက်ယူခြင်း (လေးပွင့်ဆိုင်တိုင်းတာ စစ်တမ်းကောက်ယူခြင်း)
၄	ပါဝင်သည့် အကြောင်းအရာများ	
	(၁) လူဦးရေ	- အိမ်ထောင်စုများ၏ မိသားစုဝင်များ၊ ကျား/မနှင့် အသက်၊ ပညာအရည်အချင်း၊ စာတတ်မြောက်မှု၊ အဓိကအလုပ်အကိုင်စသည်
	(၂) ပိုင်ဆိုင်မှုများစာရင်း	- အိမ်ထောင်စုများနှင့် ၎င်းအိမ်ထောင်စုများပိုင်ဆိုင်သည့်အခြားအဆောက်အဦးများ၊ စိုက်ပျိုးဧရိယာများ၏ တည်နေရာအတိအကျကို ကိုဩဒိနိတ်များဖြင့် အတည်ပြုမှတ်တမ်းတင်ခြင်း - မြေပြင်တွင် အိမ်ထောင်စုများ၏ စီမံကိန်းကြောင့်ထိခိုက်နိုင်သည့်ပိုင်ဆိုင်မှုများကို စာရင်းပြုစုခြင်းနှင့် တိုင်းတာခြင်း - အဆောက်အဦးအမျိုးအစားများကို အတည်ပြုခြင်း (ဥပမာ- လူနေအဆောက်အဦး၊ တဲစသည်ဖြင့်) - အိမ်ထောင်စုများ၏ လယ်မြေဧရိယာ၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် ထွက်နှုန်းများကို အတည်ပြုခြင်း - မွေးမြူထားသည့် ကျွဲ/နွား/မြင်းနှင့် စိုက်ပျိုးရေးသုံးစက်ကိရိယာများကဲ့သို့ ရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများကို အတည်ပြုခြင်း
	(၃) လူမှုစီးပွားရေးစစ်တမ်း	- လစဉ် သို့မဟုတ် နှစ်စဉ်ဝင်ငွေနှင့် ဝင်ငွေလမ်းကြောင်းများ၊ လစဉ် သို့မဟုတ် နှစ်စဉ် အသုံးစရိတ်များအပါအဝင် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များကို (ပြန်လည်)အတည်ပြုခြင်း

၃.၂.၂ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှ ရရှိသည့် ရလဒ်များ

အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှ ရရှိသည့် ရလဒ်များမှာ ၂၀၁၅ခုနှစ် အောက်တိုဘာလ(၁၉)ရက်နေ့တွင် သတ်မှတ်ထားသည့် အပိုင်းလိုက် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာကို အခြေခံကာ အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြထားခြင်းဖြစ်ပါသည်။

(၁) လျာထားပြန်လည်နေရာချထားရေးလုပ်ငန်းနယ်ပယ်

အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှ ရရှိသည့်ရလဒ်များကို အခြေခံကာ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်းရှိ သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲမည့် ဧရိယာတစ်ခုချင်းစီအလိုက် နေထိုင်လျှက်ရှိသည့် အိမ်ထောင်စုများ/လူဦးရေကို ဇယား(၃-၂)တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။ အိမ်ထောင်စု စုစုပေါင်း(၁၀၈၈)စုအနက် အိမ်ထောင်စု(၉၉၅)စုမှာ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်း နေထိုင်လျှက်ရှိကြပြီး ကျန်အိမ်ထောင်စု(၉၃)စုမှာ ဟက်တာ (၂၀၀၀)စီမံကိန်းဧရိယာအပြင်ဘက်တွင်နေထိုင်လျှက်ရှိကာ စီမံကိန်းဧရိယာအတွင်း ဝင်ငွေရလုပ်ငန်း သို့မဟုတ် အဆောက်အဦးပိုင်ဆိုင်သူများဖြစ်ပါသည်။ အိမ်ထောင်စုပေါင်း(၁၀၈၈)စု၊ လူဦးရေအားဖြင့် (၄၂၆၂)ဦးမှာ ကရင်ဘာကြေးပုံပိုးမှုများနှင့် အကျုံးဝင်မည်ဖြစ်ပါသည်။

ဇယား(၃-၂) ပြန်လည်နေရာချထားရေးဆောင်ရွက်မည့်လျာထားပုံစံ

သီးခြားလုပ်ငန်းစီမံချက်ရေးဆွဲမည့် ဧရိယာ	ပြောင်းရွှေ့ရမည့်အိမ်ထောင်စု		ပြောင်းရွှေ့ရမည့်လူဦးရေ	
	ဟက်တာ(၂၀၀၀) အတွင်း နေထိုင်	ဟက်တာ(၂၀၀၀) ပြင်ပတွင် နေထိုင်	ဟက်တာ(၂၀၀၀) အတွင်း နေထိုင်	ဟက်တာ(၂၀၀၀) ပြင်ပတွင် နေထိုင်
ဧရိယာ(၁)	၅၈၈	၁၂	၂၂၄၇	၃၃
ဧရိယာ(၂)	၂၁၇	၂၃	၈၂၃	၉၈
ဧရိယာ(၃)	၃၀	၆	၁၃၁	၄၂
ဧရိယာ(၄)	၁၂	၁၅	၃၉	၆၇
ဧရိယာ(၅)	၅၂	၁၃	၂၀၂	၇၅
ဧရိယာ(၆)	၉၆	၂၄	၃၈၇	၁၁၈
စုစုပေါင်း	၉၉၅	၉၃	၃၈၂၉	၄၃၃

မှတ်ချက်- စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအနက် အိမ်ထောင်စုတစ်စု၏အချက်အလက်များ ကောက်ယူ၍မရရှိခဲ့ပါ။

(၂) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ အချက်အလက်များ

အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှရရှိသည့် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များကို ဇယား(၃-၃)မှ ဇယား(၃-၅)အထိ အကျဉ်း ချုပ်ဖော်ပြထားပါသည်။

ဇယား(၃-၃) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ လူမျိုး

ယူနစ်: အိမ်ထောင်စု

ပြန်လည်နေရာချထားမည့်ဧရိယာ	မြန်မာ	ဟိန္ဒူ	အခြား
ဧရိယာ(၁)	၅၅၃	၄၃	၄
ဧရိယာ(၂)	၂၀၈	၂၉	၃
ဧရိယာ(၃)	၂၉	၆	၁
ဧရိယာ(၄)	၁၅	၁၁	၁
ဧရိယာ(၅)	၄၄	၂၁	၀
ဧရိယာ(၆)	၄၇	၆၈	၅
စုစုပေါင်း	၈၉၆	၁၇၈	၁၄

ဇယား(၃-၄) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ ကိုးကွယ်သည့်ဘာသာ

ယူနစ်: အိမ်ထောင်စု

ပြန်လည်နေရာချထားမည့်ဧရိယာ	ဗုဒ္ဓဘာသာ	ဟိန္ဒူ	အခြား
ဧရိယာ(၁)	၅၇၀	၁၆	၁၄
ဧရိယာ(၂)	၂၁၉	၂၀	၁
ဧရိယာ(၃)	၃၂	၃	၁
ဧရိယာ(၄)	၂၀	၇	၀
ဧရိယာ(၅)	၅၇	၈	၀
ဧရိယာ(၆)	၇၈	၃၅	၇
စုစုပေါင်း	၉၇၆	၈၉	၂၃

ဇယား(၃-၅) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ စာတတ်မြောက်မှု အခြေအနေ

ယူနစ်: အိမ်ထောင်စုများ

ပြန်လည်နေရာချထားမည့်ဧရိယာ	ရေး၊ ဖတ်၊ ပြောမလုပ်နိုင်	ပြောနိုင်သော်လည်း မဖတ်၊ မရေးနိုင်	ပြောနိုင်သော်လည်း အနည်းငယ်သာ ဖတ်၊ ရေးနိုင်	ကျွမ်းကျွမ်းကျင်ကျင် ပြော၊ ဖတ်၊ ရေးနိုင်
ဧရိယာ(၁)	၁	၅၇	၂၂၆	၃၁၂
ဧရိယာ(၂)	၂	၃၅	၉၉	၉၇
ဧရိယာ(၃)	၁	၆	၁၅	၁၃
ဧရိယာ(၄)	၁	၅	၁၁	၁၀
ဧရိယာ(၅)	၁	၁၅	၁၇	၃၂
ဧရိယာ(၆)	၂	၄၃	၃၅	၃၈
စုစုပေါင်း	၈	၁၆၁	၄၀၃	၅၀၂

မှတ်ချက်- အိမ်ထောင်စု(၁၄)စု၏ စာတတ်မြောက်မှုအချက်အလက်များ မရရှိခဲ့ပါ။

(၃) ပိုင်ဆိုင်မှုစာရင်း၊ ဇယားများ (မွေးမြူရေး၊ သီးနှံနှင့် သစ်ပင်များ)

စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများမှ မွေးမြူထားသည့် တိရစ္ဆာန်(အကောင်ကြီး) အမျိုးအစားနှင့် အရေအတွက်ကို ဇယား(၃-၆)တွင် ဖော်ပြထားပါသည်။

ဇယား(၃-၆) မွေးမြူထားသည့် တိရစ္ဆာန်(အကောင်ကြီး*)အမျိုးအစားနှင့် အရေအတွက်

ယူနစ်: အရေအတွက်

ပြန်လည်နေရာချထားမည့်ဧရိယာ	နို့အတွက် မွေးမြူခြင်း	လယ်ယာစိုက်ပျိုးရေးအတွက်မွေးမြူခြင်း	အခြားအသုံးပြုရန်အတွက် မွေးမြူခြင်း
ဧရိယာ(၁)	၁၂၀	၅၄၀	၁၄၀
ဧရိယာ(၂)	၃၀	၁၅၀	၆၀
ဧရိယာ(၃)	၃၀	၄၀	၂၀
ဧရိယာ(၄)	၀	၄၀	၁၀
ဧရိယာ(၅)	၁၀	၉၀	၂၀
ဧရိယာ(၆)	၄၀	၃၀၀	၃၀
စုစုပေါင်း	၂၃၀	၁၁၆၀	၂၈၀

မှတ်ချက်- တိရစ္ဆာန်(အကောင်ကြီး)ဆိုသည်မှာ ကျွဲနှင့် နွားကို ဆိုလိုပါသည်။

စုစုပေါင်းစပါးထွက်နှုန်းနှင့် စိုက်ပျိုးထားသည့်သစ်ပင်/သီးနှံအမျိုးအစားများကို အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူစဉ်အတွင်း ထည့်သွင်းကောက်ယူခဲ့ပါသည်။ စပါးနှင့် အဓိကသီးနှံ(၃)မျိုးကို ဇယား(၃-၇)တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

ဇယား(၃-၇) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများစိုက်ပျိုးထားသည့် သီးနှံနှင့် သစ်ပင်များ

ပြန်လည်နေရာချထားမည့်ဧရိယာ	မိုးစပါး(တင်း/တစ်နှစ်)	အဓိကသီးနှံများ		
		(က)	(ခ)	(တ)
ဧရိယာ(၁)	၃၉၀၀၀	သရက်	ငှက်ပျော	မာလကာ
ဧရိယာ(၂)	၂၈၀၀၀	သရက်	ကွမ်း	သီဟို
ဧရိယာ(၃)	၆၀၀၀	သရက်	မာလကာ	သီဟို
ဧရိယာ(၄)	၂၀၀၀၀	မန်ကျီး	ဒန့်သလွန်	အခြား
ဧရိယာ(၅)	၃၇၀၀၀	ကွမ်း	သရက်	အခြား
ဧရိယာ(၆)	၅၈၀၀၀	သရက်	ဒန့်သလွန်	ချဉ်ပေါင်
စုစုပေါင်း	၁၈၈၀၀၀	-	-	-

(၄) မွေးမြူရေးနှင့် ဝင်ငွေလမ်းကြောင်းအပေါ် သက်ရောက်မှုများ

(၄-၁) ဝင်ငွေလမ်းကြောင်း

အိမ်ထောင်ဦးစီး၏အဓိကဝင်ငွေလမ်းကြောင်းမှာ ဧရိယာအလိုက် ကွဲပြားမှုရှိသော်လည်း စပါးစိုက်တောင်သူနှင့် ကျပန်းအလုပ်သမားဦးရေမှာ အများဆုံးဖြစ်ပါသည်။ အိမ်ထောင်ဦးစီး၏ ဝင်ငွေနှင့် ပတ်သက်၍ ဇယား(၃-၈)တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

ဇယား(၃-၈) အိမ်ထောင်ဦးစီး၏ အဓိကဝင်ငွေလမ်းကြောင်းများ

ယူနစ်- ရာခိုင်နှုန်း

ပြန်လည်နေရာချထားမည့်ဧရိယာ	စပါးစိုက်တောင်သူ	ဟင်းသီး/ရွက်စိုက်တောင်သူ	ကျပန်းလုပ်သား	လခစားလုပ်သား	ကိုယ်ပိုင်လုပ်ငန်း	အခြား
ဧရိယာ(၁)	၁၂	၅	၅၃	၉	၁၆	၅
ဧရိယာ(၂)	၁၄	၁၁	၄၁	၆	၁၈	၁၁
ဧရိယာ(၃)	၃၁	၀	၄၄	၁၁	၃	၁၁

ဧရိယာ(၄)	၆၇	၀	၄	၄	၂၁	၄
ဧရိယာ(၅)	၅၀	၇	၂၇	၅	၅	၅
ဧရိယာ(၆)	၆၇	၅	၁၄	၂	၄	၈
ပျမ်းမျှ	၄၀	၅	၃၀	၆	၁၁	၇

မှတ်ချက်- ပျမ်းမျှရာခိုင်နှုန်းမှာ ပြန်လည်နေရာချထားမည့် ဧရိယာတစ်ခုချင်းစီ၏ ရာခိုင်နှုန်းကို အခြေခံတွက်ချက်ပါသည်။

ကျပန်းနှင့် လခစားအလုပ်သမားများမှာ အိမ်ထောင်စုတစ်စုအတွင်းရှိ အခြားလုပ်ငန်းလုပ်ကိုင်သည့် မိသားစုဝင်များ၏ အဓိကဝင်ငွေလမ်းကြောင်း ဖြစ်ပါသည်။ အချို့အိမ်ထောင်ဦးစီးများမှာ အလုပ်လုပ်ကိုင်ခြင်းမရှိသော်လည်း အခြားမိသားစုဝင်များမှ အသုံးစရိတ် ထောက်ပံ့ပေးလျက် ရှိပါသည်။

ဇယား(၃-၉) အခြားမိသားစုဝင်များ၏ အဓိကဝင်ငွေလမ်းကြောင်းများ

ယူနစ်- ရာခိုင်နှုန်း

ပြန်လည်နေရာချထားမည့်ဧရိယာ	စပါးစိုက်တောင်သူ	ဟင်းသီး/ရွက်စိုက်တောင်သူ	ကျပန်းလုပ်သား	လခစားလုပ်သား	ကိုယ်ပိုင်လုပ်ငန်း	အခြား
ဧရိယာ(၁)	၁	၃	၁၉	၃၄	၂၀	၂၄
ဧရိယာ(၂)	၃	၁	၄၂	၂၇	၁၆	၉
ဧရိယာ(၃)	၂	၀	၄၈	၃၀	၉	၁၁
ဧရိယာ(၄)	၂၀	၀	၄၀	၂၀	၀	၂၀
ဧရိယာ(၅)	၁၂	၃	၃၈	၂၆	၁၀	၁၀
ဧရိယာ(၆)	၉	၅	၃၃	၂၂	၁၆	၁၄
ပျမ်းမျှ	၈	၂	၃၇	၂၆	၁၂	၁၅

မှတ်ချက်- ပျမ်းမျှရာခိုင်နှုန်းမှာ ပြန်လည်နေရာချထားမည့် ဧရိယာတစ်ခုချင်းစီ၏ ရာခိုင်နှုန်းကို အခြေခံတွက်ချက်ပါသည်။

(၄-၂) အိမ်ထောင်စု၏ ဝင်ငွေ

ဧရိယာအလိုက် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ နှစ်စဉ်ပျမ်းမျှအဓိကဝင်ငွေ ပမာဏမှာ ဇယား(၃-၁၀)တွင် ဖော်ပြထားသည့်အတိုင်း (၃၄၁၀၀၀၀)ကျပ်မှ (၅၈၁၀၀၀၀)ကျပ် အတွင်းဖြစ်ပြီး တစ်နှစ်လျှင် ပျမ်းမျှ(၄၅၇၃၀၀၀)ကျပ်ဖြစ်ပြီး ဒုတိယဝင်ငွေမှာ တစ်နှစ်လျှင် ပျမ်းမျှ (၁၉၆၇၀၀၀)ကျပ်ဖြစ်ပါသည်။

ဇယား(၃-၁၀) အိမ်ထောင်စုများ၏ ပျမ်းမျှဝင်ငွေ

ယူနစ်- ကျပ်/တစ်နှစ်

ပြန်လည်နေရာချထားမည့်ဧရိယာ	နှစ်စဉ်ပျမ်းမျှအဓိကဝင်ငွေ	နှစ်စဉ်ပျမ်းမျှဒုတိယဝင်ငွေ
ဧရိယာ(၁)	၅၈၁၀၀၀၀	၁၆၇၀၀၀၀
ဧရိယာ(၂)	၄၅၅၀၀၀၀	၂၇၃၀၀၀၀
ဧရိယာ(၃)	၃၄၁၀၀၀၀	၂၄၈၀၀၀၀
ဧရိယာ(၄)	၅၆၃၀၀၀၀	၁၆၇၀၀၀၀
ဧရိယာ(၅)	၃၀၂၀၀၀၀	၁၆၉၀၀၀၀
ဧရိယာ(၆)	၅၀၇၀၀၀၀	၁၅၆၀၀၀၀

ပျမ်းမျှ	၄၅၇၃၀၀၀	၁၉၆၇၀၀၀

မှတ်ချက်- (၁) အဓိကနှင့် ဒုတိယဝင်ငွေပမာဏမှာ အိမ်ထောင်စုမှ ဖြေကြားသည့်အတိုင်း ဖြစ်ပါသည်။
(၂) တစ်နှစ်ပျမ်းမျှ အဓိကဝင်ငွေအား အိမ်ထောင်စုတစ်စုအတွင်းရှိ အလုပ်လုပ်သူအားလုံး၏ အဓိကဝင်ငွေ စုစုပေါင်းကို အခြေခံကာ တွက်ချက်ပါသည်။
(၃) တစ်နှစ်ပျမ်းမျှ ဒုတိယဝင်ငွေအား အိမ်ထောင်စုတစ်စုအတွင်းရှိ အလုပ်လုပ်သူအားလုံး၏ ဒုတိယဝင်ငွေ စုစုပေါင်းကို အခြေခံကာ တွက်ချက်သော်လည်း တတိယနှင့် စတုတ္ထဝင်ငွေများပါဝင်ခြင်းမရှိပါ။
(၄) ပျမ်းမျှဝင်ငွေမှာ အဓိက သို့မဟုတ် ဒုတိယဝင်ငွေပမာဏအားလုံးကို အခြေခံတွက်ချက်ပါသည်။

(၄-၃) အိမ်ထောင်စု၏ အသုံးစရိတ်

နှစ်စဉ်အသုံးစရိတ်နှင့် အသုံးပြုသည့်ပုံစံမှာ အိမ်ထောင်စုတစ်စု၏ လူနေမှုအဆင့်အတန်းအား အကဲဖြတ်ရာတွင် ညွှန်းကိန်းတစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။ အသုံးစရိတ်အားလုံးအနက်မှ အမျိုးအစားအလိုက် အသုံးပြုသည့်အချိုးအစားများကို ဇယား(၃-၁၁)တွင် ဖော်ပြထားပါသည်။

ဇယား(၃-၁၁) အဓိကအကြောင်းအရာများအပေါ် အသုံးပြုသည့် နှစ်စဉ်ပျမ်းမျှအသုံးစရိတ်

ယူနစ်- ရာခိုင်နှုန်း

ပြန်လည်နေရာချထားမည့်ဧရိယာ	အစားအသောက်	ကျန်းမာရေး	ပညာရေး	ခရီးစရိတ်	အခြား
ဧရိယာ(၁)	၂၇	၇	၃	၄	၆၀
ဧရိယာ(၂)	၃၅	၈	၆	၂	၄၉
ဧရိယာ(၃)	၂၆	၁၀	၅	၂	၅၈
ဧရိယာ(၄)	၁၁	၄	၁	၁	၈၄
ဧရိယာ(၅)	၁၈	၃	၅	၀	၇၃
ဧရိယာ(၆)	၂၄	၁၀	၃	၂	၆၂
ပျမ်းမျှ	၂၄	၇	၄	၂	၆၄

မှတ်ချက်- ပျမ်းမျှအသုံးစရိတ်ရာခိုင်နှုန်းမှာ ဤဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းကို အခြေခံကာ တွက်ချက်ပါသည်။ အိမ်ထောင်စု(၉)စုထံမှ အချက်အလက်များ မရရှိပါ။

(၅) မသန်စွမ်းနှင့် သက်ကြီးရွယ်အို အိမ်ထောင်စုများ

မြန်မာနိုင်ငံတွင် မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအုပ်စုများအတွက် တရားဝင်အဓိပ္ပါယ်သတ်မှတ်ချက်မရှိသောကြောင့် ဤမူဘောင်ရေးဆွဲသည့်အခါ နိုင်ငံတကာတွင် ကျင့်သုံးသည့်အတိုင်း အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အို (အသက် (၆၁)နှစ်နှင့်အထက်)ဦးစီးသည့်အိမ်ထောင်စု၊ မသန်စွမ်းသူရှိသည့် အိမ်ထောင်စု သို့မဟုတ် ဆင်းရဲနွမ်းပါးမှုမျဉ်း[၄]အောက်တွင်ရှိသည့်အိမ်ထောင်စု စသည်တို့ကို မသန်စွမ်းနှင့် သက်ကြီးရွယ်အို(vulnerable)အိမ်ထောင်စု

၄ ဘက်စုံလူနေမှုအဆင့်အတန်းနှင့် စစ်တမ်းကို UNDP၊ UNICEF၊ SIDAနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းကာ ၂၀၀၉-၁၀ခုနှစ်တွင် ကောက်ယူခဲ့ပြီး ရလဒ်ကို ဆင်းရဲနွမ်းပါးမှုအချက်အလက်များအဖြစ် ၂၀၁၁ခုနှစ် ဇွန်လတွင် ထုတ်ဝေခဲ့ပါသည်။ ယင်းအချက်အလက်များ၌ ၂၀၁၀ခုနှစ်တွင် အရွယ်ရောက်ပြီးသူတစ်ဦး၏ တစ်နှစ်ဝင်ငွေမှာ (၃၇၆၁၅)ကျပ်သာရရှိသူကို ဆင်းရဲနွမ်းပါးမှုမျဉ်းအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ယင်းပမာဏကို ဆင်းရဲနွမ်းပါးမှုမျဉ်းအဖြစ် များစွာသောအစီရင်ခံစာများတွင် ကိုးကားခဲ့ပါသည်။ ဤစီမံကိန်းအနေဖြင့် ယင်းပမာဏကို ဆင်းရဲနွမ်းပါးမှုမျဉ်းအဖြစ် သတ်မှတ်ပါသည်။

များအဖြစ် သတ်မှတ်ပါသည်။ ဇယား(၃-၁၂)တွင် ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်းရှိ မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအိမ်ထောင်စုများအကြောင်း အကြမ်းဖျဉ်းဖော်ပြထားပါသည်။

ဇယား(၃-၁၂) မသန်စွမ်းနှင့် သက်ကြီးရွယ်အို အိမ်ထောင်စုများအကြောင်း အကျဉ်းချုပ်

အုပ်စု	အိမ်ထောင်စု အရေအတွက်
အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ	၁၇၆
မသန်စွမ်းသူဦးစီးသည့် အိမ်ထောင်စုများ	၈
သက်ကြီးရွယ်အိုဦးစီးသည့် အိမ်ထောင်စုများ	၁၂၅
ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ရှိ အိမ်ထောင်စုများ	၅၄
မသန်စွမ်းသူပါဝင်သည့် အိမ်ထောင်စုများ	၂၂
စုစုပေါင်း	၃၂၇

မှတ်ချက်- (၁)အချို့အိမ်ထောင်စုများမှာ အုပ်စုတစ်စုတည်းတွင်မဟုတ်ဘဲ အခြားအုပ်စုများတွင်ပါ ပါဝင်နေသည့်အတွက် အုပ်စုအလိုက် စုစုပေါင်းအိမ်ထောင်စုအရေအတွက်မှာ အနည်းငယ် ကွဲလွဲနိုင်ပါသည်။

(၂)မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအိမ်ထောင်စုဟုတ်/မဟုတ် စစ်ဆေးနိုင်မည့် လုံလောက်သည့် အချက်အလက်များ မပါရှိသည့်အတွက် အိမ်ထောင်စု(၁၄)စုအား ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ ။

အခန်း(၄) တရားဝင်မူဘောင်

၄.၁ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ

လက်ရှိမြန်မာနိုင်ငံတွင် မြေသိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ အတူတကွ ပါဝင်ရေးဆွဲထားသည့် ဥပဒေ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါ။ မြေသိမ်းယူရာတွင် ၁၈၉၄ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြေသိမ်းအက်ဥပဒေကိုသာ လက်ရှိအချိန်အထိ တရားဝင်မူဘောင်အဖြစ် ကျင့်သုံးလျှက်ရှိပါသည်။ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းသည့် ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုရေးဥပဒေ၌ လယ်ယာမြေများအားနိုင်ငံပိုင်ပြုလုပ်ခြင်းနှင့် လယ်ယာမြေများအား အခြားနည်းလမ်းဖြင့်အသုံးချမှုအတွက်ပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ(လန-၃၉) တို့ကို ဖော်ပြထားပါသည်။ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအတွက် မြေသိမ်းယူခြင်းလုပ်ငန်းများကို အဓိကအားဖြင့် ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေနှင့် ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုရေးအက်ဥပဒေတို့ကို အသုံးပြုကာ ဆောင်ရွက်ပါသည်။

ပြန်လည်နေရာချထားရေးနှင့်ပတ်သက်သည့် လုပ်ငန်းများကို လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေနှင့် နည်းဥပဒေအချို့အား အခြေခံကာ ရေးဆွဲထားပါသည်။ သို့ရာတွင် အများအားဖြင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့်ဆက်စပ်သည့် အခက်အခဲများနှင့်ပတ်သက်၍ အသေးစိတ် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အခြေအနေများ ရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာတည်ရှိသည့် မြန်မာနိုင်ငံအောက်ပိုင်းနှင့် အကျုံးဝင်သည့် မြေသိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းတို့နှင့်ပတ်သက်သည့် မြန်မာနိုင်ငံရှိ ဥပဒေနှင့် နည်းဥပဒေများကို ဇယား(၄-၁)တွင် ဖော်ပြထားပါသည်။

ဇယား(၄-၁) မြေသိမ်းယူခြင်း/ပြန်လည်နေရာထားရေးလုပ်ငန်းတို့နှင့်ပတ်သက်သည့် အဓိကဥပဒေများ

- လယ်ယာမြေဥပဒေ၊ ၂၀၁၂ခုနှစ်
- လယ်ယာမြေနည်းဥပဒေ၊ ၂၀၁၂ခုနှစ်
- မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ ၂၀၁၂ခုနှစ်
- မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ၊ ၂၀၁၂ခုနှစ်
- အထူးစီးပွားရေးဇုန်ဥပဒေ၊ ၂၀၁၁ခုနှစ်
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အခြေခံဥပဒေ၊ ၂၀၀၈ခုနှစ်
- မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများလွှဲပြောင်းကို ကန့်သတ်သည့် ဥပဒေ၊ ၁၉၈၇ခုနှစ်
- သီးစားချထားရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ၁၉၆၅ခုနှစ်
- အောက်မြန်မာပြည် မြို့နှင့်ကျေးရွာများဥပဒေ၊ ၁၈၉၀ခုနှစ်
- မြေသိမ်းအက်ဥပဒေ၊ ၁၈၇၀ခုနှစ် (၁၉၃၇ခုနှစ် (ဥပဒေအမိန့်များကျင့်သုံးခြင်း)နှင့် ၁၉၄၀ခုနှစ် (မြန်မာနိုင်ငံတော်အက်ဥပဒေ အမှတ် ၂၇)တို့တွင် ပြင်ဆင်ခဲ့)
- မြေနှင့်အခွန်အက်ဥပဒေ၊ ၁၈၇၆ခုနှစ် (၁၉၄၅ခုနှစ်(မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၁၂)၊ ၁၉၄၆ခုနှစ် (မြန်မာနိုင်ငံတော်အက်ဥပဒေ အမှတ် ၆၄)နှင့် ၁၉၄၇ခုနှစ် (မြန်မာနိုင်ငံတော်အက်ဥပဒေအမှတ် ၆)တို့တွင် ပြင်ဆင်ခဲ့)
- အောက်မြန်မာနိုင်ံ မြေနှင့်အခွန်လက်စွဲ၊ ၁၈၇၆ခုနှစ်
- စည်ပင်သာယာရေးကော်မတီဥပဒေ၊ ၁၉၅၃ခုနှစ်
- ဗဟိုမြေယာကော်မတီ၏ ညွှန်ကြားချက်များ

မူရင်း - UNHCRနှင့် UNHABITATတို့မှ ပြုစုသည့် "မြန်မာနိုင်ငံ မြေယာပြဿနာများဆိုင်ရာ လမ်းညွှန်ချက်မှတ်စု"ကို အခြေခံကာ ပြုစုထားခြင်းဖြစ်ပါသည်။

၄.၂ ပြန်လည်နေရာချထားခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာကျင့်သုံးမှုများ

နိုင်ငံတကာမှ ငွေကြေးထောက်ပံ့သည့်အဖွဲ့အစည်းကြီးများနှင့် အလှူရှင်များသည် စီမံကိန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် ပြန်လည်နေရာချထားရေးအပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာတို့ကို ထည့်သွင်းစဉ်းစားကာ မူဝါဒများနှင့် လမ်းညွှန်ချက်များကို ရေးဆွဲခဲ့ကြပါသည်။ အခြေခံအားဖြင့် ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ နိုင်ငံတကာကျင့်သုံးမှုများမှာ ယင်းမူဝါဒများနှင့် လမ်းညွှန်ချက်များအပေါ်တွင် အခြေခံကာ ဆောင်ရွက်ကြပါသည်။ ပြန်လည်နေရာချထားရေးဆောင်ရွက်ရာတွင် အသုံးပြုသော အဓိကမူဝါဒများနှင့် လမ်းညွှန်ချက်များကို အောက်တွင်ဖော်ပြထားပါသည်။

(၁) ကမ္ဘာ့ဘဏ်၏ ဘေးအန္တရာယ်ကာကွယ်ရေးမူဝါဒ- ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်သည့်မူဝါဒ (OP ၄.၁၂)

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစဉ်းစားဆင်ခြင်မှုများအတွက် ဂျပန်အပြည်ပြည် ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ လမ်းညွှန်ချက်များ (၂၀၁၀ခုနှစ် ဧပြီလ)

(၃) အာရှဖွံ့ဖြိုးရေးဘဏ်(Asia Development Bank)၏ ဘေးအန္တရာယ်ကာကွယ်ရေးမူဝါဒ- ၂၀၀၉ခုနှစ် ဘေးအန္တရာယ်ကာကွယ်ရေးမူဝါဒ ဖော်ပြချက်- SPS

လက်ရှိမြန်မာနိုင်ငံတွင် စီမံကိန်းများဆောင်ရွက်ရာတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ဘေးအန္တရာယ်ကာကွယ်ရေးမူဝါဒကို အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုလေ့လာဆန်းစစ်ချက် (Environmental Impact Assessment)ဆောင်ရွက်ရာတွင် မကြာခဏ ကိုးကားသည်ကို တွေ့ရှိရသော်လည်း ပြန်လည်နေရာချထားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအသုံးပြုသည်ကို လက်ရှိအချိန်အထိ မတွေ့ရှိရသေးပါ။ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် JICA၏လမ်းညွှန်ချက်များမှာ ကမ္ဘာ့ဘဏ်၏ ဘေးအန္တရာယ်ကာကွယ်ရေးမူဝါဒ (OP ၄.၁၂) နောက်ဆက်တွဲ (က)ကို ကိုးကားထားခြင်းဖြစ်ပါသည်။

၄.၃ JICA၏ ပြန်လည်နေရာချထားရေးဆိုင်ရာ မူဝါဒများ

JICAတွင် JICA၏လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် ပြန်လည်နေရာချထားရေးဆိုင်ရာ မူဝါဒများရှိပါသည်။ ပြန်လည်နေရာချထားရေးလုပ်ငန်းများ မဖြစ်မနေဆောင်ရွက်ရသည့်အခါ JICA၏မူဝါဒများနှင့်ပတ်သက်၍ အဓိကစည်းမျဉ်းစည်းကမ်းများကို အောက်တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။

က) ပြန်လည်နေရာချထားရန်နှင့် ဝင်ငွေလမ်းကြောင်း ဆုံးရှုံးမှုများ မဖြစ်မနေကြုံတွေ့လာသည့် အခါ ထင်သာမြင်သာရှိသည့်နည်းလမ်းအားလုံးကိုရှာဖွေကာ တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည်။

ခ) ထိုသို့စစ်ဆေးပြီးနောက် ရှောင်လွှဲမရနိုင်ကြောင်း သေချာသည့်အခါ ထိခိုက်နစ်နာမှုအနည်းဆုံးနှင့် ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးပေးအပ်ရန် ထိရောက်မှုရှိသည့်အစီအမံများကို ဆောင်ရွက်ရမည်။

ဂ) မလွှဲမရှောင်သာ ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ထိခိုက်သူ သို့မဟုတ် ဆုံးရှုံးသူများအား လျော်ကြေးငွေကို အချိန်နှင့်တပြေးညီ လုံလုံလောက်လောက် ပေးအပ်ရမည်။ အိမ်ရှင်နိုင်ငံအနေဖြင့် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စု

များအား စွမ်းရည်မြှင့်တင်ပေးရန်လိုအပ်ပြီး ၎င်းတို့၏လူနေမှုအဆင့်အတန်း၊ ဝင်ငွေရလုပ်ငန်းအခွင့်အလမ်းများ၊ ကုန်ထုတ်လုပ်မှုအဆင့်များ ပိုမိုကောင်းမွန်စေရန် သို့မဟုတ် အနည်းဆုံး စီမံကိန်းမတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် စီမံပေးရမည်။

ဃ) ပြန်လည်နေရာချထားရေးကုန်ကျစရိတ်အားလုံးကိုအခြေခံကာ လျော်ကြေးငွေကို အတတ်နိုင်ဆုံး ပေးအပ်ရမည်။

င) လျော်ကြေးနှင့် အခြားပံ့ပိုးမှုများကို ပြန်လည်နေရာချထားရေးလုပ်ငန်းများမဆောင်ရွက်မီ ပေးအပ်ရမည်။

စ) အိမ်ထောင်စုများစွာအား ပြန်လည်နေရာချထားရေးဆောင်ရွက်ရန် မဖြစ်မနေလိုအပ်သည့် စီမံကိန်းများအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲရမည်ဖြစ်ပြီး အများပြည်သူသို့ အသိပေးရမည်။ ၎င်းစီမံချက်တွင် ကမ္ဘာ့ဘဏ်၏ ဘေးအန္တရာယ်ကာကွယ်ရေး မူဝါဒ၊ OP ၄.၁၂၊ နောက်ဆက်တွဲတွင်ပြဋ္ဌာန်းဖော်ပြထားသည့်အချက်များ ပါဝင်ရမည်။

ဆ) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များကို စောင့်ကြည့်စစ်ဆေးခြင်းစသည့်အဆင့်များတွင် စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများနှင့် ဆွေးနွေးတိုင်ပင်ရမည်။

ဇ) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် သင့်မြတ်ကောင်းမွန်သော ထိခိုက်နစ်နာမှုများကိုသက်သာစေမည့်အစီအမံများ ရေးဆွဲထားရှိရမည်။

အထက်ပါမူဝါဒများအပြင် JICAအနေဖြင့် ကမ္ဘာ့ဘဏ်၏ OP ၄.၁၂တွင် ရေးဆွဲပြဋ္ဌာန်းထားသည့်အောက် ဖော်ပြပါမူဝါဒများကိုလည်း အသုံးပြုပါသည်။

က) ကနဦးအခြေခံစစ်တမ်း (အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ၊ ပိုင်ဆိုင်မှုစာရင်းနှင့် လူမှုစီပွားရေးစရင်းများပါဝင်သော လူဦးရေစာရင်းကောက်ယူခြင်း)မှတဆင့် အကျုံးဝင်သူများကို ဖော်ထုတ်နိုင်ရန်အတွက် စစ်တမ်းကိုစောနိုင်သမျှစောစွာကောက်ယူရမည်ဖြစ်ပြီး အကျိုးစီးပွားအလို့ငှာ ကျုံးကျော်ဝင်ရောက်လာသူများကို ကာကွယ်နိုင်ရန်အတွက် ယင်းစစ်တမ်းကို စီမံကိန်းရေးဆွဲသည့်အဆင့်တွင် ကောက်ယူသင့်ပါသည်။

ခ) အကျိုးခံစားခွင့်နှင့် အကျုံးဝင်သူများတွင် တရားဝင်မြေအသုံးချခွင့်ရှိသည့် ပြောင်းရွှေ့ရမည့်သူများ (ဥပဒေအရအသိအမှတ်ပြုသည့် ရိုးရာအစဉ်အဆက် မြေအသုံးချခွင့်ရှိသူများအပါအဝင်)၊ လူဦးရေစစ်တမ်းကောက်ယူစဉ်က တရားဝင်မြေအသုံးချခွင့်မရှိသော်လည်း ယင်းမြေအားအသုံးချခွင့်ပြုရန် တောင်းဆိုထားသည့် ပြောင်းရွှေ့ရမည့်သူများနှင့် ၎င်းတို့လုပ်ကိုင်နေသည့်မြေအား တရားဥပဒေအရ တရားဝင်ကြောင်းအသိအမှတ်မပြုနိုင်သော ပြောင်းရွှေ့ရမည့်သူများ ပါဝင်သည်။

ဂ) မြေယာကိုအသုံးပြုကာ အသက်မွေးဝမ်းကြောင်း လျှက်ရှိကြသည့် ပြန်လည်နေရာချထားမည့်သူများအတွက် အလားတူအတိုင်းမြေယာအခြေခံ ပြန်လည်နေရာချထားရေးကို ရွေးချယ်ခွင့်ပေးရမည်။

ဃ) အကူးအပြောင်းကာလ (ပြန်လည်နေရာချထားသည့်အချိန်နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်မတည်ငြိမ်မီအချိန်စပ်ကြား)အတွက် ပံ့ပိုးမှုများ ပေးအပ်ရမည်။

ဂ) ပြန်လည်နေရာချထားမည့်ပုဂ္ဂိုလ်များအတွင်း မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်မှ ပုဂ္ဂိုလ်များ၊ မြေယာမရှိသူများ၊ အသက်အရွယ်ကြီးရင့်သူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ လူနည်းစုများစသည်တို့အပေါ်တွင် အထူးအလေးဂရုပြုရမည်။

စ) မြေသိမ်းယူရန်၊ လူဦးရေ(၂၀၀) နှင့်ငင်းထက်နည်းသော လူဦးရေအား မဖြစ်မနေပြန်လည်နေရာချရန်လိုအပ်သည့် စီမံကိန်းများအတွက် ပြန်လည်နေရာချထားရေးစီမံချက် အကျဉ်းချုပ်ကို ရေးဆွဲရမည်။

၄.၄ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဥပဒေနှင့် နိုင်ငံတကာမှ ကျင့်သုံးနေသည့် မူဝါဒတို့အား နှိုင်းယှဉ်ချက်များနှင့် ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ

ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေ/နည်းဥပဒေများနှင့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များကို ဇယား(၄-၂)တွင် ဖော်ပြထားပါသည်။ ပံ့ပိုးမှုများပေးအပ်ရန်အတွက် လွှမ်းခြုံမူဝါဒကိုရေးဆွဲရာတွင် မြန်မာနိုင်ငံမှ ပြဋ္ဌာန်းထားသည့်ဥပဒေ/နည်းဥပဒေများနှင့် နိုင်ငံတကာကျင့်သုံးမှုများအကြား ကွာဟချက်များအပေါ် ဖြည့်စွက်ဆောင်ရွက်သင့်သည့်အစီအမံများအပေါ်အခြေခံကာ စဉ်းစားပါသည်။

ဇယား(၄-၂) မြန်မာနိုင်ငံရှိ ဥပဒေများနှင့် ဂျိုက်ကာ၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်မှုများ

စဉ်	JICA၏ လမ်းညွှန်ချက်များ	မြန်မာနိုင်ငံရှိ ဥပဒေများ	မြန်မာနိုင်ငံရှိဥပဒေများနှင့် JICA၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များ	ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ
၁	ပြန်လည်နေရာချထားရန်နှင့် ဝင်ငွေလမ်းကြောင်းဆုံးရှုံးမှုများ မဖြစ်မနေ ကြုံတွေ့လာသည့်အခါ ထင်သာမြင်သာရှိသည့် နည်းလမ်းအားလုံးကို ရှာဖွေကာ တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည်။ (JICA ၏ လမ်းညွှန်ချက်များ)	ဥပဒေပြဋ္ဌာန်းချက်မရှိပါ။	ပြန်လည်နေရာချထားရန်နှင့် ဝင်ငွေလမ်းကြောင်း ဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်စေရန် သို့မဟုတ် ရှောင်ရှားရန် အတွက် ဖော်ပြထားသော သို့မဟုတ် တောင်းဆိုထားသော စည်းမျဉ်းစည်းကမ်းများ မရှိပါ။	စီမံကိန်း အနေဖြင့် ပြန်လည်နေရာချထားရေးဆိုင်ရာ သက်ရောက်မှုများကို အနည်းဆုံးဖြစ်စေရန် သို့မဟုတ် ရှောင်ရှားနိုင်ရန်အတွက် အခြားနည်းလမ်းများကို စစ်ဆေးခဲ့ပါသည်။
၂	ထိုသို့စစ်ဆေးပြီးနောက် ရှောင်လွှဲမရနိုင်ကြောင်း သေချာသည့်အခါ ထိခိုက်နစ်နာမှု အနည်းဆုံးနှင့် ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးပေးအပ်ရန် ဆောင်ရွက်ရမည်။ (JICA၏ လမ်းညွှန်ချက်များ)	နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာသိမ်းယူသည့်လယ်ယာမြေများအတွက် နစ်နာ ကြေး(သို့) လျော်ကြေးပေးအပ်ရမည်။ (လယ်ယာမြေ ဥပဒေ(၂၀၁၂)၊ ပုဒ်မ(၂၆)၊ လယ်ယာမြေ နည်းဥပဒေ (၂၀၁၂)၊ အပိုဒ် (၆၄))	ကွဲလွဲမှုမရှိပါ။	
၃	မလွှဲမရှောင်သာ ပြောင်းရွှေ့ရမည့်ပုဂ္ဂိုလ်များ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ထိခိုက်မှုရှိသူ သို့မဟုတ် ဆုံးရှုံးသူများအား ၎င်းတို့၏ လူနေမှုအဆင့် အ	သီးနှံ/သစ်ပင်များ ပျက်စီးမှု၊ မြေ၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း/ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများပြောင်းရွှေ့ပေးရသည့်အတွက် ကုန်ကျစရိတ်၊ စီးပွားရေးလုပ်ငန်းများပြောင်း	လူနေမှုအဆင့် အတန်း၊ ဝင်ငွေရလုပ်ငန်းအခွင့်အလမ်းများ၊ ကုန်ထုတ်လုပ်မှုအဆင့်များ ပိုမိုကောင်းမွန်စေရန် သို့မဟုတ် အနည်းဆုံး စီမံကိန်းမတိုင်မီ အခြေအနေသို့ ပြန်	အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် (သို့) အနည်းဆုံး စီမံကိန်းမဆောင်ရွက်မီအခြေအနေအထိ ပြန်လည်ရောက်ရှိ

စဉ်	JICA၏ လမ်းညွှန်ချက်များ	မြန်မာနိုင်ငံရှိ ဥပဒေများ	မြန်မာနိုင်ငံရှိဥပဒေများနှင့် JICA၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များ	ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ
	တန်း၊ ဝင်ငွေရလုပ်ငန်း အခွင့်အလမ်းများ၊ ကုန်ထုတ်လုပ်မှုအဆင့်များ ပိုမို ကောင်းမွန်စေရန် သို့မဟုတ် အနည်းဆုံး စီမံကိန်း မတိုင်မီအခြေအနေသို့ပြန်လည် ရောက်ရှိစေရန်အတွက် လျော်ကြေးနှင့် ပုံပိုးမှုများကို လုံလုံလောက်လောက် ပေးအပ်ရမည်။	ရွှေ့ပေးရသည့်အတွက်ကုန်ကျစရိတ်၊ စသည်တို့အတွက် လျော်ကြေးပေးအပ်ရမည်။ (မြေသိမ်းအက်ဥပဒေ (၁၈၉၄)၊ ပုဒ်မ (၂၃)၊ လယ်ယာမြေနည်းဥပဒေ (၂၀၁၂) ၊ အပိုဒ် (၆၇))	လည်ရောက်ရှိရမည်ဆိုသည်နှင့်ပတ်သက်၍မူ မြန်မာနိုင်ငံ၏ တရားဝင်မူဘောင် များတွင် သတ်မှတ်ထားခြင်းမရှိပါ။	စေရန်အတွက် ပုံပိုးမှုများ ပေးအပ်သွားမည် ဖြစ်ပါသည်။
၄	ပြန်လည်နေရာချထားရေး ကုန်ကျစရိတ်အားလုံးကို အတတ်နိုင်ဆုံးပေးအပ်ရမည်။ (JICA၏ လမ်းညွှန်ချက်များ)	မြေ- ဈေးကွက်ပေါက်ဈေးအတိုင်းပေးလျော်ရမည်။ (၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ၊ ပုဒ်မ (၉)၊ ၂၃(၁)နှင့် ၂၃(၂)) ဦးနှံ- စပါးနှင့် အခြားရာသီသီးနှံများ အတွက် တစ်ဧကပျမ်းမျှအ ထွက်နှုန်းကို အခြေခံလျှက် ဒေသ၏ ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဖိုး၏ သုံးဆကို ပေးလျော်ရမည်။ (လယ်ယာမြေ နည်းဥပဒေ (၂၀၁၂)၊ အပိုဒ် (၆၇))	မြေ- ဈေးကွက်ပေါက်ဈေးကို ထည့်သွင်းစဉ်းစားရန်လိုအပ်သော်လည်း လျော်ကြေးအား သတ်မှတ်ရမည့် နည်းလမ်းကိုမူ အက်ဥပဒေ၌ ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်း မရှိပါ ။ သီးနှံ- ကွဲလွဲမှုမရှိပါ။	မြေ- ဈေးကွက်ပေါက်ဈေးနှင့် အကူးအပြောင်းအတွက် ကုန်ကျစရိတ်အပါအဝင် အစားထိုးကုန်ကျစရိတ်များအတွက် ပေးလျော်ရန်လိုအပ်ပါသည်။
၅	လျော်ကြေးနှင့် အခြားပုံပိုးမှုများကို ပြန်လည်နေရာ ချထားရေးလုပ်ငန်းများ မဆောင်ရွက်မီ ပေးအပ်ရမည်။ (JICA၏ လမ်းညွှန်ချက်များ)	လျော်ကြေးငွေကို မပေးရသေး၍သော်လည်းကောင်း၊ မြေကို လက်ရောက်ရယူခြင်းမပြုမီ သော်လည်းကောင်း လျော်ကြေးကို အတိုးနှုန်းနှင့် ပေးအပ်ရမည်။	၎င်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထား သည်ကို မတွေ့ရပါ။	ပုံပိုးမှုများကို စနစ်တကျ စီမံခန့်ခွဲနိုင်စေရန်အတွက် (ပြန်လည်နေရာချထားခြင်းမပြုမီ တစ်ကြိမ်တည်းဖြင့် အားလုံးကို ပေးချေမည် မဟုတ်ဘဲ) အကြိမ်အနည်းငယ်ခွဲကာ အရစ်ကျပေးအပ်မည်ဖြစ်ပါသည်။
၆	အိမ်ထောင်စုများစွာအား ပြန်လည် နေရာချထားရန် မဖြစ်မနေလိုအပ်သည့် စီမံကိန်းများအတွက် ပြန်လည် နေရာချထားရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲရမည် ဖြစ်ပြီး အများပြည်သူသို့ အသိပေးချပြရမည်။ (JICA၏ လမ်းညွှန်ချက်များ)	ဥပဒေပြဋ္ဌာန်းချက်မရှိပါ။	၎င်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထား သည့် စည်းမျဉ်းစည်းကမ်းများ မရှိပါ။	ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ကာ ရေးဆွဲထားခြင်းဖြစ်ပြီး အများပြည်သူသို့ အသိပေးသွားမည်ဖြစ်ပါသည်။
၇	ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ရရှိနိုင်သည့်သတင်း	ဥပဒေပြဋ္ဌာန်းချက်မရှိပါ။	စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ရန် ပြဋ္ဌာန်းထား	စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်

စဉ်	JICA၏ လမ်းညွှန်ချက်များ	မြန်မာနိုင်ငံရှိ ဥပဒေများ	မြန်မာနိုင်ငံရှိဥပဒေများနှင့် JICA၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များ	ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ
	အချက်အလက်များကို ပြည့်ပြည့်စုံစုံ ကြိုတင်ပေးအပ်ကာ စီမံကိန်းကြောင့် ပြောင်း ရွှေ့ရမည့်အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ရပါမည်။(JICA၏ လမ်းညွှန်ချက်များ)		သည့် စည်းမျဉ်းစည်းကမ်းဟူ၍ မရှိပါ။	ခြင်းကို အချိန်နှင့်တပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၈	ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်သည့်အခါ ထိခိုက်နစ်နာသူများ နားလည်နိုင်သောပုံစံ၊ အပြုအမူနှင့် ဘာသာစကားကိုအသုံးပြုကာ ရှင်းလင်းရမည်။ (JICA၏ လမ်းညွှန်ချက်များ)	ဥပဒေပြဋ္ဌာန်းချက်မရှိပါ။	စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ရန် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းဟူ၍ မရှိပါ။	စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်သည့်အခါ အလွယ်တကူနားလည်နိုင်သည့်နည်းလမ်းများကို အသုံးပြုကာ ရှင်းလင်းပြောပြသွားမည်ဖြစ်ပါသည်။
၉	ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းတို့တွင်စီမံကိန်းကြောင့်ပြောင်း ရွှေ့ရမည့်အိမ်ထောင်စုများ၏ သင့်တော်သည့် ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးရမည်။ (JICA၏ လမ်းညွှန်ချက်များ)	ဥပဒေပြဋ္ဌာန်းချက်မရှိပါ။	၎င်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားခြင်းမရှိပါ။	ညှိနှိုင်းဆွေးနွေးပွဲများကို အချိန်နှင့်တပြေးညီ ကျင်းပကာ စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ သေချာစွာ ပူးပေါင်းပါဝင်စေမည်ဖြစ်ပါသည်။
၁၀	စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ၎င်းတို့၏ မိသားစုများအတွက် သင့်မြတ်ကောင်းမွန်သော ထိခိုက်နစ်နာမှုများအား သက်သာစေမည့် အစီအမံများကို ရေးဆွဲထားရှိရမည်။(JICA၏ လမ်းညွှန်ချက်များ)	၁) လျော်ကြေး ငွေနှင့်စပ်လျဉ်း၍ ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများထံပေးပို့သည့် နို့တစ်စာ-လျော်ကြေးပေးအပ်သည့်နေ့မှ သီတင်းပတ်(၆)ပတ်အတွင်း တရားရုံးသို့ အယူခံလျှောက်ထားရန် ၂) လျော်ကြေးငွေနှင့်စပ်လျဉ်း၍ ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ၏ ကိုယ်စားလှယ်များထံသို့ ပေးပို့သည့်နို့တစ်စာ- က) လျော်ကြေးလက်ခံရရှိသည့်နေ့မှ သီတင်းပတ်(၆)ပတ်အတွင်း သို့မဟုတ် ခ) ဆုံးဖြတ်သည့်နေ့မှ (၆)လအတွင်း၊ ၎င်းကာလနှစ်ရပ်မှ ပထမကုန်ဆုံးသည့် ကာလ တစ်ခုခုတွင် လျှောက်ထားရမည်။ (မြေသိမ်းအက်ဥပဒေ (၁၈၉၄)၊ ပုဒ်မ (၁၈))	မြန်မာနိုင်ငံတွင် ထိခိုက်နစ်နာမှုများကို သက်သာစေမည့် လုပ်ထုံးလုပ်နည်းမှာ နစ်နာမှုရှိသည့်အိမ်ထောင်စုများမှ အလွယ်တကူဆောင်ရွက်နိုင်ခြင်း မရှိသည့် တရားရုံးမှတိုက်ရိုက် ဖြေရှင်းခြင်းဖြစ်ပါသည်။	စီမံကိန်းအနေဖြင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများအတွက် အဆင်ပြေစေရန်အတွက် တည်ရှိပြီးအုပ်ချုပ်ရေးစနစ်ကို အသုံးပြုကာ ထိခိုက်နစ်နာမှုများကို သက်သာစေမည့် အစီအစဉ်များကို ဆောင်ရွက်ထားပါသည်။

စဉ်	JICA၏ လမ်းညွှန်ချက်များ	မြန်မာနိုင်ငံရှိ ဥပဒေများ	မြန်မာနိုင်ငံရှိဥပဒေများနှင့် JICA၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များ	ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ
၁၁	ကနဦးအခြေခံစစ်တမ်း (အကျိုးဝင်သည့်နောက်ဆုံးရက်စွဲ၊ ပိုင်ဆိုင်မှုစာရင်းနှင့် လူမှုစီပွားရေးစာရင်းများပါဝင်သော လူဦးရေစာရင်းကောက်ယူခြင်း)မှတဆင့် အကျိုးဝင်သူများကို ဖော်ထုတ်နိုင်ရန်အတွက် စစ်တမ်းကို စောနိုင်သမျှစောစွာကောက်ယူရမည်ဖြစ်ပြီး အကျိုးစီးပွားအလို့ငှာ ကျူးကျော်ဝင်ရောက်လာသူများကို ကာကွယ်နိုင်ရန်အတွက် ယင်းစစ်တမ်းကို စီမံကိန်းရေးဆွဲသည့်အဆင့်တွင် ကောက်ယူသင့်ပါသည်။ (ကမ္ဘာ့ဘဏ် OP၄.၁၂ အပိုဒ် ၆)	အများပြည်သူအကျိုးငှာမြေသိမ်းယူခြင်းဖြစ်ကြောင်း အစိုးရက အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်ဖြစ်ပြီး သက်ဆိုင်ရာရုံးတွင် အများသိစေရန် ကြော်ငြာထားရမည်။ (မြေသိမ်းအက်ဥပဒေ (၁၈၉၄)၊ ပုဒ်မ (၄))	၎င်းနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါ။	ကနဦးရေးဆွဲသတ်မှတ်ထားသည့် နယ်နိမိတ်အတွင်း လူဦးရေစစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၃ခုနှစ် ဧပြီလတွင် ကောက်ယူခဲ့ပြီး စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စု အရေအတွက်နှင့် ၎င်းတို့၏ လူမှုစီးပွားရေး အခြေအနေများကို ဖော်ထုတ်နိုင်ရန်အတွက် အတည်ပြုပြီး ပထမအဆင့်စီမံကိန်း ဧရိယာအတွင်း ဖြည့်စွက်စစ်တမ်း ကောက်ယူခြင်းကို ၂၀၁၄ခုနှစ် မေလမှ ၂၀၁၅ခုနှစ် အောက်တိုဘာလအထိ ဆောင်ရွက်ခဲ့ပါသည်။
၁၂	အကျိုးခံစားခွင့်နှင့် အကျိုးဝင်သူများတွင် တရားဝင်မြေအသုံးချခွင့်ရရှိသည့် ထိခိုက်နစ်နာသူများ (ဥပဒေ အရအသိအမှတ်ပြုသည့် ရိုးရာအစဉ်အဆက် မြေအသုံးချခွင့်ရှိသူများအပါအဝင်)၊ လူဦးရေစစ်တမ်း ကောက်ယူစဉ်က တရားဝင် မြေအသုံးချခွင့်မရှိသော်လည်း ယင်းမြေအားအသုံး ချခွင့်ပြုရန် တောင်းဆိုထားသည့် ထိခိုက်နစ်နာသူများနှင့် ၎င်းတို့လုပ်ကိုင်နေသည့် မြေအား တရားဥပဒေအရ တရားဝင်ကြောင်းအသိအမှတ်မပြုနိုင်သော ပြောင်းရွှေ့ရမည့်သူများပါဝင်သည်။ (ကမ္ဘာ့ဘဏ် OP၄.၂၃၊ အပိုဒ် ၁၅)	သိမ်းယူရန်ရည်ရွယ်ထားသည့် မြေနှင့်သက်ဆိုင်သည့် အကျိုးစီးပွားများအတွက် လျော်ကြေးငွေများတောင်းဆိုနိုင်ကြောင်း ဖော်ပြ၍ ၎င်းမြေပေါ်တွင်ဖြစ်စေ ၎င်းမြေ၏အနီးအနားတွင်ဖြစ်စေ၊ အများသိစေရန် ကြော်ငြာထားရမည်။ (မြေသိမ်းအက်ဥပဒေ (၁၈၉၄ခုနှစ်)၊ ပုဒ်မ(၉))	အိမ်ထောင်စုများအား အကျိုးဝင်/မဝင်သတ်မှတ်သည့် လုပ်ငန်းစဉ်များကို အသေးစိတ်သတ်မှတ်ထားခြင်းမရှိပါ။ ပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုများအတွက်လည်း သီးခြားပြဋ္ဌာန်းထားခြင်းမရှိပါ။	စီမံကိန်းကြောင့် ဝင်ငွေလမ်းကြောင်းများသို့မဟုတ် ပိုင်ဆိုင်မှုများအပေါ် သက်ရောက်မှုရှိသည့်အိမ်ထောင်စုများအတွက် ပံ့ပိုးမှုများပေးအပ်နိုင်ရန်အတွက် စီမံကိန်းအနေဖြင့် အကျိုးဝင်/မဝင်ကို စစ်ဆေးဖော်ထုတ်ခဲ့ပါသည်။
၁၃	မြေယာကိုအသုံးပြုကာ အသက်မွေးဝမ်းကြောင်းလျှော်ရှိကြသည့် ပြန်လည်နေရာချထားမည့်သူများအတွက် အလားတူအတိုင်းမြေယာအခြေခံ ပြန်လည်နေရာချထားရေးကို ရွေးချယ်ခွင့်	ဥပဒေပြဋ္ဌာန်းချက်မရှိပါ။	၎င်းနှင့်စပ်လျဉ်း၍ နည်းဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါ။	ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများနှင့် တိုင်ပင်ဆွေးနွေးကာ ၎င်းတို့အတွက် သင့်လျော်သည့် အစီအမံများဖြင့် ပံ့ပိုးသွားမည်ဖြစ်ပါသည်။

စဉ်	JICA၏ လမ်းညွှန်ချက်များ	မြန်မာနိုင်ငံရှိ ဥပဒေများ	မြန်မာနိုင်ငံရှိဥပဒေများနှင့် JICA၏ လမ်းညွှန်ချက်များအကြား နှိုင်းယှဉ်ချက်များ	ဖြည့်စွက်ဆောင်ရွက်သင့်သည့် အစီအမံများ
	ပေးရမည်။ (ကမ္ဘာ့ဘဏ် OP၄.၁၂၊ အပိုဒ် ၁၁)			
၁၄	အကူးအပြောင်းကာလ (ပြန်လည်နေရာချထားသည့်အချိန်နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်မတည်ငြိမ်မီအချိန်စပ်ကြား)အတွက် ပံ့ပိုးမှုများ ပေးအပ်ရမည်။ (ကမ္ဘာ့ဘဏ် OP၄.၁၂၊ အပိုဒ် ၆)	ဥပဒေပြဋ္ဌာန်းချက်မရှိပါ။	၎င်းနှင့်စပ်လျဉ်း၍ နည်းဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါ။	အကူးအပြောင်းကာလအတွက် လုံလောက် သည့် ပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်ပါသည်။
၁၅	ပြန်လည်နေရာချထားမည့် ပုဂ္ဂိုလ်များအတွင်း မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်မှ ပုဂ္ဂိုလ်များ၊ မြေယာမရှိသူများ၊ အသက်အရွယ်ကြီးရင့်သူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ လူနည်းစုများ စသည်တို့အပေါ်တွင် အထူးအလေးဂရုပြုရမည်။ (ကမ္ဘာ့ဘဏ် OP၄.၁၂၊ အပိုဒ် ၈)	ဥပဒေပြဋ္ဌာန်းချက်မရှိပါ။	၎င်းနှင့်စပ်လျဉ်း၍ နည်းဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါ။	၎င်းတို့အတွက် အပိုဆောင်းပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်ပါသည်။
၁၆	မြေသိမ်းယူရန်၊ လူဦးရေ(၂၀၀)နှင့်၎င်းထက်နည်းသောလူဦးရေအား မဖြစ်မနေပြန်လည်နေရာချရန်လိုအပ်သော စီမံကိန်းများအတွက် ပြန်လည်နေရာချထားရေးစီမံချက် အကျဉ်းချုပ်ကို ရေးဆွဲရမည်။ (ကမ္ဘာ့ဘဏ် OP၄.၁၂၊ အပိုဒ် ၂၅)	ဥပဒေပြဋ္ဌာန်းချက်မရှိပါ။	ပြန်လည်နေရာချထားရေးစီမံချက်ရေးဆွဲရန်နှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါ။	စီမံကိန်းကြောင့် လူဦးရေ(၂၀၀)ဦးနှင့်အထက်အားပြောင်းရွှေ့နေရာချထားရမည်ဖြစ်သည့်အတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲထားပါသည်။

အခန်း(၅) စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအတွက် ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်

၅.၁ ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်နှင့် အကျုံးဝင်မှု

အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ (Cut-off date)ဆိုသည်မှာ ကရုဏာကြေးပံ့ပိုးမှုများနှင့် အကျုံးဝင်/မဝင်သတ်မှတ်သည့်ရက်ဖြစ်ပါသည်။ ယင်းရက်စွဲတွင် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာအတွင်း အမှန်တကယ်နေထိုင်သူ သို့မဟုတ် ဝင်ငွေရလုပ်ငန်းတစ်ခုခု လုပ်ကိုင်သူ ပုဂ္ဂိုလ် (သို့မဟုတ် အိမ်ထောင်စု)များသည် ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်[၅]နှင့် အကျုံးဝင်ပါသည်။

၎င်းအခြေအနေများကို အခြေခံကာ ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်များအကျုံးဝင်သည့် အခြေခံစည်းမျဉ်းများကို အောက်ပါအတိုင်း ရေးဆွဲခဲ့ပါသည်။

(၁) အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ၌ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်း နေထိုင်လျှက်ရှိကြသည့် အိမ်ထောင်စုများ

(၂) အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ၌ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာပြင်ပတွင်နေထိုင်သော်လည်း ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်း ဝင်ငွေရလုပ်ငန်းလုပ်ကိုင်လျှက်ရှိကြသော သို့မဟုတ် အဆောက်အဦးတစ်ခုခုပိုင်ဆိုင်သော အိမ်ထောင်စုများ

(၃) တရားဝင်မြေသိမ်းယူရေး ဆောင်ရွက်လျှက်ရှိသည့်ဧရိယာမှ မြေပိုင်ဆိုင်သူ အိမ်ထောင်စုများ

ယခုအချိန်အထိ တရားဝင်ကြေညာခဲ့သည့် နို့တစ်စာသုံးစောင်မှာ ၁) ၂၀၁၂ခုနှစ် ဩဂုတ်လတွင် စီမံကိန်းဧရိယာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကို တားမြစ်ခြင်း၊ ၂) ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် ဆည်မြောင်းရေပေးဝေမှုကိုရပ်ဆိုင်းခြင်း/နွေစပါးစိုက်ပျိုးခြင်းကိုတားမြစ်ခြင်းနှင့် ၃) ၂၀၁၃ခုနှစ် ဇန္နဝါရီလတွင် စီမံကိန်းဧရိယာမှ ပြောင်း ရွှေ့ရန်နို့တစ်စာထုတ်ခြင်းတို့ဖြစ်ပါသည်။ ယင်းနို့တစ်စာများကြောင့် အချို့အိမ်ထောင်စုများမှာ စီမံကိန်းဧရိယာမှ ပြောင်းရွှေ့သွားကြပြီး အချို့အိမ်ထောင်စုများ ကျန်ရစ်နေကာ စီမံကိန်းဧရိယာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျှက်ရှိကြပါသည်။ ၂၀၁၃ခုနှစ် ဧပြီလ (၄)ရက်နေ့ကိုသာ အကျုံးဝင်သည့်နောက်ဆုံးရက်စွဲအဖြစ် သတ်မှတ်ပါက စီမံကိန်းဧရိယာအတွင်း ကျန်ရစ်နေသူများသာ ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်များနှင့် အကျုံးဝင်မည်ဖြစ်ပြီး ယင်းရက်စွဲမတိုင်မီ စီမံကိန်းဧရိယာမှ ပြောင်းရွှေ့သွားကြသူများမှာ ယင်းရက်စွဲ၏သဘောသဘာဝနှင့် ကိုက်ညီမှုမရှိသောကြောင့် ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်များနှင့် အကျုံးဝင်မည်မဟုတ်ပါ။ သို့သော် မျှမျှတတဖြစ်စေရန်အတွက် အကျုံးဝင်သည့်နောက်ဆုံးရက်စွဲတွင် စီမံကိန်းဧရိယာအတွင်းနေထိုင်နေကြသည့် အိမ်ထောင်စုများနည်းတူ တရားဝင်ထုတ်ပြန်ခဲ့သည့်နို့တစ်စာသုံးခုကြောင့် စီမံကိန်းဧရိယာအတွင်းမှ ပြောင်းရွှေ့သွားကြသူများကိုလည်း ပံ့ပိုးမှုများပေးအပ်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထည့်သွင်းစဉ်းစားခဲ့ပါသည်။

---

[၅] OP ၄.၁၂အရ စီမံကိန်းဧရိယာအပြင်ဘက်တွင်နေထိုင်သော်လည်း စီမံကိန်းဧရိယာအတွင်း ဝင်ငွေရလုပ်ငန်းတစ်ခုခုလုပ်ကိုင်လျှက်ရှိကြသော ပုဂ္ဂိုလ်/အိမ်ထောင်စုများမှာလည်း ကရုဏာကြေးပံ့ပိုးမှုများနှင့် အကျုံးဝင်ပါသည်။

ကမ္ဘာ့ဘဏ်၏ ဘေးအန္တရာယ်ကာကွယ်ရေးမူဝါဒများ (OP ၄.၁၂)အရ လူဦးရေစာရင်းကောက်ယူသည့် ပထမဆုံးရက်ကို အကျုံးဝင်သည့်နောက်ဆုံးရက်စွဲအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ယင်းသဘောထားကိုအခြေခံကာ ဧပြီစစ်တမ်းကောက်ယူသည့် ပထမဆုံးနေ့ဖြစ်သည့် ၂၀၁၃ခုနှစ် ဧပြီလ(၄)ရက်နေ့ကို ဤစီမံကိန်းဧရိယာတစ်ခုလုံးအတွက် (ဟက်တာ ၂၄၀၀ခန့်) အကျုံးဝင်သည့် နောက်ဆုံးရက်စွဲအဖြစ် ကြေညာခဲ့ပါသည်။ ယင်းအကျုံးဝင်သည့်နောက်ဆုံးရက်စွဲကိုလည်း အများပြည်သူကြည့်ရှုနိုင်သည့်နေရာများရှိ ကြေညာသင်ပုန်းများ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မှ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါသည်။ စီမံကိန်းဧရိယာအတွင်းသို့ နောက်ထပ်လူသစ်များ ထပ်မံဝင်ရောက် အခြေချနေထိုင်ခြင်းများကို ကာကွယ်တားဆီးနိုင်ရန်နှင့် အကျုံးဝင်သည့်နောက်ဆုံးရက်စွဲနောက်ပိုင်းမှ ဝင်ရောက်လာသူများသည် ပြန်လည်နေရာချထားခြင်းဆိုင်ရာ ကရုဏာကြေးပုံပိုမှုများနှင့် အကျုံးမဝင်ဆိုသည်ကို သိရှိနိုင်ရန်အတွက် ရေးဆွဲထားသည့် စီမံကိန်းဧရိယာကို အများပြည်သူသို့ အသိပေးပြသခဲ့ပါသည်။ ထို့ကြောင့် အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ နောက်ပိုင်းမှ ဝင်ရောက်နေထိုင်ကြသူများမှာ ပုံပိုးမှုများနှင့် အကျုံးဝင်မည်မဟုတ်ပေ။ သို့ရာတွင် အိမ်ထောင်စု/လူအများအပြားမှာ ၎င်းအကျုံးဝင်သည့်နောက်ဆုံးရက်စွဲနောက်ပိုင်းတွင် ဝင်ရောက်နေထိုင်ကြပြီး အချို့အိမ်ထောင်စုများမှာ အကျုံးဝင်သည့်အိမ်ထောင်စုများနှင့် အလွယ်တကူမခွဲခြားနိုင်ပေ။ ထို့အပြင် ဧပြီလစစ်တမ်းကောက်ယူရာတွင် ပါဝင်ခဲ့သည် အိမ်ထောင်စုများ/ပုဂ္ဂိုလ်များမှာလည်း အဆောက်အဦးသစ်များ ဆောက်လုပ်ခြင်းနှင့် လယ်မြေများကို အခြားမိသားစုဝင်များသို့ ခွဲဝေပေးခြင်းစသည်တို့ ဆောင်ရွက်ကြပါသည်။ ထိုကဲ့သို့သောအခြေအနေများကြောင့် ၁) ဒေသခံများ၏ သဘောထားအမြင်များကို သိရှိနိုင်ရန်အတွက် အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှရရှိသည့်ရလဒ်များကိုအခြေခံပြုစုကာ အကျုံးဝင်သည်ဟုယူဆရသည့် အိမ်ထောင်စုစာရင်းကို ထုတ်ပြန်ကြေညာခြင်းနှင့် ၂) သက်ဆိုင်ရာအိမ်ထောင်စုများ၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာကျေးရွာရှိလူမှုရေးအသင်းအဖွဲ့များ ပါဝင်သည့် အစည်းအဝေးပွဲများစွာကို ၂၀၁၅ခုနှစ် မတ်လမှ စက်တင်ဘာလအထိ ကျင်းပပြုလုပ်ပြီး အကျုံးဝင်/မဝင်အတည်ပြုခဲ့ပါသည်။

ရလဒ်အနေဖြင့် ဇယား(၃-၁)တွင် ဖော်ပြထားသည့်အတိုင်း အကျုံးဝင်သည့်အိမ်ထောင်စု/ပုဂ္ဂိုလ်များကို အတည်ပြုခဲ့ပါသည်။ အကျုံးဝင်သည့်အိမ်ထောင်စု/ပုဂ္ဂိုလ်တစ်ဦးချင်းစီကိုလည်း တရားဝင်စာဖြင့် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၅.၂ ကရုဏာကြေးပုံပိုးမည့်အစီအစဉ်၏ မူဘောင်

၅.၂.၁ ကရုဏာကြေးပုံပိုးမည့်အစီအစဉ်၏ အလုံးစုံမူဘောင်

ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာပြန်လည်နေရာချထားခြင်းကြောင့် အိမ်ထောင်စုများ၏ ဘဝအခြေအနေအလှည့်အပြောင်းများ အတိုင်းအတာတစ်ခုအထိ ကြုံတွေ့ဖြစ်ပေါ်နိုင်ပြီး ထိုအပြောင်းအလဲများမှာ အနည်းဆုံး ၎င်းတို့၏ မပြောင်းလွှဲမီမူလအခြေအနေအထိ ပြန်လည်ကောင်းမွန်ရမည်ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် ပုံပိုးမှုများပေးအပ်ရာတွင် ၁) ဆုံးရှုံးနစ်နာမှု၊ ဝင်ငွေလမ်းကြောင်း/အသက်မွေးဝမ်းကြောင်းဆုံးရှုံးမှုနှင့် ပြန်လည်နေရာချထားမှုတို့အတွက် ပုံပိုးခြင်း၊ ၂) မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများအတွက် ပုံပိုးခြင်းနှင့် ၃) အထူးအစီအစဉ်

(အကျုံးဝင်သည့်အိမ်ထောင်စုများအတွက် ပြန်လည်နေရာချထားမည့်နေရာနှင့် မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များစီစဉ်ထားရှိခြင်း)တို့ ပါဝင်ပါသည်။



*အကျုံးဝင်သည့်အိမ်ထောင်စုများ/ပုဂ္ဂိုလ်များအတွက်အထူးအစီအစဉ်များပံ့ပိုးခြင်း

ပုံ(၅-၁) ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်၏ အလုံးစုံမူဘောင်

၅.၂.၂ ကရုဏာကြေးပံ့ပိုးမည့်စည်းမျဉ်းစည်းကမ်းများနှင့် အထူးအစီအစဉ်

ကရုဏာကြေးပံ့ပိုးမည့်စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ကို ဇယား(၅-၁) (ဧရိယာ-၁၊ ဧရိယာ-၃မှ ၆အထိ)နှင့် ဇယား(၅-၂) (ဧရိယာ-၂အတွက်)တို့တွင် အသီးသီးဖော်ပြထားပါသည်။

ဇယား(၅-၁) ဧရိယာ(၁)၊ ဧရိယာ(၃)မှ ဧရိယာ(၆)တို့အတွက် ပံ့ပိုးရာတွင်ပါဝင်မည့်အကြောင်းအရာများနှင့် စည်းမျဉ်းစည်းကမ်းများ

	အုပ်စု	ပံ့ပိုးမှုများ
၁	**နစ်နာမှုများ**	
၁.၁	**မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများ**	
၁)	လူနေအဆောက်အဦး	ပြန်လည်နေရာချထားမည့်နေရာ[၆]၌ အစားထိုးနေရာချထားပေးခြင်း သို့မဟုတ် နေအိမ်ဆောက်လုပ်ရန် ငွေကြေးပံ့ပိုးခြင်း
၂)	လယ်တဲ (အောက်တွင်ဖော်ပြထားသည့်အတိုင်း)	လက်ရှိဈေးကွက်ပေါက်ဈေး၏ (၂)ဆအား လျော်ကြေးအနေဖြင့် ပေးအပ်ခြင်း
၃)	အခြားအဆောက်အဦးများ (မီးဖိုချောင် သို့မဟုတ် အိမ်သာ)	ပြန်လည်နေရာချထားပေးမည့်နေရာ၌ ပြန်လည်တည်ဆောက်ပေးခြင်း သို့မဟုတ် လက်ရှိဈေးကွက်ပေါက်ဈေး၏ (၂)ဆအား လျော်ကြေးအနေဖြင့် ပေးအပ်ခြင်း
၄)	စိုက်ပျိုးထားသည့် သီးနှံ/သစ်ပင်များ	ဝင်ငွေဆုံးရှုံးမှု၏တစ်စိတ်တစ်ဒေသအဖြစ် ပံ့ပိုးခြင်း
၁.၂	**ရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများ**	

[၆] ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်းရှိ လူနေအဆောက်အဦး၏ကြမ်းခင်းဧရိယာမှာ ပြန်လည်နေရာချထားသည့်နေရာရှိ လူနေအဆောက်အဦး၏ကြမ်းခင်းဧရိယာထက် ပိုများနေပါက ယင်းပိုနေသည့် ကြမ်းခင်းဧရိယာအတွက် ငွေကြေးပံ့ပိုးပေးမည်ဖြစ်ပါသည်။

	အုပ်စု	ပံ့ပိုးမှုများ
၁)	မွေးမြူရေး (ကျွဲ/နွားများသာ)	တိရစ္ဆာန်တစ်ကောင်ချင်းအလိုက် ပံ့ပိုးခြင်း
၂)	စိုက်ပျိုးရေးသုံးစက်ကိရိယာများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများ	ပြန်လည်နေရာချထားပေးပြီးနောက် ဆက်လက်အသုံးပြုနိုင်ခြင်းမရှိပါက လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း လျော်ကြေးပေးအပ်ခြင်း
၂	**ဝင်ငွေလမ်းကြောင်းဆုံးရှုံးမှုများ (အဓိကဝင်ငွေဖြစ်စေ၊ ဒုတိယဝင်ငွေဖြစ်စေ)**	
၂.၁	**မြေယာအသုံးပြုမှုမှ ရရှိသည့်ဝင်ငွေ**	
၁)	စပါးစိုက်တောင်သူ(မိုးစပါး/နွေစပါး)	လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း စုစုပေါင်းထွက်ကုန်၏ (၆) နှစ်စာအတွက် ငွေသားပံ့ပိုးခြင်း
၂)	ဟင်းသီးဟင်းရွက်/သီးပင်စားပင် စိုက်ပျိုးသူ	လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း စုစုပေါင်းထွက်ကုန်၏ (၄) နှစ်စာအတွက် ငွေသားပံ့ပိုးခြင်း
၃)	မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ (နို့စားနွား/ကျွဲ)	နို့စားနွား/ကျွဲမှ ရရှိသည့်ဝင်ငွေ (၃)နှစ်စာအတွက် ငွေသားပံ့ပိုးခြင်း
၄)	ငါး/ပုစွန်မွေးမြူသူ	ငါး/ပုစွန်မွေးမြူခြင်းမှရရှိသည့်ဝင်ငွေ (၃)နှစ်စာအတွက် ငွေသားပံ့ပိုးခြင်း
၂.၂	**မြေယာအသုံးပြုမှုနှင့် မသက်ဆိုင်သည့် ဝင်ငွေ**	
၁)	ပြောင်းရွှေ့ပြီးနောက် ဆက်လက်လုပ်ကိုင်နိုင်သည့် လခစား၊ နေ့စား၊ ကိုယ်ပိုင် လုပ်ငန်း(လက်သမား၊ အဝှားယာဉ်မောင်း)	ပြောင်းရွှေ့ရခြင်းကြောင့် အလုပ်ပျက်သည့်ကာလအတွက် ငွေသားပံ့ပိုးခြင်း
၂)	ကိုယ်ပိုင်လုပ်ငန်း (ဥပမာ-ဈေးဆိုင်ပိုင်ရှင်)၊ လခစားလုပ်သား၊ နေ့စားလုပ်သား	စီးပွားရေးလုပ်ငန်းမှရရှိသည့်ဝင်ငွေ၏ (၃)နှစ်စာနှင့်ညီမျှသည့် ငွေသား ပံ့ပိုးခြင်း
၃	**ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍**	
၃.၁)	ရွှေ့ပြောင်းစရိတ်	ရွှေ့ပြောင်းစရိတ်အတွက် ငွေသားပံ့ပိုးခြင်း
၃.၂)	သွား/လာစရိတ်	အလုပ်သမားနှင့် ကျောင်းသားအရေအတွက်အလိုက် သွား/လာစရိတ် ငွေသားပံ့ပိုးခြင်း
၃.၃)	ပူးပေါင်းပါဝင်မှုအတွက် ပံ့ပိုခြင်း	အချိန်မီရွှေ့ပြောင်းနိုင်ရေး ပူးပေါင်းပါဝင်ခြင်းအတွက် ငွေသားပံ့ပိုးခြင်း
၄	**မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအိမ်ထောင်စုများ**	
	မသန်စွမ်းနှင့် သက်ကြီးရွယ်အို အိမ်ထောင်စုများ (ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၊ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ၊ မသန်စွမ်း သို့မဟုတ် သက်ကြီးရွယ်အိုရှိသည့် အိမ်ထောင်စုများ)	တစ်ဦးလျှင် ဆန်တစ်တင်းခွဲအိတ် တစ်အိတ်(ကီလို ၅၀)၏ တန်ဘိုးနှင့်ညီမျှသည့်ပမာဏကို အောက်ပါပုဂ္ဂိုလ်များအတွက် ပံ့ပိုးပေးမည်။ - အိမ်ထောင်စုတစ်စုရှိ မသန်စွမ်းသူနှင့် ၎င်းအားကူညီနေရသူ တစ်ဦး၊ ပေါင်း(၂)ဦး - အိမ်ထောင်စုတစ်စုရှိ သက်ကြီးရွယ်အိုနှင့် ၎င်းအားကူညီနေ

	အုပ်စု	ပံ့ပိုးမှုများ
		ရသူ တစ်ဦး၊ ပေါင်း(၂)ဦး - အမျိုးသမီးဦးစီးသည့်အိမ်ထောင်တစ်စုရှိ (အရွယ်ရောက်ပြီးဖြစ်သော်လည်း)အလုပ်အကိုင်မရှိသူများ - ၂၀၁၀ခုနှစ်တွင် သတ်မှတ်ထားသည့် ဆင်းရဲနွမ်းပါးမှုမျဉ်း (Poverty Line)အောက်ရှိ အိမ်ထောင်စုများမှ အလုပ်အကိုင်မရှိသူများ
၅	**အထူးအစီအစဉ် (ၾကင်းအစီအစဉ်နှင့်အကျုံးဝင်သည့် အိမ်ထောင်စုများအတွက်သာ)**	
၁)	ပြန်လည်နေရာချထားမည့်နေရာ စီစဉ်ထားရှိခြင်း	လိုအပ်သည့် အခြေခံအဆောက်အဦများပါဝင်သည့် ပြန်လည်နေရာချထားမည့်နေရာ၌ မြေကွက်ပံ့ပိုးခြင်း
၂)	မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်(IRP)	စိတ်ပါဝင်စားသည့် အိမ်ထောင်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပိုမိုရရှိစေရန် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ ပံ့ပိုးခြင်း

မှတ်ချက်- ပူးပေါင်းပါဝင်မှုအတွက် ခံစားခွင့်ကို အကျုံးဝင်သည့်နောက်ဆုံးရက်စွဲအတွင်း တဲတန်းလျားများတွင်နေထိုင်ကြသည့် ဆောက်လုပ်ရေးလုပ်သားများအတွက်သာ ပံ့ပိုးပေးမည်ဖြစ်ပြီး အဆောက်အဦးပိုင်ရှင်အား ယင်းအဆောက်အဦးအတွက် ပံ့ပိုးပေးမည်မဟုတ်ပါ။

ဇယား(၅-၂) ဧရိယာ(၂) အတွက် ပံ့ပိုးရာတွင်ပါဝင်မည့်အကြောင်းအရာများနှင့် စည်းမျဉ်းစည်းကမ်းများ

	အုပ်စု	ပံ့ပိုးမှုများ
၁	**နစ်နာမှုများ**	
၁.၁	**မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများ**	
၁)	မြေ(လယ်၊ ဥယျာဉ်ခြံ)	အစားထိုးနေရာချထားမည့်ကုန်ကျစရိတ်အားလုံးအတွက် လျော်ကြေးပေးအပ်ခြင်း
၂-၁)	မိမိပိုင် ဥယျာဉ်ခြံအတွင်းရှိ လူနေအဆောက်အဦး	အစားထိုးနေရာချထားမည့်ကုန်ကျစရိတ်အားလုံးအတွက် လျော်ကြေးပေးအပ်ခြင်း
၂-၂)	အခြားဧရိယာ(စားကျက်မြေ၊ အခြားသူတစ်ဦးဦးပိုင်ဆိုင်သည့်မြေ)ရှိ လူနေအဆောက်အဦး	ပြန်လည်နေရာချထားမည့်နေရာ၌ အစားထိုးတည်ဆောက်ပေးခြင်း သို့မဟုတ် လျော်ကြေးပေးအပ်ခြင်း
၃)	လယ်တဲ/တဲ (အောက်တွင်ဖော်ပြထားသည့်အတိုင်း)	လက်ရှိဈေးကွက်ပေါက်ဈေး၏ (၂)ဆအား လျော်ကြေးအနေဖြင့် ပေးအပ်ခြင်း
၄)	အခြားအဆောက်အဦးများ (မီးဖိုချောင်၊ အိမ်သာ)	လက်ရှိဈေးကွက်ပေါက်ဈေး၏ (၂)ဆအား လျော်ကြေးအနေဖြင့် ပေးအပ်ခြင်း(၂-၁)မှ ပိုင်ဆိုင်သည့် အဆောက်အဦးများအတွက်) သို့မဟုတ် ပြန်လည်နေရာချထားမည့်နေရာ၌ အစားထိုးတည်ဆောက်ပေးခြင်း (၂-၂)မှ ပိုင်ဆိုင်သည့် အဆောက်အဦးများအတွက်)
၅)	စိုက်ပျိုးထားသည့် သီးနှံ/သစ်ပင်များ	ဝင်ငွေဆုံးရှုံးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ပံ့ပိုးခြင်း
၁.၂	**ရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများ**	
၁)	မွေးမြူရေး	တိရစ္ဆာန်တစ်ကောင်ချင်းအလိုက် ပံ့ပိုးခြင်း

	အုပ်စု	**ပံ့ပိုးမှုများ**
	(ကျွဲ/နွားများသာ)	
၂)	စိုက်ပျိုးရေးသုံးစက်ကိရိယာများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများ	ပြန်လည်နေရာချထားပေးပြီးနောက် ဆက်လက်အသုံးပြုနိုင်ခြင်း မရှိပါက လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း လျော်ကြေးပေးအပ်ခြင်း
၂	**ဝင်ငွေလမ်းကြောင်းဆုံးရှုံးမှုများ (အဓိကဝင်ငွေဖြစ်စေ၊ ဒုတိယဝင်ငွေဖြစ်စေ)**	
၂.၁	မြေယာအသုံးပြုမှုမှ ရရှိသည့်ဝင်ငွေ	
၁)	စပါးစိုက်တောင်သူ	လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း စုစုပေါင်းထွက်ကုန်၏ (၃) နှစ်စာအတွက် ငွေသားပံ့ပိုးခြင်း
၂)	ဟင်းသီးဟင်းရွက်/သီးပင်စားပင် စိုက်ပျိုးသူ	လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း စုစုပေါင်းထွက်ကုန်၏ (၃) နှစ်စာအတွက် ငွေသားပံ့ပိုးခြင်း
၃)	မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ (နို့စားနွား/ကျွဲ)	နို့စားနွား/ကျွဲမှ ရရှိသည့်ဝင်ငွေ (၃)နှစ်စာအတွက် ငွေသားပံ့ပိုးခြင်း
၄)	ငါး/ပုစွန်မွေးမြူသူ	ငါး/ပုစွန်မွေးမြူခြင်းမှရရှိသည့်ဝင်ငွေ (၃)နှစ်စာအတွက် ငွေသားပံ့ပိုးခြင်း
၂.၂	**မြေယာအသုံးပြုမှုနှင့် မသက်ဆိုင်သည့် ဝင်ငွေ**	
၁)	ပြောင်းရွှေ့ပြီးနောက် ဆက်လက်လုပ်ကိုင်နိုင်သည့် လခစား၊ နေ့စား၊ ကိုယ်ပိုင်လုပ်ငန်း(လက်သမား၊ အငှားယာဉ်မောင်း)	ပြောင်းရွှေ့ရခြင်းကြောင့် အလုပ်ပျက်သည့်ကာလအတွက် ငွေသား ပံ့ပိုးခြင်း
၂)	ဟက်တာ(၂၀၀၀)အတွင်းရှိ စီးပွားရေးလုပ်ကိုင်နေကြသူများ	စီးပွားရေးလုပ်ငန်းမှရရှိသည့်ဝင်ငွေ၏ (၃)နှစ်စာနှင့်ညီမျှသည့် ငွေသား ပံ့ပိုးခြင်း
၃	**ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍**	
၃.၁)	ရွှေ့ပြောင်းစရိတ်	ရွှေ့ပြောင်းစရိတ်အတွက် ငွေသားပံ့ပိုးခြင်း
၃.၂)	သွား/လာစရိတ်	အလုပ်သမားနှင့် ကျောင်းသားအရေအတွက်အလိုက် သွား/လာစရိတ် ငွေသားပံ့ပိုးခြင်း
၃.၃)	ပူးပေါင်းပါဝင်မှုအတွက် ပံ့ပိုခြင်း	အချိန်မီရွှေ့ပြောင်းနိုင်ရေး ပူးပေါင်းပါဝင်ခြင်းအတွက် ငွေသားပံ့ပိုးခြင်း
၄	**မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအိမ်ထောင်စုများ**	
	မသန်စွမ်းနှင့် သက်ကြီးရွယ်အို အိမ်ထောင်စုများ (ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၊ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ၊ မသန်စွမ်းသို့မဟုတ် သက်ကြီးရွယ်အိုရှိသည့် အိမ်ထောင်စုများ)	တစ်ဦးလျှင် ဆန်တစ်တင်းခွဲအိတ် တစ်အိတ်(ကီလို ၅၀)၏ တန်ဘိုးနှင့်ညီမျှသည့်ပမာဏကို အောက်ပါပုဂ္ဂိုလ်များအတွက် ပံ့ပိုးပေးမည်။ - အိမ်ထောင်စုတစ်စုရှိ မသန်စွမ်းသူနှင့် ၎င်းအားကူညီနေရသူ တစ်ဦး၊ ပေါင်း(၂)ဦး - အိမ်ထောင်စုတစ်စုရှိ သက်ကြီးရွယ်အိုနှင့် ၎င်းအားကူညီနေရသူတစ်ဦး၊ ပေါင်း(၂) ဦး

	အုပ်စု	ပံ့ပိုးမှုများ
		- အမျိုးသမီးဦးစီးသည့်အိမ်ထောင်တစ်စုရှိ (အရွယ်ရောက်ပြီးဖြစ်သော်လည်း)အလုပ်အကိုင်မရှိသူများ - ၂၀၁၀ခုနှစ်တွင် သတ်မှတ်ထားသည့် ဆင်းရဲနွမ်းပါးမှုမျဉ်း (Poverty Line)အောက်ရှိ အိမ်ထောင်စုများမှ အလုပ်အကိုင်မရှိသူများ
၅	**အထူးအစီအစဉ် (၎င်းအစီအစဉ်နှင့်အကျုံးဝင်သည့် အိမ်ထောင်စုများအတွက်သာ)**	
၁)	ပြန်လည်နေရာချထားမည့်နေရာစီစဉ်ထားရှိခြင်း	လိုအပ်သည့် အခြေခံအဆောက်အဦများပါဝင်သည့် ပြန်လည်နေရာချထားမည့်နေရာ၍ မြေကွက်ပံ့ပိုးခြင်း
၂)	မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်(IRP)	စိတ်ပါဝင်စားသည့် အိမ်ထောင်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပိုမိုရရှိစေရန် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ ပံ့ပိုးခြင်း

အဆောက်အဦးများအား အိမ်နှင့် တဲအဖြစ် အခြေခံအားဖြင့် ခွဲခြားထားပါသည်။ အိမ်ဆိုသည်မှာ တိုင်၊ ထုပ်၊ ယောက်၊ ဆင့်၊ အမိုး၊ ကြမ်းခင်း၊ တံခါးနှင့် မီးဖိုချောင်တို့အပြင် လူဆက်တိုက် နေထိုင်ကြောင်းအတည်ပြုနိုင်သည့် လုံလောက်သည့် အိုး၊ ခွက်၊ ပန်းကန်များရှိသည့် လူနေအဆောက်အဦးတစ်ခုကို ဆိုလိုခြင်းဖြစ်ပြီး တဲဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်စဉ်တွင် နားနေရန်သို့မဟုတ် ကျွဲ/နွားတိရစ္ဆာန်များနှင့် စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာများထားရန်အတွက် အသုံးပြုသည့် အဆောက်အဦးဖြစ်ပြီး မြန်မာအခေါ်အားဖြင့် လယ်စောင့်တဲကို ဆိုလိုခြင်းဖြစ်ပါသည်။ အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခဲ့စဉ်က အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အတည်ပြုချက်များအရ လည်းကောင်း၊ သက်ဆိုင်ရာအိမ်ထောင်စုများနှင့် သက်ဆိုင်ရာကျေးရွာများ၌ အကျုံးဝင်/မဝင် အတည်ပြုဆွေးနွေးချက်များအရလည်းကောင်း ထိုကဲ့သို့ခွဲခြားထားခြင်းဖြစ်ပါသည်။



လူနေအဆောက်အဦး



တဲ(လယ်စောင့်တဲ)

ဓာတ်ပုံ(၅-၁) လူနေအဆောက်အဦးနှင့် တဲနမူနာပုံ

အခန်း(၆) ပြန်လည်နေရာချထားမည့်နေရာ အစီအစဉ်

၆.၁ အကျုံးဝင်သည့် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ

စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအနေဖြင့် အောက်ပါအချက်အလက်များနှင့် ပြည့်စုံပါက ပြန်လည်နေရာချထားပေးမည့်နေရာသို့ အစားထိုးချထားခြင်းနှင့် အကျုံးဝင်မည်ဖြစ်ပါသည်။

(က) ဧရိယာ-၁၊ ဧရိယာ-၃မှ ဧရိယာ-၆အထိ စသည့်ဧရိယာအတွင်း နေထိုင်သည့် အိမ်ထောင်စုများ

(ခ) ဧရိယာ-၂အတွင်းရှိ စားကျက်မြေနှင့် အခြားသူတစ်ဦးဦးပိုင်ဆိုင်သည့်မြေပေါ်၌ အဆောက်အဦးရှိသည့် အိမ်ထောင်စုများ

၆.၂ ပြန်လည်နေရာချထားမည့်မြေတည်နေရာနှင့် သတ်မှတ်ချက်များ

၆.၂.၁ ပြန်လည်နေရာချထားပေးမည့်နေရာနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ

ပြန်လည်နေရာချထားပေးမည့်နေရာ၊ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အဓိကအားဖြင့် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များရေးဆွဲသည့်အခါ သက်ဆိုင်ရာအကျုံးဝင်သည့် အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ကာ ဆုံးဖြတ်သွားမည်ဖြစ်ပါသည်။

၆.၂.၂ ပြန်လည်နေရာချထားရေးအတွက် လက်ရှိတွင် ရရှိနိုင်သည့် နေရာများ

(၁) တည်နေရာ

ပြန်လည်နေရာချထားမည့်နေရာနှင့်ပတ်သက်၍ သက်ဆိုင်ရာအိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ကာ ဆုံးဖြတ်သွားမည်ဖြစ်သော်လည်း ဖြစ်နိုင်ချေရှိသည့်နေရာများအနက် လက်ရှိအခြေအနေအရ ရရှိနိုင်သည့် နေရာများကို ပုံ(၆-၁)တွင် ဖော်ပြထားခြင်းဖြစ်ပါသည်။ လက်ရှိရရှိနိုင်သည့်နေရာမှာ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာရပ်ကွက်အတွင်းတည်ရှိပြီး အကျယ်အဝန်းအားဖြင့် (၂၁)ဧကခန့် ကျယ်ဝန်းပါသည်။



ပုံ(၆-၁) လက်ရှိရရှိနိုင်သည့် ပြန်လည်နေရာချထားမည့်လျာထားမြေ တည်နေရာပြပုံ

(၂) ပြန်လည်နေရာချထားမည့်နေရာအနီးဝန်းကျင်ရှိ အခြေခံအဆောက်အဦများ

လတ်တလောရရှိနိုင်သည့် ပြန်လည်နေရာချထားမည့်နေရာ၌ လူနေမြေကွက်များအပြင် လမ်း၊ ရေတွင်း၊ လျှပ်စစ်မီးနှင့် အများပြည်သူနှင့်သက်ဆိုင်သည့်မြေကွက်လပ်များ အစရှိသည့် လိုအပ်သည့် အခြေခံအဆောက်အဦများကိုလည်း ထည့်သွင်းတည်ဆောက်သွားရန် အစီအစဉ်ရေးဆွဲထားပါသည်။ ထို့အပြင် လူမှုရေးဆိုင်ရာအခြေခံအဆောက်အဦ(ဥပမာ- ကျောင်း၊ ကျန်းမာရေးဌာန၊ အုပ်ချုပ်ရေး ရုံး၊ ဘုန်းကြီးကျောင်း၊ ဘုရား)များမှာလည်း ဇယား(၆-၁)တို့တွင် ဖော်ပြထားသည့်အတိုင်း သန်လျင်-ကျောက်တန်းလမ်းမတစ်လျှောက်တွင် အဓိကအားဖြင့် တည်ရှိပြီးဖြစ်ပါသည်။ ထိုတည်ရှိပြီး အခြေခံအဆောက်အဦများကို အသုံးပြုနိုင်မည်ဖြစ်ပြီး လိုအပ်ပါက တိုးချဲ့ခြင်း/အဆင့်မြှင့်တင်ခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဇယား(၆-၁) အနီးဝန်းကျင်ရှိ လူမှုရေးဆိုင်ရာအခြေခံအဆောက်အဦများ

စဉ်	အကြောင်းအရာ	တည်နေရာ
၁	မြို့သာယာ ကျေးလက်ကျန်းမာရေးဌာန	သန်လျင်-ကျောက်တန်းလမ်းမ
၂	မူကြို	သန်လျင်-ကျောက်တန်းလမ်းမ
၃	အခြေခံပညာအလယ်တန်းကျောင်း(တွဲဘက်အထက်တန်းကျောင်း)	သန်လျင်-ကျောက်တန်းလမ်းမ
၄	ညောင်ဝိုင်းအခြေခံပညာမူလတန်းကျောင်း	သန်လျင်-ကျောက်တန်းလမ်းမ
၅	ဘန့်ဘွေးကုန်းအမှတ်(၁)အခြေခံပညာမူလတန်းကျောင်း	သန်လျင်-ကျောက်တန်းလမ်းမ
၆	ဘန့်ဘွေးကုန်းအမှတ်(၂)အခြေခံပညာမူလတန်းကျောင်း	မြို့သာယာ(၁)ရပ်ကွက်
၇	ရှမ်းစုအခြေခံပညာမူလတန်းကျောင်း	သန်လျင်-ကျောက်တန်းလမ်းမ

၈	ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး	သန်လျင်-ကျောက်တန်းလမ်းမ
၉	အလင်းတန်းစာကြည့်တိုက်	သန်လျင်-ကျောက်တန်းလမ်းမ
၁၀	ပြည်တော်အေးဘုန်းတော်ကြီးကျောင်း	မြို့သာယာ(၂)ရပ်ကွက်
၁၁	ဧမ္မုအေးဘုန်းတော်ကြီးကျောင်း	မြို့သာယာ(၁)ရပ်ကွက်
၁၂	ဧမ္မုဥဿျောင်သီလရှင်စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း	မြို့သာယာ(၁)ရပ်ကွက်
၁၃	ကျိုက်မြတ်ခမွန်ဘုရား	သန်လျင်-ကျောက်တန်းလမ်းမ
၁၄	ဘုရား	သန်လျင်-ကျောက်တန်းလမ်းမ

(၃) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေခံတို့ကို ထည့်သွင်းစဉ်းစားထားမှုများ

လတ်တလောရရှိနိုင်သည့် ပြန်လည်နေရာချထားမည့်နေရာမှာ အဓိကအားဖြင့် ကွင်းပြင် သို့မဟုတ် စွန့်ပစ်လယ်မြေများဖြစ်ပြီး လူနေဧရိယာအဖြစ် ပြောင်းလဲသွားမည်ဖြစ်ပါသည်။ ထိုနေရာနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေခံတို့အား ထည့်သွင်းစဉ်းစားမှုများကို ဇယား (၆-၂)တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

ဇယား(၆-၂) လတ်တလောတွင် ရရှိနိုင်သည့် ပြန်လည်နေရာချထားမည့်နေရာနှင့်စပ်လျဉ်း၍ အရေးပါသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေခံတို့ကို ထည့်သွင်းစဉ်းစားထားမှုများ

အကြောင်အရာ	ဆန်းစစ်ချက်	စီမံခန့်ခွဲမှုနှင့် လျော့ပါးသက်သာစေမည့် အစီအမံများ
၁. သဘာဝပတ်ဝန်းကျင်		
သစ်ပင်ပန်းမံ၊ တိရစ္ဆာန်နှင့် ဇီဝမျိုးကွဲမျိုးစုံ	ပြန်လည်နေရာချထားမည့်နေရာသည် လူတို့ဖန်တီးထားသည့် ကွင်းပြင်(ယခင်လယ်အဖြစ် အသုံးပြုခဲ့) သို့မဟုတ် လက်ရှိအချိန်အထိ လယ်အဖြစ်အသုံးပြုနေသည့်အတွက် သစ်ပင်ပန်းမံ၊ တိရစ္ဆာန်နှင့် ဇီဝမျိုးကွဲမျိုး စုံတို့အပေါ် ထိခိုက်မှုမရှိနိုင်ပါ။ အခြားတစ်ဖက်တွင်မူ လူဦးရေများပြားလာပြီး ၎င်းတို့မှ ဆောင်ရွက်သည့် လုပ်ငန်းများကြောင့် ပြန်လည်နေရာချထားမည့်နေရာ အနီးဝန်းကျင်ရှိ သဘာဝအရင်းအမြစ်များကို ထိခိုက် စေနိုင်ပါသည်။	အနီးပတ်ဝန်းကျင်ရှိ သဘာဝအရင်းအမြစ်များကို ကောင်းမွန်စွာအသုံးပြုရန်နှင့် စီမံခန့်ခွဲတတ်စေရန်အတွက် ပြောင်းရွှေ့လာရမည့်အိမ်ထောင်စုများအား လမ်းညွှန်မှုများ ပေးအပ်သွားမည်ဖြစ်ပါသည်။
၂. လူမှုရေးဆိုင်ရာ ပတ်ဝန်းကျင်		
မလွဲမရှောင်သာ ပြန်လည်နေရာချထားရခြင်း	လက်ရှိနေထိုင်လျက်ရှိကြသည့် အိမ်ထောင်စုများ သို့မဟုတ် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်လျက်ရှိကြသည့် အိမ်ထောင်စုများအား ပြန်လည်နေရာချထားပေးရန် လိုအပ်ပါသည်။	နိုင်ငံတကာစံချိန်စံညွှန်များနှင့်အညီ ပြန်လည်နေရာချထားပေးရန်လိုအပ်သည့် အိမ်ထောင်စုများအတွက် သင့်လျော်သည့် ပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်ပါသည်။
ဒေသတွင်း စီးပွားရေး	တည်ဆောက်ရေးကာလနှင့် ပြန်လည်နေရာချထားပြီးနောက် ပြန်လည်နေရာချထားမည့်နေရာနှင့် အနီးပတ်ဝန်းကျင်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည့်အတွက် အကျိုးရှိမည်ဖြစ်သည်။	ပြန်လည်နေရာချထားမည့်နေရာနှင့် အနီးပတ်ဝန်းကျင်တွင် ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများနှင့် ဒေသခံများအား ၎င်းတို့၏အရည်အချင်းနှင့် စိတ်ပါဝင်စားမှုအလိုက် ဦးစားပေး ခန့်အပ်သွားမည်ဖြစ်ပါသည်။
မြေအသုံးချမှု	ကွင်းပြင်နှင့် လက်ရှိ လယ်မြေအဖြစ်အသုံးပြုနေသည့် အပိုင်းများ၊ လူနေဧရိယာများကို ပြန်လည်နေရာချထားမည့်နေရာအဖြစ် ဖော်ဆောင်သွားမည်ဖြစ်သည်။	စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ အသုံးပြုနိုင်မည့် ကွင်းပြင်(မြေကွက်လပ်)များကို ပြန်လည်နေရာချထားမည့်နေရာ၌ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါသည်။

အကြောင်အရာ	ဆန်းစစ်ချက်	စီမံခန့်ခွဲမှုနှင့် လျော့ပါးသက်သာစေမည့် အစီအမံများ
ဒေသအတွင်း အကျိုးစီးပွား ဆိုင်ရာ မပြေလည်မှုများ	လူနေမှုပုံစံနှင့် အခြေခံအနေများမှာ မတူညီသည့်အတွက် စီမံကိန်းကြောင့်ပြောင်းရွှေ့လာမည့် အိမ်ထောင်စုများနှင့် ဒေသခံတို့အကြား မပြေလည်မှုများ ဖြစ်ပွားလာနိုင်ပါသည်။	မလိုလားအပ်သည့် ပြဿနာများကို ရှောင်လွှဲနိုင်ရန်၊ ၎င်းတို့အကြား သဟဇာတဖြစ်စေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန်အတွက် ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေးပွဲများ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။
အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ အတွက် ထည့်သွင်းစဉ်းစားခြင်း	နေထိုင်သည့်နေရာအပြောင်းအလဲကြောင့် အလုပ် သို့မဟုတ် ကျောင်းသို့သွားသည့်လမ်းကြောင်း ပြောင်းလဲမှု ရှိနိုင်ပါသည်။ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအုပ်စုများအနေဖြင့် အခြားသာမန်အိမ်ထောင်စုများထက် စီးပွားရေးဆိုင်ရာ အခက်အခဲများ ပိုမိုကြုံတွေ့နိုင်ပါသည်။	သွား/လာစရိတ်ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ထို့အပြင် ပြန်လည်နေရာချထားမည့်နေရာနှင့် ကြို/ပို့ကားများစီစဉ်ပေးရန် စဉ်းစားမည်ဖြစ်ပါသည်။ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအုပ်စုများအတွက်မူ ထပ်တိုးပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်ပါသည်။
၃. ညစ်ညမ်းမှုများ		
ရေထုညစ်ညမ်းမှု	တည်ဆောက်ရေးလုပ်ငန်းများမှာ ခြောက်သွေ့သည့်ရာသီတွင် ဆောင်ရွက်မည်ဖြစ်သည့်အတွက် ပတ်ဝန်းကျင်ရှိရေထုအား ထိခိုက်မှုမှာ အခိုက်အတန့်သာဖြစ်ပြီး သိသိသာသာထိခိုက်မှုမရှိနိုင်ပေ။ အခြားတစ်ဖက်တွင်မူ ပြန်လည်နေရာချထားပြီးနောက် အသုံးပြုပြီးရေဆိုးများ ထွက်ရှိလာမည်ဖြစ်ပါသည်။	ယင်လုံအိမ်သာများကို အိမ်တိုင်းတွင် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး မိလ္လာကျင်းများအား ပုံမှန်စုပ်ထုတ်ပေးနိုင်ရန် ကျောက်တန်းမြို့နယ်စည်ပင်သာယာဌာနအား တင်ပြတောင်းဆိုသွားမည်ဖြစ်ပါသည်။
ဆူညံမှုနှင့် တုန်ခါမှု	တည်ဆောက်ရေးလုပ်ငန်းများမှာ နေ့ခင်းဘက်တွင်သာ ဆောင်ရွက်မည်ဖြစ်သည့်အတွက် ဆူညံမှုနှင့် တုန်ခါမှုတို့မှာ အခိုက်အတန့်သာဖြစ်ပြီး သိသိသာသာ ထိခိုက်မှုမရှိနိုင်ပေ။ အခြားတစ်ဖက်တွင်မူ ပြန်လည်နေရာချထားပြီးနောက် တီဗွီ၊ အသံချဲ့စက်အစရှိသည်တို့မှ ထွက်ရှိသည့်အသံတို့ကြောင့် ပတ်ဝန်းကျင်အား ဆူညံမှုဖြစ်စေနိုင်ပါသည်။	ပတ်ဝန်းကျင်အသစ်နှင့် အသားကျစေရန်အတွက် စီမံကိန်းကြောင့်ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများအား လမ်းညွှန်ချက် သို့မဟုတ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
စွန့်ပစ်အစိုင်အခဲများ	တည်ဆောက်ရေးလုပ်ငန်းများမှ ထွက်လာမည့်အမှိုက်များမှာ ယာယီသာဖြစ်ပြီး များပြားမည်မဟုတ်ပေ။ အခြားတစ်ဖက်တွင်မူ ပြန်လည်နေရာချထားပြီးနောက် အိမ်ထောင်စုတစ်စုချင်းစီမှ ထွက်ရှိလာမည့် စွန့်ပစ်အစိုင်အခဲ အမှိုက်များ အတိုင်းအတာတစ်ခုအထိ ရှိလာနိုင်ပါသည်။	ပြန်လည်နေရာချထားမည့်နေရာ၌ အမှိုက်စွန့်ပစ်ရန်နေရာ (အမှိုက်ကန်)များ စီစဉ်ထားရှိမည်ဖြစ်ပါသည်။ ယင်းအမှိုက်ကန်များတွင် စနစ်တကျစွန့်ပစ်ရန်နှင့် စီမံခန့်ခွဲတတ်စေရန် လမ်းညွှန်မှုများပေးအပ်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ယင်းအမှိုက်ကန်များအား အချိန်မှန်အမှိုက်သိမ်းဆည်းပေးရန် ကျောက်တန်းမြို့နယ်စည်ပင်သာယာဌာနအား တင်ပြ တောင်းဆိုသွားမည်ဖြစ်ပါသည်။

အခန်း(၇) မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်၏ အခြေခံမူဘောင်

၇.၁ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်အတွက် ချဉ်းကပ်မှုများ

မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များမှာ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းဧရိယာအတွင်းနှင့် အနီးဝန်းကျင်ရှိ စီးပွားရေးလုပ်ငန်းများကိုအမှီပြုကာ စီမံကိန်းကြောင့် ပြောင်းရွှေ့ရသည့်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်နှင့် အခြေတကျဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် ပံ့ပိုးပေးခြင်းဖြစ်ပြီး အခြေခံအားဖြင့် "ငွေကြေးမဟုတ်သည့်ပံ့ပိုးမှုများ"ပေးအပ်ခြင်းဖြစ်ဖြစ်ပါသည်။ ပြန်လည်နေရာထားရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေအလိုက် ၎င်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်ဟက်တာ(၂၀၀၀)စီမံကိန်း၏ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည်အစီအစဉ်များအတွက် အခြေခံချဉ်းကပ်မှုများကို ဤမူဘောင်၏တစ်စိတ်တစ်ဒေသအဖြစ်ထည့်သွင်းရေးဆွဲကာ ဒေသခံအိမ်ထောင်စုများ၏ အတူတကွ ပူးပေါင်းပါဝင်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည့်ပြန်လည်နေရာချထားရေးလုပ်ငန်းအစီအစဉ်များနှင့်အညီ အစီအစဉ်အသေးစိတ်ကို သီးခြားစီရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၎င်းအစီအစဉ်၌ ဆောင်ရွက်ရမည့်လုပ်ငန်းများစွာပါဝင်သည့်အတွက် ဧရိယာအလိုက် သီးခြားအစီအစဉ်များရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည့် လုပ်ငန် တိုင်း၊ အဆင့်တိုင်းတွင် စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်သူများအပါအဝင် အခြားသက်ဆိုင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးပါသည်။

၎င်းအစီအစဉ်၌ ပုံ(၇-၁)နှင့် ပုံ(၇-၂)တို့တွင်ဖော်ပြထားသည့်အတိုင်း အဓိကအပိုင်း(၂)ပိုင်းပါဝင်မည်ဖြစ်ပြီး (က) ဝင်ငွေရအလုပ်အကိုင်အခွင့်အလမ်းများပိုမိုတိုးတက်စေရန်နှင့် မိသားစုငွေစာရင်းအား စနစ်တကျစီမံခန့်ခွဲတတ်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် အိမ်ထောင်စုများ၏ စီးပွားရေးအခြေအနေများ ပြန်လည်ကောင်းမွန်စေရန် အတွက်ပံ့ပိုးကူညီခြင်း၊ (ခ) အသိုက်အဝန်းတစ်ခု ဖွဲ့ဖြိုးတိုးတက်စေခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာအခြေအနေများ တိုးတက်ကောင်းမွန်စေရန်အတွက် ပံ့ပိုးကူညီခြင်းနှင့် (အထက်ဖော်ပြပါအပိုင်း(က)နှင့်(ခ)တို့အား) စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းစသည်ဖြင့် အသီးသီးပါဝင်ပါသည်။



ပုံ(၇-၁) စီးပွားရေးအခြေအနေများ ပြန်လည်ကောင်းမွန်စေရန်အတွက် အခြေခံမူဘောင် (အပိုင်း(က))



ပုံ(၇-၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံမူဘောင် (အပိုင်း(ခ))

၇.၂ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များအကြောင်း အကြမ်းဖျဉ်းဖော်ပြခြင်း

၇.၂.၁ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ ပံ့ပိုးပေးမည့် ဦးတည်အိမ်ထောင်စုများ

ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်းမှ စီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အခြေခံကာ အောက်ဖော်ပြပါ အိမ်ထောင်စုများမှာ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များတွင် ပါဝင်နိုင်ကြပါသည်။ ၎င်းအစီအစဉ်များမှာ အမျိုးသားများအတွက်သာမကဘဲ အရွယ်ရောက်ပြီးသည့် အမျိုးသမီးများလည်း ပါဝင်နိုင်ပါသည်။

(က) မြေယာအသုံးချမှုမှ ရရှိသည့်ဝင်ငွေအပေါ်တွင် မှီခိုနေရသည့် အိမ်ထောင်စုများအနေဖြင့် လက်ရှိလုပ်ကိုင်နေသည့်အလုပ်မှ အခြားလုပ်ငန်းတစ်ခုခုသို့ ပြောင်းလဲလုပ်ကိုင်လိုသူများ

(ခ) အလုပ်နေရာပြောင်းလဲလိုသည့် ကျပန်းအလုပ်သမားများနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူမဟုတ်သည့် အခြားအိမ်ထောင်စုများ

(ဂ) အလုပ်အကိုင်အခွင့်အလမ်းသစ်များအတွက် နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုများ ရရှိလိုသည့် အလုပ်အကိုင်မရှိသေးသူများ

(ဃ) လက်ရှိဝင်ငွေရအလုပ်အကိုင်မှ အခြားတစ်ခုသို့ပြောင်းလဲလုပ်ကိုင်လိုခြင်းမရှိသော်လည်း မိမိတို့၏ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုနှင့် ဝင်ငွေတိုးတက်လိုသည့် အိမ်ထောင်စုများ

၇.၂.၂ သီးခြားစီရေးဆွဲရမည့် မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များတွင် ပါဝင်မည့်အကြောင်းအရာများ

စီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့်အိမ်ထောင်စုများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ၎င်းတို့၏ လိုအပ်ချက်များကို ဆန်းစစ်ကာ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များကို အသေးစိတ်ရေးဆွဲသွားမည်ဖြစ်သော်လည်း အပိုင်းတစ်ပိုင်းချင်းစီ၌ အောက်ပါအကြောင်းအရာများ ပါဝင်မည်ဖြစ်ပါသည်။

(၁) အပိုင်း(က)-စီးပွားရေးအခြေအနေများပြန်လည်ကောင်းမွန်စေရေးအတွက် ပံ့ပိုးကူညီခြင်း

(က) ဝင်ငွေရအလုပ်အကိုင်အခွင့်အလမ်းများအတွက် ပံ့ပိုးကူညီခြင်း

ထိုသို့ပံ့ပိုးကူညီရာတွင် (က) လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီမှုအများအပြားပေးအပ်ခြင်း၊ (ခ) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရာတွင် ပံ့ပိုးကူညီခြင်းနှင့် (ဂ) စီးပွားရေးလုပ်ငန်းတစ်ခု စတင်လုပ်ကိုင်နိုင်ရန်အတွက် ပံ့ပိုးကူညီခြင်းစသည်တို့ ပါဝင်ပါသည်။

အစီအစဉ်(က)ဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် လိုအပ်သည့်ကျွမ်းကျင်မှုများ ရရှိပိုင်ဆိုင်စေရန် လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးလျှက်ရှိသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ ၎င်းလုပ်ငန်းခွင်သင်တန်းများကို မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များ၏ တစ်စိတ်တစ်ဒေသအဖြစ် ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ပါသည်။

သင်တန်းများပို့ချပေးပြီးနောက် (ခ) သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာအတွင်းနှင့် အနီးပတ်ဝန်းကျင်တို့တွင် အလုပ်အကိုင်ရှာဖွေရာတွင် ၎င်းတို့နှင့်ကိုက်ညီမှုရှိသည့်အလုပ် အကိုင်များရရှိစေရန် ပံ့ပိုးကူညီပေးမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနအပါအဝင် မြို့နယ်အဆင့် အခြားသက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်

ပါသည်။ စီမံကိန်းကြောင့်ပြောင်းရွှေ့ရသည့်အိမ်ထောင်စုများ၏ စိတ်ပါဝင်စားမှု၊ အရည်အချင်းတို့နှင့် ကိုက်ညီမှုရှိသည့် အလုပ်အကိုင်များကို တိုးမြှင့်ချိတ်ဆက်ပေးမည်ဖြစ်ပါသည်။

ထို့အပြင် ကိုယ်ပိုင်စီးပွားရေးစတင်လုပ်ကိုင်လိုသူများအတွက်လည်း (ဂ) စီးပွားရေးလုပ်ငန်းတစ်ခု စတင်လုပ်ကိုင်နိုင်ရန်အတွက် ပံ့ပိုးကူညီခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပံ့ပိုးပေးရန် စဉ်းစားသွားမည်ဖြစ်ပါသည်။

(ခ) ငွေစာရင်းအား စနစ်တကျစီမံခန့်ခွဲတတ်စေရန်အတွက် ပံ့ပိုးကူညီခြင်း

ထိုသို့ပံ့ပိုးကူညီရာတွင် ပရမ်းပတာသုံးစွဲခြင်းမျိုးမဖြစ်စေဘဲ ဝင်ငွေနှင့် အသုံးစရိတ်အား စနစ်တကျစီမံခန့်ခွဲတတ်စေရန်အတွက် (က) ဘဏ်စာရင်းဖွင့်လှစ်ရာတွင် ပံ့ပိုးကူညီခြင်းနှင့် (ခ) ပိုမိုစုဆောင်းရန်နှင့် ကြွေးမြီများလျော့ချရေးနှင့်ပတ်သက်သည့် ဗဟုသုတများကို လေ့လာနိုင်စေရန် ပံ့ပိုးကူညီခြင်းစသည်ဖြင့် အပိုင်း(၂)ပိုင်းပါဝင်ပါသည်။

(၂) အပိုင်း(ခ)- သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီခြင်း

(က) အသိုက်အဝန်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီခြင်း

စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများတွင် လူနေမှုစရိုက်ပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံပါဝင်သည့်အတွက် နေရာသစ်တစ်ခု၌ သက်သောင့်သက်သာနှင့် အခြေတကျဖြစ်စေရန်အတွက် အသိုက်အဝန်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း အရေးပါပါသည်။ ရှိနှင့်ပြီး ဒေသခံများနှင့် သဟဇာတဖြစ်စေရန် (ဥပမာ- ပြန်လည်နေရာချထားမည့်နေရာဝန်းကျင်မှ ဒေသခံများ၊ ပထမအဆင့်စီမံကိန်းဧရိယာမှ ပြောင်းရွှေ့ခဲ့သည့် အိမ်ထောင်စုများ)မှာလည်း နေထိုင်သည့်ပတ်ဝန်းကျင်ရှိ လူမှုရေးအခြေအနေများဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အချက်တစ်ခုဖြစ်ပါသည်။ အသိုက်အဝန်းတစ်ခုဖွဲ့စည်းပြီးနောက် လုပ်ငန်းဆောင်တာများ စနစ်တကျလည်ပတ်နိုင်ရေးအတွက် သင့်လျော်သည့်စည်းမျဉ်းနှင့် စနစ်များ ချမှတ်ရန်လည်း လိုအပ်ပါသည်။ ထို့ကြောင့် အသိုက်အဝန်းတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီမှု၏ တစ်စိတ်တစ်ဒေသအဖြစ်(က) လူအများကြား အချင်းချင်းပူးပေါင်းလုပ်ဆောင်တတ်သည့် အလေ့အထများ ဖန်တီးပေးရန်အတွက် ပံ့ပိုးကူညီခြင်းနှင့် (ခ) အဖွဲ့အတွင်း စည်းမျဉ်းစည်းကမ်းများနှင့် စနစ်များ ရေးဆွဲချမှတ်ရန်အတွက် ပံ့ပိုးကူညီခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) အသိပညာပေးလုပ်ငန်းများအတွက် ပံ့ပိုးကူညီခြင်း

ပြန်လည်နေရာချထားပြီးနောက် ယခင်အခြေအနေနှင့်နှိုင်းစာပါက ပိုမိုစုစုစည်းစည်းဖြင့် နီးနီးကပ်ကပ်နေထိုင်ကြရမည်ဖြစ်သည့်အတွက် ရေတွင်းများနှင့် အမှိုက်ကန်များအား စနစ်တကျစီမံခန့်ခွဲရန် အစရှိသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သန့်ရှင်းသပ်ရပ်ရေးအတွက် ဆောင်ရွက်သွားရန် လိုအပ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြန်လည်နေရာချထားမည့်နေရာ၌ နေထိုင်ကြသူများအနေဖြင့် မိမိတို့နေထိုင်ရာနေရာအား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားကြရန် အသိပညာပေးလုပ်ငန်းများမှာ အရေးပါလာပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် (က) အသိပညာပေးလုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် သဘာဝပတ်ဝန်းကျင်နှင့် သန့်ရှင်းသပ်ရပ်ရေးအတွက် စနစ်တကျစီမံခန့်ခွဲတတ်စေရန် အသိပညာပေး

လုပ်ငန်းများဆောင်ရွက်ရာတွင် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါသည်။ ထို့အပြင် (ခ) ပေါ်ပေါက်လာမည့်အခက်အခဲများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားနိုင်စေရန်အတွက် အခက်အခဲကို လိုက်၍ လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းအပါအဝင် ပြန်လည်နေရာချထားမည့်နေရာအား ရေရှည်စီမံခန့်ခွဲတတ်ရေးအတွက် သင်တန်းများပို့ချပေးရာတွင် ပံ့ပိုးကူညီခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၃) စောင့်ကြည့်စစ်ဆေးခြင်းနှင့် နောက်ဆက်တွဲလုပ်ငန်းများ

သက်ဆိုင်ရာအပိုင်းအလိုက် တိုးတက်မှုအခြေအနေနှင့် အခက်အခဲများ (ဥပမာ- စီးပွားရေးအခြေအနေများပြန်လည်ကောင်းမွန်စေရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေများ)ကို အဖွဲ့တွင်းနှင့် ပြင်ပကြားခံအဖွဲ့အစည်းမှ စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ (အခန်း(၁၂)တွင် ဖော်ပြထားပါသည်)၏ တစ်စိတ်တစ်ဒေသအဖြစ် စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ပြီး ရလဒ်များကို အခြေခံကာ လိုအပ်ပါက နောင်တွင်ဆောင်ရွက်ရမည့်အစီအမံများအပါအဝင် နောက်ဆက်တွဲလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အခန်း(၈) ဒေသခံများပူးပေါင်းပါဝင်ခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်း

၈.၁ ဒေသခံများပူးပေါင်းပါဝင်ရန်နှင့် သတင်းအချက်အလက်မျှဝေရန်အတွက် ချဉ်းကပ်မှုများ

သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်မူဘောင်များရေးဆွဲခြင်း၊ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များအပါအဝင် ဧရိယာအလိုက်သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဟက်တာ(၂၀၀၀)စီမံကိန်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများအပါအဝင် အများပြည်သူအား အချိန်နှင့်တပြေးညီထုတ်ပြန်ပေးခြင်းဖြင့် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုရရှိရန်မှာ အလွန်အရေးကြီးပါသည်။ မူဘောင်အပါအဝင် ဧရိယာအလိုက်သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များရေးဆွဲရာတွင် ဒေသခံများထိထိရောက်ရောက်ပါဝင်ခြင်းဖြင့် စီမံကိန်း(ဥပမာ- ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာ)နှင့်ပတ်သက်သည့် ထိခိုက်မှုများ၊ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ သဘောထားအမြင်များကို ထင်ဟပ်ရေးဆွဲနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ပံ့ပိုးရာတွင်ပါဝင်မည့်အကြောင်းအရာများ၊ ပြန်လည်နေရာချထားမည့်အချိန်၊ မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်များတွင်ပါဝင်မည့်အကြောင်းအရာများနှင့် ပတ်သက်၍ ပုဂ္ဂိုလ်/အဖွဲ့အစည်းများအကြား ပိုမိုနားလည် သဘောပေါက်လာစေပါသည်။

ထို့ကြောင့် ဟက်တာ(၂၀၀၀)စီမံကိန်းအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၏ မူဘောင်အား ရေးဆွဲရာတွင် အောက်ပါချဉ်းကပ်မှုများကို အသုံးပြုကာ ဒေသခံများ၏ စစ်မှန်သည့်ပူးပေါင်းပါဝင်မှုရရှိစေရန် ဆောင်ရွက်ပါသည်။

(က) ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းနှင့်ပတ်သက်၍ အစီအစဉ်နှင့် တိုးတက်မှုအခြေအနေ၊ ပံ့ပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများစသည်တို့ကို ရှင်းပြရန်အတွက် ကြိမ်ဖန်များစွာ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း

(ခ) အကျုံးဝင်/မဝင်၊ ကရုဏာကြေးပံ့ပိုးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာအိမ်ထောင်စု/အဖွဲ့အစည်းများအကြား ပိုမိုပြောဆိုဆွေးနွေးနိုင်စေရန် ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွင်းရှိ သက်ဆိုင်ရာကျေးရွာအလိုက် အစည်းအဝေးပွဲများ ကြိမ်ဖန်များစွာကျင်းပပြုလုပ်ခြင်း

(ဂ) အများပြည်သူနှင့် အကျုံးဝင်/မဝင်အတည်ပြုနိုင်ရန်အတွက် စစ်တမ်းကောက်ယူရာတွင် ပါဝင်ခဲ့သည့် အိမ်ထောင်စုများစာရင်းကဲ့သို့ သတင်းအချက်အလက်များစွာအား ထုတ်ပြန်ကြေညာခြင်း

(ဃ) ဒေသခံများထံမှ သဘောထားမှတ်ချက်များအား မူဘောင်အတွင်း ထည့်သွင်းရေးဆွဲနိုင်ရန်အတွက် မူကြမ်းရေးဆွဲထားသည့် မူဘောင်အား ထုတ်ပြန်ကြေညာခြင်း

(င) မူဘောင်(မူကြမ်း)အတွက် ပေးပို့ထားသည့်မှတ်ချက်များနှင့်ပတ်သက်၍ တုန့်ပြန်ချက်များ ပေးနိုင်စေရန်အတွက် အစည်းအဝေးပွဲများ ကျင်းပခြင်း

၈.၂ ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေးပွဲများမှ ရလဒ်များ

မူဘောင်ရေးဆွဲရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲများစွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ညှိနှိုင်းဆွေးနွေးပွဲ တစ်ခုချင်းစီ၏ ရလဒ်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပြီး အစည်းအဝေးမှတ်တမ်း အသေးစိတ်ကို နောက်ဆက်တွဲ(၂)မှ နောက်ဆက်တွဲ(၄)အထိ ဖော်ပြထားပါသည်။ အစည်းအဝေး ကျင်းပရာတွင် အစည်းအဝေးဖိတ်စာများကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများ၏ လမ်းညွှန်မှုဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများမှ ဖြန့်ဝေပေးပါသည်။ ထို့အပြင် အစည်းအဝေးနှင့်ပတ်သက်သည့် ကြေညာချက်များကိုလည်း အများပြည်သူသိရှိနိုင်စေရန်အတွက် သက်ဆိုင်ရာမြို့နယ်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများရှိ ကြေညာသင်ပုန်းများ အစရှိသည့် နေရာများ၌ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၈.၂.၁ ပထမအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး

ပထမအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေးပွဲကို ကျောက်တန်းမြို့နယ် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး(ယာယီ)၌ ၂၀၁၄ခုနှစ် ဧပြီလ(၂၆)ရက်နေ့နှင့် (၂၇)ရက်နေ့တို့တွင် (၆)ကြိမ်ခွဲကာ ကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးမှ ရလဒ်များကို ဇယား(၈-၁)တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။ အစည်းအဝေးမှတ်တမ်းအသေးစိတ်ကို နောက်ဆက်တွဲ(၂)တွင် ဖော်ပြထားပါသည်။

ဇယား(၈-၁) ပထမအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး အကျဉ်းချုပ်

အချင်းအရာ	အကြောင်းအရာ
၁. နေ့စွဲနှင့် အချိန်	၂၀၁၄ခုနှစ် ဧပြီလ (၂၆)ရက်နှင့် (၂၇)ရက်
၂. နေရာ	သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)
၃. ဖိတ်ကြားသူများ	စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ
၄. ရည်ရွယ်ချက်	ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲမည့် ဧရိယာ၊ အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ အကြောင်းရှင်းပြရန်နှင့် အသေးစိတ်တိုင်းတာစစ်တမ်းကောက် ယူရာတွင် ပူးပေါင်းပါဝင်စေရန်
၅. တက်ရောက်သူများ	စုစုပေါင်း (၉၉၂)ဦး
၆. အစိုးရဌာနများမှ အဓိကတက်ရောက်သူများ	၁) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂) သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ၃) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၄) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ
၇. အစီအစဉ်	၁) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲမည့် ဧရိယာ ၂) ၂၀၁၃ခုနှစ် ဧပြီလအတွင်း ကောက်ယူခဲ့သည့် လူမှုစီးပွားရေးစစ်တမ်း ၃) အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ(Cut-off Date) ၄) အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ပေးပါရန် တောင်းဆိုခြင်း ၅) ဆက်လုပ်ဆောင်ရွက်မည့် အစီအစဉ်များ ၆) မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း
၈. တက်ရောက်သူများထံ မှ အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ	- ဖိတ်စာပို့သည့်အိမ်ထောင်စုအရေအတွက်သည် အဘယ့်ကြောင့် ယခင်စစ်တမ်းကောက်ယူခဲ့စဉ်ကပါဝင်ခဲ့သည့် အိမ်ထောင်စုအရေအတွက်ထက် လျော့နည်းသည်ကို ရှင်းပြပေးပါရန် - ၂၀၁၃ခုနှစ်တွင်ထုတ်ပြန်ခဲ့သည့် နို့တစ်စာကြောင့် ပြောင်းရွှေ့သွားသည့် အိမ်ထောင်စုများအား မည်ကဲ့သို့ဆောင်ရွက်မည်ကို ရှင်းပြပေးပါရန် ၂၀၁၃ခုနှစ်ဇွန်လတွင်စတင်မည့် ကျောင်းဖွင့်ရာသီအတွက် အပ်သင့်/မအပ်သင့် အတည်ပြုပေးပါရန် - အဆောက်အဦးတစ်ခုအတွင်း အိမ်ထောင်စုတစ်စုထက်ပို၍ နေထိုင်ပါက မည်သည့်အိမ်ထောင်စုအား ပေးလျော်မည်ကို ရှင်းပြပေးပါရန်

အချင်းအရာ	အကြောင်းအရာ
	- ပြန်လည်နေရာချထားမည့်နေရာနှင့် မူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်တွင် ပါဝင်မည့်အကြောင်းအရာများအား ကြိုတင်အသိပေးပါရန် မေတ္တာရပ်ခံခြင်း

တက်ရောက်လာသူများထံမှ မှတ်ချက်နှင့် သဘောထားအမြင်များရရှိနိုင်ရန် အကြံပြုလွှာများကိုလည်း အစည်းအဝေးအတွင်း ဖြန့်ဝေခဲ့ပါသည်။ ၎င်းအကြံပြုလွှာများတွင် ရေးသားထားသည့် အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ(စုစုပေါင်း (၁၁၁)စောင်လက်ခံရရှိခဲ့ပါသည်)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- နိုင်ငံတကာစံချိန်းစံညွှန်များအတိုင်း ပံ့ပိုးမှုများ လုံလုံလောက်လောက်ရရှိမည်ဟု မျှော်လင့်
- ဖိတ်စာမရရှိသော်လည်း သို့မဟုတ် ယခင်စစ်တမ်းကောက်ယူရာတွင် မပါဝင်ခဲ့သော်လည်း အကျုံးဝင်သည့်အိမ်ထောင်စုများအဖြစ် လက်ခံစဉ်းစားပေးပါရန် တောင်းဆို
- အိမ်ထောင်စုအမျိုးအစားအလိုက် (ဥပမာ- တောင်သူလယ်သမားများ၊ ဒေသခံအစစ်အမှန်များ၊ ဒေသခံမဟုတ်သူများ) ပံ့ပိုးမှုများပေးရန် တောင်းဆို
- သီလဝါအထူးစီးပွားရေးဇုန်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် မျှော်လင့်
- စစ်တမ်းကောက်ယူရာတွင် ဒေသခံကိုယ်စားလှယ်အုပ်စုများပါဝင်ခွင့်ပေးရန် တောင်းဆို

၈.၂.၂ ဒုတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး

ဒုတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေးကို ကျောက်တန်းမြို့နယ် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)၌ ၂၀၁၅ခုနှစ် မတ်လ(၇)ရက်နှင့် (၈)ရက်နေ့တို့တွင် စုစုပေါင်း(၇)ကြိမ်ခွဲကာ ကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးမှ ရလဒ်များကို ဇယား(၈-၂)တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။ အစည်းအဝေးမှတ်တမ်းအသေးစိတ်ကို နောက်ဆက်တွဲ(၃)တွင် ဖော်ပြထားပါသည်။

ဇယား(၈-၂) ဒုတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး အကျဉ်းချုပ်

အချင်းအရာ	အကြောင်းအရာ
၁. နေ့စွဲနှင့် အချိန်	၂၀၁၅ခုနှစ် မတ်လ(၇)ရက်နှင့် (၈)ရက်
၂. နေရာ	သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)
၃. ဖိတ်ကြားသူများ	စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ
၄. ရည်ရွယ်ချက်	အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှ ရရှိသည့် ရလဒ်များနှင့် စစ်တမ်းကောက်ယူရာတွင် ပါဝင်ခဲ့သည့်အိမ်ထောင်စုစာရင်း(မူကြမ်း)ကို အကြမ်းဖျဉ်း ရှင်းပြရန်
၅. တက်ရောက်သူများ	စုစုပေါင်း (၁၄၀၄)ဦး
၆. အစိုးရဌာနများမှ အဓိကတက်ရောက်သူများ	၁) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂) သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ၃) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၄) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ
၇. အစီအစဉ်	၁) ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲမည့်ဧရိယာ ၂) အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ(Cut-off Date) ၃) အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှရရှိသည့် ရလဒ်များ ၄) အကျုံးဝင်မှု ၅) ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ၆) မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း
၈. တက်ရောက်သူများထံ မှ	- ဝင်ငွေလမ်းကြောင်းဆုံးရှုံးမှုများအတွက် လုံလုံလောက်လောက်ပံ့ပိုးပေးရန် မေတ္တာရပ်ခံ

အချင်းအရာ	အကြောင်းအရာ
အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ	- ယခင်နှင့် လက်ရှိထွန်ယက်စိုက်ပျိုးသူများအကြား မြေအသုံးချမှုပြဿနာများ - ပုံပိုးရာတွင် ပါဝင်မည့်အကြောင်းအရာများကို ရှင်းပြပေးရန် မေတ္တာရပ်ခံ - လက်ရှိနေထိုင်သည့်အဆောက်အဦးများအား မိုးရာသီမတိုင်မီပြင်ဆင်နိုင်ရန်အတွက် ပြောင်းရွှေ့ရမည့်အချိန်ကို ကြိုတင်အကြောင်းကြားပေးရန် မေတ္တာရပ်ခံ - ကြေညာထားသည့် မူကြမ်းစာရင်းတွင် မပါဝင်ရသည့်အကြောင်းရင်းအား ရှင်းပြပေးရန် မေတ္တာရပ်ခံ

တက်ရောက်လာသူများထံမှ မှတ်ချက်နှင့် သဘောထားအမြင်များရရှိနိုင်ရန် အကြံပြုလွှာများကိုလည်း အစည်းအဝေးအတွင်း ဖြန့်ဝေခဲ့ပါသည်။ ၎င်းအကြံပြုလွှာများတွင် ရေးသားထားသည့် အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ(စုစုပေါင်း (၉၅)စောင်လက်ခံရရှိခဲ့ပါသည်)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ယခင်နှင့် လက်ရှိထွန်ယက်စိုက်ပျိုးနေကြသူများအကြား မြေအသုံးချမှုဆိုင်ရာပြဿနာများကို သတိပြုမိခဲ့
- စီမံကိန်းဧရိယာအတွင်း နှစ်ပေါင်းများစွာကတည်းကနေထိုင်လျှက်ရှိကြသော်လည်း စစ်တမ်းကောက်ယူရာတွင် မပါဝင်ခဲ့ သို့မဟုတ် အစည်းအဝေးဖိတ်စာမရရှိခဲ့ သို့မဟုတ် ကြေညာထားသည့် မူကြမ်းစာရင်းတွင်မပါဝင်ခဲ့သည်ကို သတိပြုမိခဲ့
- ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးလုံလုံလောက်လောက်ပေးရန် မေတ္တာရပ်ခံ
- မိုးရာသီအတွက် အိမ်ပြင်ရန်နှင့် စပါးစိုက်ပျိုးနိုင်ရန် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်အား ရှင်းပြပေးပါရန် မေတ္တာရပ်ခံ

၈.၂.၃ တတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး

တတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေးကို ကျောက်တန်းမြို့နယ် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)၌ ၂၀၁၅ခုနှစ် အောက်တိုဘာလ(၁၀)ရက်နှင့် (၁၁)ရက်နေ့တို့တွင် စုစုပေါင်း(၇)ကြိမ်ခွဲကာ ကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးမှ ရလဒ်များကို ဇယား(၈-၃)တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။ အစည်းအဝေးမှတ်တမ်းအသေးစိတ်ကို နောက်ဆက်တွဲ(၄)တွင် ဖော်ပြထားပါသည်။

ဇယား(၈-၃) တတိယအကြိမ်ညှိနှိုင်းတိုင်ပင်သည့်အစည်းအဝေး အကျဉ်းချုပ်

အချင်းအရာ	အကြောင်းအရာ
၁. နေ့စွဲနှင့် အချိန်	၂၀၁၅ခုနှစ် အောက်တိုဘာလ(၁၀)ရက်နှင့် (၁၁)ရက်
၂. နေရာ	သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)
၃. ဖိတ်ကြားသူများ	စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ
၄. ရည်ရွယ်ချက်	မူဘောင်(မူကြမ်း)တွင်ပါဝင်သည့် အကြောင်းအရာများကို ရှင်းပြရန်
၅. တက်ရောက်သူများ	စုစုပေါင်း (၁၂၈၄)ဦး
၆. အစိုးရဌာနများမှ အဓိကတက်ရောက်သူများ	၁) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂) သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ၃) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၄) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ
၇. အစီအစဉ်	၁) မူဘောင်နှင့် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များ

အချင်းအရာ	အကြောင်းအရာ
	၂) အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူရာမှရရှိသည့် ရလဒ်များ အကျဉ်းချုပ် ၃) အကျိုးဝင်မှု ၄) ကရုဏာကြေးပုံပိုးမည့်မူဘောင် ၅) ပြန်လည်နေရာချထားမည့်နေရာစီစဉ်ထားရှိမှု ၆) မူဝလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီစဉ် ၇) ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ၈) မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်း
၈. တက်ရောက်သူများထံ မှ အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ	- ဝင်ငွေလမ်းကြောင်းဆုံးရှုံးမှုများနှင့် မသန်စွမ်းနှင့်သက်ကြီးရွယ်အိုအုပ်စုများအတွက် သင့်လျော်သည့်ပုံပိုးမှုများပေးရန် မေတ္တာရပ်ခံ - ကရုဏာကြေးပုံပိုးရာတွင် အကျိုးဝင်သည့်နောက်ဆုံးရက်စွဲကြေညာပြီးသည့်အချိန်မှ စီမံကိန်းကြောင့်ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများ၏ ပြောင်းလဲသွားသည့် လူနေမှုအခြေအနေများကို ထည့်သွင်းစဉ်းစားပေးရန် မေတ္တာရပ်ခံ - ဥယျာဉ်ခြံမြေအတွက် လျော်ကြေးသတ်မှတ်ထားမှုကို ရှင်းပြပေးရန် မေတ္တာရပ်ခံ - ပြန်လည်နေရာချထားရေးအတွက် အခြားနေရာများကိုလည်း စီစဉ်ပေးရန် မေတ္တာရပ်ခံ - ယခင်ထွန်ယက်စိုက်ပျိုးနေသူများနှင့် လက်ရှိလုပ်ကိုင်နေသူများအကြား မြေအသုံးချမှုပြဿနာများ - ထုတ်ပြန်ကြေညာထားသည့် အကျိုးဝင်စာရင်း(မူကြမ်း)တွင် မပါဝင်ရသည့်အကြောင်းရင်းအား ရှင်းပြပေးပါရန် မေတ္တာရပ်ခံ - မူဘောင်(မူကြမ်း)ထုတ်ပြန်သည့်ကာလအား တိုးမြှင့်ပေးပါရန် မေတ္တာရပ်ခံ

တက်ရောက်လာသူများထံမှ မှတ်ချက်နှင့် သဘောထားအမြင်များရရှိနိုင်ရန် အကြံပြုလွှာများကိုလည်း အစည်းအဝေးအတွင်း ဖြန့်ဝေခဲ့ပါသည်။ ၎င်းအကြံပြုလွှာများတွင် ရေးသားထားသည့် အဓိကမှတ်ချက်နှင့် သဘောထားအမြင်များ(စုစုပေါင်း (၂၂)စောင်လက်ခံရရှိခဲ့ပါသည်)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- လက်ရှိထုတ်ပြန်ထားသည့်စာရင်းတွင်ပါဝင်သည့် အကျိုးဝင်အိမ်ထောင်စုများအား ထပ်မံစစ်ဆေးပေးရန် မေတ္တာရပ်ခံ
- မြေယာလျော်ကြေးနှင့်ပတ်သက်၍ ရှင်းပြပေးပါရန် မေတ္တာရပ်ခံ
- ယခင်ကတည်းကနေထိုင်လာခဲ့ကြသည့် ရွာသားအစစ်အမှန်နှင့် အခြားဒေသမှ မကြာသေးမီကမှ ကြောင်းရွှေ့လာကြသူများအကြား လျော် ကြေးကို ခွဲခြားပေးပါရန် မေတ္တာရပ်ခံ
- ဆုံးရှုံးနစ်နာမှုများအတွက် လုံလုံလောက်လောက်လျော်ကြေးပေးရန် မေတ္တာရပ်ခံ
- လိုအပ်သည့် အခြေခံအဆောက်အဦးများအပါအဝင် ဒေသခံများနှစ်သက်သည့်နေရာ၌ ပြန်လည်နေရာချထားပေးပါရန် မေတ္တာရပ်ခံ
- ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာစွာနှင့် လျှင်မြန်စွာ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ

၈.၃ မူဘောင်(မူကြမ်း)အား ထုတ်ပြန်ကြေညာခြင်းနှင့် အများပြည်သူထံမှ မှတ်ချက်များ လက်ခံရယူခြင်း

မူဘောင်(မူကြမ်း)အား ဇယား(၈-၄)တွင် ဖော်ပြထားသည့် နေရာ(၁၃)နေရာ၌ ၂၀၁၅ခုနှစ် အောက်တိုဘာလ(၂၂)ရက်နေ့မှ နိုဝင်ဘာလ(၃၀)ရက်နေ့အထိ ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် မူဘောင်(မူ

ကြမ်း)ကို အင်္ဂလိပ်၊ မြန်မာ (၂)ဘာသာဖြင့် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ အင်တာနက်စာမျက်နှာတွင်လည်း လွှင့်တင်ထားခဲ့ပါသည်။

ဇယား(၈-၄) မူဘောင်(မူကြမ်း)ထုတ်ပြန်ကြေညာသည့် နေရာများ

၁.	သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး(ယာယီ)
၂.	ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးမှုဦးစီးဌာနရုံး
၃.	ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး
၄.	သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး
၅.	အလွမ်းဆွတ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး
၆.	ဘုရားကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး
၇.	အေးမြသီတာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး
၈.	ရွှေပြည်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး
၉.	ရွှေပျောက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး
၁၀.	သီတာမြိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး
၁၁.	လက်ယက်စမ်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး
၁၂.	အလွမ်းဆွတ်ကျေးရွာ ရာအိမ်မှူးများနှင့် အခြားဌာန တစ်နေရာ
၁၃.	ဘုရားကုန်းကျေးရွာဌာန တစ်နေရာ

ထုတ်ပြန်သည့်နေရာတိုင်းဌာန မှတ်ချက်ပေးရမည့်ပုံစံများကို အသုံးပြု၍လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း မှတ်ချက်များကို အင်္ဂလိပ်၊ မြန်မာ (၂)ဘာသာလုံးဖြင့် ပေးပို့နိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ မှတ်ချက်ပေးရမည့်ပုံစံများနှင့်သာမက ဖုန်းဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ပေးပို့လာသည့် မှတ်ချက်များကို လက်ခံပေးနိုင်ရန်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး(ယာယီ)၌ အရာရှိတစ်ဦးကိုလည်း တာဝန်ပေးအပ်ထားခဲ့ပါသည်။

ထုတ်ပြန်သည့်ကာလပြီးနောက် ရရှိလာသည့်မှတ်ချက်/အကြံပြုချက်များအပေါ် အရေးယူဆောင်ရွက်မှုများအား ရှင်းလင်းသည့်အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလ(၂၄)ရက်၊ (၃၀)ရက်နှင့် ၂၀၁၆ခုနှစ် ဇန်နဝါရီလ(၇)ရက်နေ့တို့တွင် သုံးကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲများနှင့်ပတ်သက်၍ အကျဉ်းချုပ်ကို ဇယား(၈-၅) တွင် ဖော်ပြထားပြီး အသေးစိတ်ကို နောက်ဆက်တွဲ(၅)တွင် ဖော်ပြထားပါသည်။

ဇယား(၈-၅) မှတ်ချက်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းသည့် အလုပ်ရုံဆွေးနွေးပွဲများ အကြောင်း အကျဉ်းချုပ်

အကြောင်းအရာ	ပထမအစည်းအဝေး	ဒုတိယအစည်းအဝေး	တတိယအစည်းအဝေး
၁. နေ့စွဲနှင့် အချိန်	၂၀၁၅ခုနှစ် ဒီဇင်ဘာလ (၂၄)ရက်	၂၀၁၅ခုနှစ် ဒီဇင်ဘာလ (၃၀)ရက်	၂၀၁၆ခုနှစ် ဇန်နဝါရီလ (၇)ရက်
၂. နေရာ	၁) သီလဝါရှိ IRPစီမံကိန်း အစည်းအဝေး ခန်းမ	၁) အလွမ်းဆွတ်ကျေးရွာ၊ ဘုန်းကြီးကျောင်း ၂) သီတာမြိုင်ရပ်ကွက် ဓမ္မာရုံ	၁) ရွှေပျောက်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး ၂) အေးမြသီတာရပ်ကွက် ဓမ္မာရုံ ၃) အေးမြသီတာရပ်ကွက်

အကြောင်းအရာ	ပထမအစည်းအဝေး	ဒုတိယအစည်းအဝေး	တတိယအစည်းအဝေး
			ဟိန္နုဘုရားကျောင်း
၃. ဖိတ်ကြားထားသူများ	၁) အေးမြသီတာရပ်ကွက် (ဧရိယာ၂-၁)မှ ဒေသခံများ	၁) အလွမ်းဆွတ်/ဘုရားကုန်းကျေးရွာ ၂) သီတာမြို့ရပ်ကွက်တို့မှ ဒေသခံများ	၁) ရွှေပျောက်ကျေးရွာ ၂) အေးမြသီတာရပ်ကွက် ၃) ရွှေပြည်သာယာရပ်ကွက်တို့မှ ဒေသခံများ
၄. ရည်ရွယ်ချက်	လက်ခံရရှိထားသည့် မှတ်ချက်များအပေါ် တုန့်ပြန်ချက်များကို ရှင်းပြရန်		
၅. တက်ရောက်သူများ	စုစုပေါင်း (၁၈)ဦး	စုစုပေါင်း(၇၁)ဦး	စုစုပေါင်း(၁၄၁)ဦး
၆. အဓိကတက်ရောက်သူများ	၁) သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ၂) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ၃) ကြားခံညှိနှိုင်းပေါင်းစပ်ပေးသူ		
၁၅						

နေ့စွဲ 11.10.15 ပါဝင်ရာရွာ အချိန် တက်ကြွသောချိန် ②

စဉ်	မွေးအမည်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	လက်မှတ်	မှတ်ချက်
၁	ဆွေမျိုးကွာရာ	ဦးတင်ဝင်း K-0665	ဦးစွန်	၁၃/မအပ(နိုင်)၁၂၀၁၇၇	တင်ဝင်း	
၂	TDM	ဦးစောဖြူ/ဒေါ်မေမြင့်ဖြူ	ဦးကျော်ကြီး	၁၂/မဂဒ(နိုင်)၀၀၇၉၀၀		မနောပဟာဂ် (ဖူး)
၃	၃ RZ 80	ဦးအားမျိုး ခိုအံကို့	ဦးကျော်ကြီး	၁၂/မတတ(နိုင်)၁၀၇၄၅၂		
၄	၄ K-391	ဦးဝင်းမြင့်	ဦးခင်မောင်	၁၂/[illegible]		ဒေါ်ခင်ဖိုး ကြည်
၅	၅ K-0849	ဒေါ်အေးသန်း	ဦးအေးမေ	၁၂/ကတန(နိုင်) ၁၀၄၄၀၀ (သေဆုံး)		သေဆုံး မျိုး
၆	၆ K-074	ဒေါ်လှမြဲ	ဦးမန်တမ်း	လျှောက်ထား		
၇	၇ K-484	ဒေါ်ကရိယာ	ဦးအာသိ	စဉ်မှ		
၈	၈ K-018	ဦးအေးလှမြင့်	ဦးဖောင်တင်	KBA 008735		
၉	၉ K-549	ဦးမင်းခိုး	ဦးလှခိုး	၁၂/ကတန(နိုင်)၀၀၃၀၅၇		
၁၀	၁၀ K-028	ဦးမိုးကောင်း/မခိုင်ခိုး	ဦးသန်းခိုး	မရှိ	ဆိုး၊ ဝေ၊ ဖော်	ထွေး
၁၁	၁၁ K-031	ဦးလှကြည်	ဦးသောင်းတင်	၁၂/တတန(နိုင်)၁၀၃၁၀၀		
၁၂	၁၂ K-026	ဦးမောင်ဂေါ်/မအေးဆွေ	ဦးညွှန့်မောင်	မရှိ	အေးစုကတော်	ဒေါ်ခင်
၁၃	၁၃ K-024	ဦးစိုးကြီး/မသင်္ကြန်ထွေး	ဦးခိုင်တွန်	၁၂/ကတန(နိုင်)၁၀၄၇၅၂		ထွေး
၁၄	၁၄ K-027	ဦးသန်းခိုး	ဦးခိုးမြင့်	၁၂/ကတန(နိုင်)၀၀၈၄၅၅	သန်းခိုး	
၁၅	၁၅ K-030	ဦးဝင်း	ဦးတော	၁၂/ဝနမ(နိုင်)၁၁၀၀၀၃	ဦးဝင်း	

နေ့စွဲ ... အရေးပါ ... အချိန် ... ④

စဉ်	ရွာအမည်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	လက်မှတ်	မှတ်ချက်
၁	...	...	... (K-53)	...	...	...
၂	...	...	... (K-054)	...	...	...
၃	...	...	... (K-540)	...	...	...
၄	...	...	... (K-548)	...	...	...
၅	...	...	... (K-528)	...	...	...
၆	...	...	... (K-41)	...	...	...
၇	...	...	... (K-496)	...	...	...
၈	...	...	... (K-430)	...	...	...
၉	...	...	... (K-530)	...	...	...
၁၀	...	...	... (K-418)	...	...	...
၁၁	...	...	... (K-524)	...	...	...
၁၂	...	...	... (K-489)	...	...	...
၁၃	...	...	... (K-025)	...	...	...
၁၄	...	...	... (K-463)	...	...	...
၁၅	...	...	... (K-434)	...	...	...

နေ့စွဲ ... အရေးပါ ... အချိန်

စဉ်	အမည်	မှတ်ပုံတင်အမှတ်	ဌာန	လက်မှတ်	မှတ်ချက်
၁	...	...	...	...	
၂	...	...	...	...	
၃	...		...	...	
၄	...	...	...	...	
၅	...	...	...	...	
၆					
၇					
၈					
၉					
၁၀					
၁၁					
၁၂					
၁၃					
၁၄					
၁၅					
၁၆					
၁၇					

နောက်ဆက်တွဲ (၅)

မှတ်ချက်များအပေါ် အရေးယူဆောင်ရွက်မည့်အခြေအနေများနှင့်
ပတ်သက်၍ ရှင်းလင်းသည့် အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းများ

ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွက်ရေးဆွဲထားသည့် မူဘောင်နှင့်စပ်လျဉ်းသည့် မှတ်ချက်များနှင့် ဆောင်ရွက်သွားမည့် အစီအစဉ်များ

အုပ်စု	ဒေသခံများထံမှ မှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/တောင်းဆိုခြင်း)	မှမှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/ တောင်းဆိုခြင်း)အပေါ် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများ
အထွေထွေ	သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအား တည်ဆဲ ဥပဒေများနှင့်အညီ ဒေသခံများ၏အနာဂတ်အား အလေးထားကာ ဆောင်ရွက်သွားရန်	သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအား တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပြန်လည်နေရာချထားရေးလုပ်ငန်းများကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဧရိယာ-၂မှ မြေသိမ်းခြင်းနှင့်ပတ်သက်၍ ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
	မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်အား စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် အိမ်ထောင်စုများနှင့် ဆွေးနွေးတိုင်ပင်ကာ တိတိကျကျရေးဆွဲရန်	မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်တွင်ပါဝင်မည့် အကြောင်းအရာအကျဉ်းချုပ်ကို သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပြီး ဒေသခံများပူးပေါင်းပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ကာ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်ကို ရေးဆွဲသွားမည်ဖြစ်ပါသည်။
	ပထမနှင့် ဒုတိယအကြိမ်ဆွေးနွေးပွဲများ၌ ဒေ သခံများ၏ မေးမြန်းချက်နှင့် အကြံပြုချက်များကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးဆွဲရန်	လက်ခံရရှိထားသည့် မှတ်ချက်များ/အကြံပြုချက်များကို မူဘောင်နှင့် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲနိုင်ရန် လေ့လာသွားမည်ဖြစ်ပါသည်။
	အချို့အိမ်ထောင်စုများမှာ အကျုံးဝင်စာရင်း တွင်ပါဝင်ခြင်းမရှိပါ။ အချို့မှာ အကျုံးမဝင် သော်လည်း အကျုံးဝင်စာရင်း၌ ပါဝင်နေ	၂၀၁၅ခုနှစ် အောက်တိုဘာမှာ နိုဝင်ဘာလအတွင်း ကျေးရွာများ၌ အကျုံးဝင်/မဝင်အတည်ပြုရန်အတွက် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးနိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီထံသို့ စာရေးသားပေးပို့နိုင်ပါသည်။
	ဦးစားပေးအဖြစ် ရပ်ကွက်နှစ်ခုအကြား ဟိန္ဒူဘုရားကျောင်းအနီးတွင် အမြန်ဆုံးနေရာချထားပေးရန်၊ ထိုနေရာတွင် အခက်အခဲရှိပါက အခြားမည်သည့်နေရာတွင်မဆို ပြန်လည်နေရာချထားပေးနိုင်	ပြန်လည်နေရာချထားမည့်အချိန်နှင့် ချထားပေးမည့်နေရာစသည်တို့ကို ညှိနှိုင်းဆွေးနွေးပွဲ၌ ဆွေးနွေးသွားပါမည်။
အထူးစီးပွားရေးဇုန်	ကစားကွင်းအား အထူးစီးပွားရေးဇုန်ဧရိယာမှ ချန်လှပ်ထားခဲ့ရန်	ပြည်ထောင်စုအဆင့်မှ ဆုံးဖြတ်ခဲ့ပြီးဖြစ်သဖြင့် ချန်လှပ်ဧရိယာများအား ပြင်ဆင်ပြောင်းလဲ

အုပ်စု	ဒေသခံများထံမှ မှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/တောင်းဆိုခြင်း)	မှမှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/ တောင်းဆိုခြင်း)အပေါ် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများ
မှ ချန်လှပ် ဧရိယာ		ရန်မှာ မဖြစ်နိုင်ပါ။ ယင်းဧရိယာမှာ စက်ရုံအလုပ်ရုံများအတွက် အသုံးပြုသွားမည်ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန်ဧရိယာအတွင်း၌ကစားကွင်း သို့မဟုတ် စိမ်းလန်းဧရိယာအဖြစ် အသုံးပြုရန် အတွက် မြေအသုံးချမှုပုံစံ ပါဝင်မည်ဖြစ်ပါသည်။
	ဒေသခံများအကျိုးအတွက် ဘုန်းတော်ကြီးကျောင်းအနီးရှိ ရေကန်အား ချန်လှပ်ထားခဲ့ရန်	ချန်လှပ်ဧရိယာများအား ပြည်ထောင်စုအဆင့်မှ သတ်မှတ်ပြီးဖြစ်ပြီး အဆိုပါရေကန်အား ချန်လှပ်ထားခဲ့ခြင်း မရှိပါ။ အဆိုပါကန်မှာ ချန်လှပ်ဧရိယာတစ်ခုဖြစ်သည့် ဘုန်းကြီးကျောင်းနှင့် ကပ်လျက်တည်ရှိသည့်အတွက် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အဆိုပါကန်အား ကြားခံဇုန်အဖြစ် ထားရှိနိုင်ခြင်းရှိ/မရှိကို ရင်းနှီးတည်ဆောက်သူနှင့်ဆွေးနွေးသွားမည်ဖြစ်ပါသည်။
	နတ်နန်းအား အထူးစီးပွားရေးဇုန်စီမံကိန်းဧရိယာမှ ချန်လှပ်ထားခဲ့ရန်	ချန်လှပ်ဧရိယာများကို ပြည်ထောင်စုအဆင့်မှ ၂၀၁၃ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး ဖြစ်သည့်အတွက် ချန်လှပ်ဧရိယာ တစ်ခုထပ်မံထည့်သွင်းရန်မှာ မဖြစ်နိုင်ပါ။ ယင်းဧရိယာအား ချန်လှပ်ထားခဲ့မည့်အစား လိုအပ်ပါက ပြန်လည်နေရာချထားမည့်ဧရိယာအတွင်း/အနီးဝန်းကျင်ရှိသင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့ပေးနိုင်ရန် သက်ဆိုင်ရာအဖွဲ့များနှင့် ဆွေးနွေးသွားမည်ဖြစ်ပါသည်။
	ဘာသာရေးဆိုင်ရာအဆောက်အဦများ အတွက် ဘာသာရေးဆိုင်ရာလုပ်ဆောင်မှုများ ဆောင်ရွက်ရန် လုံလောက်သည့် မြေဧရိယာ ချန်လှပ်ထားပေးပါရန်	ချန်လှပ်ဧရိယာများအား ပြည်ထောင်စုအဆင့်မှ သတ်မှတ် ပြီးဖြစ်သည့်အတွက် ၎င်းဧရိယာများအား ပြောင်းလဲခြင်း၊ အသစ်ထပ်မံသတ်မှတ်ခြင်းတို့ ဆောင်ရွက်၍ မရနိုင်ပါ။ ဘာသာရေးဆိုင်ရာ အဆောက်အဦအား ချန်လှပ်ဧရိယာအဖြစ် သတ်မှတ်ပြီးဖြစ်ပါက ၎င်းဧရိယာပတ်လည်အား ကြားခံဇုန်အဖြစ်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိကို အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ရင်းနှီးတည်ဆောက်သူနှင့်ဆွေးနွေးသွားမည်ဖြစ်ပါသည်။

အုပ်စု	ဒေသခံများထံမှ မှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/တောင်းဆိုခြင်း)	မှမှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/ တောင်းဆိုခြင်း)အပေါ် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများ
ပြန်လည်နေရာချထားမည့်နေရာ (တည်နေရာ၊ အခြေခံအဆောက်အဦ၊ မြေကွက်အရွယ်စား၊ အိမ်စသည်)	လက်ရှိအသုံးပြုနေသည့် သုသာန်မြေမှာ အထူးစီးပွားရေးဇုန်ဧရိယာအတွင်း ပါဝင်နေသည့်အတွက် သုသာန်မြေအသစ် စီစဉ်ပေးပါရန်	ဤကိစ္စအား သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်းကာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
	ရေသန့်၊ မီး၊ မိလ္လာ၊ စွန့်ပစ်ပစ္စည်း၊ ရေဆိုးမြောင်းစနစ်များအတွက် စနစ်တကျအစီအစဉ်များ ပြုလုပ်ပေးရန်	ရေတွင်းများ၊ လျှပ်စစ်မီး၊ အမှိုက်ကန်နှင့် ရေမြောင်းအပါအဝင် လိုအပ်သည့် အခြေခံအဆောက်အဦများအတွက် ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးဆွဲထားပြီး နောင်တွင် ဆက်လက်ဆွေးနွေးကာ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။
	အလွမ်းဆွတ်ကျေးရွာ ဘုန်းကြီးကျောင်းအနီးတွင် ပြန်လည်နေရာချထားပေးပါရန်	အလွမ်းဆွတ်၊ ဘုရားကုန်း၊ ရွှေပျောက်၊ ရွှေပြည်သာယာကျေးရွာများမှ တာဝန်ရှိအဖွဲ့အစည်းများနှင့် ၂၁. ၁၂. ၂၀၁၅ တွင် ကွင်းဆင်းကြည့်ရှုထားပါသည်။ ၂၂. ၁၂. ၂၀၁၅တွင် အေးမြသီတာနှင့် သီတာမြိုင်ကျေးရွာတို့တွင် ကွင်းဆင်း ကြည့်ရှုထားပါသည်။ ဒေသခံတို့၏ လိုအပ်ချက်အား ဦးစား ပေး-၁၊ ဦးစားပေး-၂ခွဲ၍ တင်ပြသွားပါမည်။ အသေးစိတ်ကို သက်ဆိုင်ရာအပိုင်းလိုက်ရေးဆွဲမည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက် ရေးဆွဲစဉ်တွင် ဆွေးနွေးသွား မည်ဖြစ်ပါသည်။
	ကျေးရွာမှ ကိုးကွယ်လျှက်ရှိသည့် ဘုန်းကြီးကျောင်း အနီးတွင် ပြန်လည်နေရာချထားပေးပါရန်	------- ။ -------
	ကျောက်တန်းမြို့နယ်၊ မြို့သာယာရပ်ကွက်ရှိ (၂၁)ဧကအား ပြန်လည်နေရာချထားမည့်နေရာအဖြစ် ဖော်ပြထားပါသည်။ ဂျူက်ကာ၏ ပြန်လည်နေရာချထားရေးဆိုင်ရာမူဝါဒ၌ ဒေသခံများရွေးချယ်ပြီး တောင်းဆိုသောနေရာအား ချထားပေးရန်နှင့် ပြောင်းရွှေ့ပြီးနောက် အိမ်ထောင်စုများ ပိုင်ဆိုင်သည့်မြေကွက်များအား တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများ ပေးအပ်ရန်လိုအပ်ပါသည်။ လယ်မြေပိုင်ဆိုင်သော လယ်သမားများအား ပေ ၆၀ x ၈၀နှင့် အခြား မိသားစုများအား ပေ ၄၀ x ၆၀ မြေကွက်များ ပံ့ပိုးပေးရန်	ဂျူက်ကာ၏ လမ်းညွှန်ချက်များတွင် စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်အိမ်ထောင်စုများ ပြောင်းရွှေ့လိုသည်နေရာ၌ ပြန်လည်နေရာချထားပေးရန် ဖော်ပြထားခြင်းမရှိပါ။ ပြန်လည်နေရာချထားပေးမည့်နေရာ၊ မြေကွက်အရွယ်အစားတို့နှင့်ပတ်သက်၍ သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲသည့်အခါ အသေးစိတ်ဆွေးနွေးနိုင်မည် ဖြစ်ပါသည်။

အုပ်စု	ဒေသခံများထံမှ မှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/တောင်းဆိုခြင်း)	မှမှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/ တောင်းဆိုခြင်း)အပေါ် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများ
	ရွာနေပြေထိုင်နှင့် ရွှေပြောင်းလုပ်သားများအား တန်းတူးမစဉ်းစားသင့်ပါ။ မြေကွက်အရွယ်အစားနှင့် ပြန်လည်နေရာချထားမည့်နေရာလည်း မတူညီသင့်ပါ။ အခြားတစ်ဖက်တွင်လည်း ရွာနေပြေထိုင်မဟုတ်သူများအနေဖြင့် အခြားသူများနှင့်တန်းတူစဉ်းစားစေလိုပါသည်။ သို့သော် ပြန်လည်နေရာချထားရာတွင် မည်သည့်နေရာဖြစ်စေလက်ခံနိုင်ပါသည်။	ဒေသခံအချင်းချင်း ငြိမ်းချမ်းစွာ ဆွေးနွေးရန် အကြံပြုလိုပါသည်။ သို့မဟုတ် သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များရေးဆွဲရန်အတွက် နောက်တစ်ကြိမ်ကျင်းပမည့် ညှိနှိုင်းဆွေးနွေးပွဲ၌ တင်ပြဆွေးနွေးသင့်ပါသည်။
	တစ်ရက်လျှင် ကျွဲ/နွားနို့ရောင်းရာမှ တစ်သောင်းကျပ်ခန့် ဝင်ငွေရှိသည့် တောင်သူအတွက် တိရစ္ဆာန်များ လွှတ်ကျောင်းရန်အတွက် ပေ(၆၀×၈၀)မြေကွက်ပံ့ပိုးပေးသင့်။ ထို့အပြင် ငှားထားသည့် သူရင်းငှားများအတွက်လည်း ငွေကြေးပံ့ပိုးပေးသင့်။	သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲသည့်အခါ ဆွေးနွေးနိုင်ပါသည်။
မြေ	ပိုင်ဆိုင်မှုအထောက်အထားရှိသည့် ဥယျာဉ်ခြံမြေရှိသော်လည်း လျှော်ကြေးရရှိခဲ့ခြင်းမရှိပါ။ ၎င်းမြေပေါ်တွင် နှစ်ရှည်ပင်များစိုက်ပျိုးကာ လက်ရှိအချိန်အထိ နေထိုင်လျှက်ရှိ	ဧရိယာ-၂အတွင်းရှိ မြေများအတွက် ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း လျော်ကြေးပေးအပ်သွားမည်ဖြစ်ပါသည်။ မြေသိမ်းယူခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေသူများအနေဖြင့် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးများသို့ တင်ပြနိုင်ပြီး သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး (ယာယီ)သို့လည်းပေးပို့နိုင်ပါသည်။ ဧရိယာ-၂အပြင်ဘက်၌တည်ရှိပါက မြေအတွက် လျော်ကြေးပေးမည်မဟုတ်ပါ ။ သို့ရာတွင်**သီးနှံလျော်ကြေးမှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပါ သတ်မှတ်ချက်ထက်ပိုများပါသည်။** ဥယျာဉ်ခြံမြေတွင် စိုက်ပျိုးထားသည့် သီးနှံများအတွက် သီးနှံလျော်ကြေးကို မူဘောင်တွင်ရေးဆွဲထားသည့်အတိုင်း ပံ့ပိုးပေးပါမည်။
	လယ်ယာမြေလျော်ကြေးနှင့်ပတ်သက်၍ မူဘောင်၌ ဖော်ပြထားခြင်းမရှိ	- ဧရိယာ-၂အပြင်ဘက်၌ တည်ရှိသည့် လယ်မြေအတွက် သီးနှံလျော်ကြေး (၆) နှစ်စာနှင့် သစ်ပင်နှင့် အခြားသီးနှံများအတွက် (၄)နှစ်စာ (မြေလျော်ကြေးမပါ) ပံ့ပိုးပေးမည် ဖြစ်ပါသည်။

အုပ်စု	ဒေသခံများထံမှ မှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/တောင်းဆိုခြင်း)	မှမှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/ တောင်းဆိုခြင်း)အပေါ် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများ
		- ဧရိယာ-၂အတွင်း ၌တည်ရှိသည့် လယ်မြေအတွက် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့် အညီ သီးနှံလျှော်ကြေး (၃)နှစ်စာနှင့် သစ်ပင်နှင့် အခြားသီးနှံများအတွက် (၃)နှစ်စာတို့ကို ပံ့ပိုးပေးမည် ဖြစ်ပါသည်။ မြေပိုင်ရှင်များအား မြေလျှော်ကြေးများ ပေးအပ်သွားမည်ဖြစ်ပါသည်။
	လယ်ယာမြေအတွက် လျော်ကြေးမပေးပါက လက်ခံမည်မဟုတ်	------- ။ -------
	မြေသိမ်းအမိန့်ကို မြေသိမ်းဆည်းစဉ်က ထုတ်ပြန်ရမည့်အစား ၂၀၁၅ခုနှစ်ကျမှသာ ထုတ်ပြန်ခဲ့သည့်အတွက် မြေသိမ်းဆည်းမှုသည် ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေနှင့် အညီ သိမ်းယူခဲ့ခြင်းမဟုတ်။	၁၉၉၆-၉၇ခုနှစ် မြေသိမ်းရာတွင် ၁၈၉၄ခုနှစ် မြေသိမ်းအက် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်များမှ မြေသိမ်းယူခြင်းကို ဆောင်ရွက်ပြီးနောက် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသို့ လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်ပါသည်။
	ဒေသခံများမှာ မိမိတို့မူလနေရာမှ အခြားနေရာသို့ ပြောင်းရွှေ့သွားပြီးမှ ပြန်လည်ပြောင်းရွှေ့လာခြင်း မဟုတ်ဘဲ ၂၀၀၁ခုနှစ်မှ ၂၀၁၂ခုနှစ်အထိ အခွန်ပေးဆောင်ပြီး ဆက်လက်လုပ်ကိုင်နေသူများ ဖြစ်သည့်အတွက် ၎င်းမြေအား ပိုင်ဆိုင်ပါသည်။ အစိုးရမှ ပိုင်ဆိုင်ခြင်းမဟုတ်ပါ။	မြေပိုင်ဆိုင်မှုအထောက်အထားများအဖြစ် ဒေသခံတောင်သူများယူဆထားသည့် စာရွက်စာတမ်းမှာ စိုက်ပျိုးလုပ်ကိုင်သည့် အထောက်အထားမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ထိုစာရွက်စာတမ်းမျှဖြင့် စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူအား မြေပိုင်ဆိုင်သူအဖြစ် မှတ်ယူ၍ မရနိုင်ပါ။ ယခင်က မြေပိုင်ဆိုင်မှုများ နိုင်ငံတော်မှသာပိုင်ဆိုင်ပြီး လုပ်ကိုင်သူများမှာ သီးစားများသာဖြစ်ပါသည်။
	လျော်ကြေးမပေးအပ်ရသေးသည့် မြေအတွက်လျော် ကြေးတွက်ချက်ရာတွင် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ နှင့်အညီ တွက်ချက်လျော်ကြေးပေးရန်	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသည့် နို့တစ်စာတွင် ဖော်ပြထားသည့်အတိုင်း ဧရိယာ-၂အတွက် မြေလျော်ကြေးကို ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေနှင့်အညီ ပေးအပ်သွားမည်ဖြစ်ပြီး ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်နှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
	မြေယာလျော်ကြေး/နစ်နာကြေး သတ်မှတ်ရာတွင် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ(၃၁)၊ (၃၂)တို့ကို လိုက်နာဆောင်ရွက်ပြီး နည်းဥပဒေပုဒ်မ(၆၇)အရ လျော်ကြေးတွက်ချက်ပေးရန်နှင့် ဂျိုက်ကာ၏ ပြန်လည်နေရာချထားရေးဆိုင်ရာ မူဝါဒများကို	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသည့် နို့တစ်စာတွင် ဖော်ပြထားသည့်အတိုင်း ဧရိယာ-၂အတွက် မြေသိမ်းယူခြင်းကို ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပံ့ပိုးမှုများကို ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အတိုင်း

အုပ်စု	ဒေသခံများထံမှ မှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/တောင်းဆိုခြင်း)	မှမှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/ တောင်းဆိုခြင်း)အပေါ် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများ
	ထည့်သွင်းစဉ်းစားပေးပါရန်	ပေးအပ်သွားမည်ဖြစ်ပါသည်။ ဂျိုက်ကာ၏ လမ်းညွှန်ချက်များအပါအဝင် နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်လျှက်ရှိပါသည်။
လျော်ကြေး/ကရဏာကြေး	မြေယာအသုံးပြုပြီး ဝင်ငွေရရှိသည့် အိမ်ထောင်စုများအတွက် ပံ့ပိုးမှုများကို ရှင်းလင်းတိကျစွာ ဖော်ပြပေးပါရန်	ပံ့ပိုးမည့်အစီအစဉ်အကြမ်းဖျဉ်းကိုသာ မူဘောင်တွင် ဖော်ပြထားပြီး အသေးစိတ်ကို သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲသွားမည် ဖြစ်ပါသည်။
	- အကျုံးဝင်သည့်နောက်ဆုံးရက်စွဲကြေညာထားသည် မှာ (၃)နှစ်ခန့်ရှိပြီဖြစ်ပြီး ထို(၃)နှစ်အတွင်း အိမ်ထောင်ပြုကာ မိဘ၏ခြံဝန်းအတွင်း အိမ်ခွဲဆောက်၍ နေထိုင်ကြသည့် အိမ်ထောင်စုများစွာရှိသည့် အတွက် ၎င်းအိမ်ထောင်စုများအတွက် ထည့်သွင်းစဉ်းစားပေးပါရန် - ၎င်းအိမ်ထောင်စုများအနေဖြင့် ပြန်လည်နေရာချထားပြီးနောက် မိဘများနှင့် အတူနေထိုင်ရန်မဖြစ်နိုင်ပေ။ - နို့တစ်စာမထုတ်မီကတည်းက အိမ်ထောင်ကျပြီး မိဘနှင့်အတူနေထိုင်ခဲ့ကာ နောက်ပိုင်းတွင် သီးခြားအဆောက်အဦးဖြင့် ခွဲနေ၊ ထိုကဲ့သို့သော အိမ်ထောင်စုများကို ထည့်သွင်းစဉ်းစားပေးပါရန်	အသေးစိတ်တိုင်းတာစစ်တမ်းကောက်ယူခဲ့စဉ်က အတည် ပြုခဲ့ပြီး အကျုံးဝင်ရက်စွဲမတိုင်မီက အချက်အလက်များအ ရ မြေကွက်ပံ့ပိုးမှုများ ပေးအပ်ခြင်းဖြစ်ပါသည်။ နိုင်ငံတကာထုံးစံနှင့် အညီ အကျုံးဝင်ရက်စွဲအား သတ်မှတ်ကြေညာခဲ့ပါသည်။ အကျုံးဝင့်/မဝင်နှင့်စပ်လျဉ်း၍ ကျေးရွာတစ်ရွာချင်းစီ၌ အစည်းအဝေးများကျင်းပကာ အတည်ပြုခဲ့ပြီး အောက်ဖော်ပြပါ အိမ်ထောင်စုများမှာ အကျုံးမဝင်ပါ။ - ယင်းရက်စွဲ၏နောက်ပိုင်းမှ နေအိမ် (သို့မဟုတ်) တဲဆောက်လုပ်ခြင်း၊ - ယင်းရက်စွဲမတိုင်မီက အိမ်ထောင်ကျထားသော်လည်း နေအိမ်သီးခြားမရှိခြင်း၊ - မပြောင်းရွှေ့မီ ကြားကာလ၌ အိမ်ထောင်ကျ၍သော်လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း အကျုံးဝင်ရက်စွဲ၌ အိမ်တစ်လုံးရှိပါက ပြန်လည်နေရာချထားမည့်နေရာ၍ မြေကွက်တစ်ကွက်ပံ့ပိုးပေးမည်ဖြစ်ပြီး ကရုဏာကြေးပံ့ပိုးမည့် အစီအစဉ်အတွက် လက်ရှိရေးဆွဲထားသည့် မူဝါဒအရ ပြန်လည်နေရာချထားမည့်နေရာ၌ သီးခြားမြေကွက်ပံ့ပိုးပေးရန် မဖြစ်နိုင်ပါ။ အထက်ပါအိမ်ထောင်စုများအနေဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာများ၌သာ သီးခြားတင်ပြလျောက်ထားသင့်ပါသည်။
	မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများအား ကူညီထောက်ပံ့ရာတွင် ထောက်ပံ့မည့်အချိန်ကာလတစ်ခု သတ်မှတ်ကာ မူဘောင်တွင် ရှင်းရှင်းလင်းလင်းထည့်သွင်းရေးဆွဲသင့်ပါသည်။ ဥပမာ- လာအိုနိုင်ငံတွင်	မသန်စွမ်းသူများအတွက် ရာသက်ပန်ပံ့ပိုးမှုများအပါအဝင် မသန်စွမ်းနှင့် သက်ကြီးရွယ်အိုအုပ်စုများအတွက် ရေရှည်ပံ့ပိုးမှုများကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများ

အုပ်စု	ဒေသခံများထံမှ မှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/တောင်းဆိုခြင်း)	မှမှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/ တောင်းဆိုခြင်း)အပေါ် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများ
	သက်ကြီးရွယ်အိုများအား (၃)နှစ်စာ ထောက်ပံ့၍ မသန်စွမ်းများအား ရာသက်ပန် ထောက်ပံ့ပေးပါသည်။	မှ ပံ့ပိုးပေးလျှက်ရှိသည့် လူမှုရေးဆိုင်ရာအစီအစဉ်များရှိ/မရှိကို စုံစမ်းပေးမည်ဖြစ်ပါသည်။ ထိုကိစ္စရပ်များကို သက်ဆိုင်ရာအပိုင်းလိုက် ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ဆွေးနွေးညှိနှိုင်းသွားမည် ဖြစ်ပါသည်။
	မသန်စွမ်း၊ သက်ကြီးရွယ်အိုနှင့် အခြားအုပ်စုများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်နေသည့် သာမာန်အစီအစဉ်များနှင့် တန်းတူမစဉ်းစားဘဲ အထူးကိစ္စရပ်အနေဖြင့် စဉ်းစားသင့်ပါသည်။	သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲသည့်အခါ ဆွေးနွေးနိုင်ပါသည်။
	အကူးအပြောင်းကာလအတွက် ပံ့ပိုးရာတွင် ဟက်တာ(၄၀၀)ပြောင်းရွှေ့စဉ်က (၇)ရက်စာအတွက်သာ ပံ့ပိုးခြင်းမှာ မလုံလောက်ပါ ။ လုံလောက်သည့်ကာလ တစ်ခု သတ်မှတ်ပေးသင့်ပါသည်။	ပြန်လည်နေရာချထားရေးဆိုင်ရာ ပံ့ပိုးမှုများတွင်ပါဝင်သည့် အကူးအပြောင်းကာလဆိုသည်မှာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ တည်ငြိမ်လာသည့် အချိန်အထိ မဟုတ်ဘဲ ပြောင်းရွှေ့ပြီးနောက် ဘဝသစ်ပြန်လည်စတင်ရန် ကြားကာလအတွက်ဖြစ်ပါသည်။ အသေးစိတ်ကို သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များရေးဆွဲသည့်အခါ လေ့လာနိုင်ပါသည်။
	ကရင်ကောကြေးအစား လျော်ကြေး/နစ်နာကြေးဟု ပြောင်းလဲသုံးစွဲသင့်	လျော်ကြေး သို့မဟုတ် နစ်နာကြေးဟူသည့် အသုံးအနှုန်းကို မြေသိမ်းယူခြင်းဆိုင်ရာတရားဝင်မူဘောင်တွင် အသုံးပြုထားပါသည်။ ကရင်ကောကြေးပံ့ပိုးမှုများဆိုသည်မှာ နိုင်ငံတကာစံချိန်စံညွှန်းများကို အခြေခံထားခြင်းဖြစ်ပါသည်။ ကရင်ကောကြေးဟူသည့် အသုံးအနှုန်းကို ပြန်လည်နေရာချထားခြင်းကြောင့် ပေါ်ပေါက်လာသည့် ဝင်ငွေဆုံးရှုံးမှုများနှင့် အခြားအခက်အခဲများအတွက် ပံ့ပိုးရာတွင် အသုံးပြုပါသည်။ ထို့ကြောင့် လျော်ကြေး/နစ်နာကြေးနှင့် ကရင်ကောကြေးပံ့ပိုးမှုများဟူသည့် အသုံးအနှုန်းများမှာ မတူညီပါ။
	ဆုံးရှုံးသွားသူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ပြန်လည်ကုစားမှုများအပြင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကို ထည့်သွင်းစဉ်းစားသင့်၊ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ဆောင်ရွက်ရာတွင် ထိခိုက်နစ်နာသူများနှင့် ညှိနှိုင်းတိုင်ပင်ကာ	ပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်း၏ ရည်ရွယ်ချက်မှာ ပြန်လည်နေရာချထားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများအတွက် ပံ့ပိုးမှုများ ပေးအပ်ရန် ဖြစ်ပါသည်။ ပြန်လည်နေရာချထားခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ

အုပ်စု	ဒေသခံများထံမှ မှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/တောင်းဆိုခြင်း)	မှမှတ်ချက်များ (မေးမြန်းခြင်း/စုံစမ်းခြင်း/ တောင်းဆိုခြင်း)အပေါ် အရေးယူဆောင်ရွက်သွားမည့် အခြေအနေများ
	တိတိကျကျ ဖော်ပြပေးသင့်ပါသည်။	ထိခိုက် နစ်နာမှုများ ကြုံတွေ့နိုင်ပြီး ၎င်းတို့ကို မူလဝင်ငွေအခြေ အနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ အလုပ်လုပ်ကိုင်လိုသူများအား မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်များမှတဆင့် မိတ်ဆက်ပေးသွားမည်ဖြစ်ပါသည်။
	မွေးမြူရေးနှင့်ပတ်သက်၍ ပံ့ပိုးရာတွင် ကျွဲနွားများအတွက်သာ ပါဝင်ပါသည်။ ဟက်တာ(၂၀၀၀) စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံများသည် မိသားစုဝင်ငွေရရှိရန်အတွက် ကြက်၊ ဝက်၊ ဆိတ်၊ ဘဲတို့ကိုလည်း မွေးမြူသည့်အတွက် ၎င်းတိရစ္ဆာန်များအတွက်လည်း ပံ့ပိုးပေးသင့်ပါသည်။	မွေးမြူရေးအား ရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုများအဖြစ် မှတ်ယူသည့်အတွက် နိုင်ငံတကာစံချိန်စံညွှန်းများ၌ မွေးမြူရေးအတွက် မည်သည့် ပံ့ပိုးမှုကိုမျှ ပေးအပ်ခြင်းမရှိပါ။ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအား ဆောင်ရွက်ရာတွင် ပြောင်းရွှေ့ပြီးနောက် ပြန်လည်နေရာချထားသည့် နေရာ၌ တိရစ္ဆာန်အကောင်အကြီးများ ဆက်လက်မွေးမြူရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် တိရစ္ဆာန်အကောင်ကြီး မွေးမြူခြင်းနှင့်ပတ်သက်၍ ဆုံးရှုံးနစ်နာမှုများအတွက် ပံ့ပိုးမှုများ ပေးအပ်ခြင်းဖြစ်ပါသည်။ တိရစ္ဆာန်အကောင်သေးမွေးမြူခြင်းအတွက်မူ ပြောင်းရွှေ့ပြီးနောက် ပြန်လည်နေရာချထားသည့်နေရာ၌ ဆက်လက်မွေးမြူနိုင်ခြေရှိသည်ဟု ယူဆပါသည်။ ထို့ကြောင့် အခြေခံအားဖြင့် အကောင်သေးမွေးမြူခြင်းအတွက် ပံ့ပိုးမှုများ ပေးအပ်မည် မဟုတ်ပါ။ ပြန်လည်နေရာချထားပြီးနောက် တိရစ္ဆာန်အကောင်သေးများကိုပင် ဆက်လက်မွေးမြူနိုင် ခြင်းမရှိပါက လိုအပ်သည့်အစီအမံများကို သီးခြားပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်များ ရေးဆွဲသည့် အခါ ဆွေးနွေးသွားမည်ဖြစ်ပါသည်။
	ငါး၊ ပုစွန်ကန်များမှာ လန-၃၉ကျပြီးဖြစ်သည့်အတွက် ၎င်းတို့အတွက် ပံ့ပိုးမည့်မူဝါဒများကို မူဘောင်တွင် ထည့်သွင်းရေးဆွဲသင့်ပါသည်။	ငါး၊ ပုစွန်မွေးမြူခြင်းမှရရှိသည့်ဝင်ငွေနှင့်ပတ်သက်၍ ဝင်ငွေလမ်းကြောင်းဆုံးရှုံးမှုအဖြစ် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ (ဥပမာ- ငါး၊ ပုစွန်မွေးမြူခြင်းမှရရှိသည့်ဝင်ငွေ၏ (၃)နှစ်စာပံ့ပိုးခြင်း)

အရေးယူဆောင်ရွက်ထားမှုများအား ရှင်းလင်းသည့်အလုပ်ရုံဆွေးနွေးပွဲ (ပထမနေ့)မှတ်တမ်း

ရက်စွဲ - ၂၀၁၅ခုနှစ် ဒီဇင်ဘာလ(၂၅)ရက်
နေရာ - IRP စီမံကိန်းရုံး(သန်လျင်) အစည်းအဝေးခန်းမ

<u>အဖွင့်အမှာစကားပြောကြားခြင်း</u>

ဇုန်-ဘီအဖြစ် ဟက်တာ(၇၀၀)ခန့်အား ဦးစွာအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိလျာထားချက်အရ အဆိုပါဟက်တာ(၇၀၀)အတွင်းရှိ ဒေသခံများအား ဦးစွာပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေများအရ ဟက်တာ(၄၀၀)မှ ဒေသခံများအား နေရာချထားပေးသည့်နေရာအနီးရှိ မြို့သာယာကွက်သစ်၌ ပြန်လည်နေရချထားပေးမည်ဖြစ်ကြောင်း၊ ၎င်းပြန်လည်နေရာချထားပေးမည့်နေရာအား စနစ်တကျပြင်ဆင်ကာ လိုအပ်သည့်အခြေခံအဆောက်အဦများ ထည့်သွင်းတည်ဆောက်ပေးမည်ဖြစ်ကြောင်း ဒေါက်တာသန်းအောင်မှ ရှင်းပြခဲ့ပြီး ဒေသခံများ၏သဘောထားကို မေးမြန်းရာတွင် ဒေသခံများက ရှင်းပြသည်များကို နားလည်သဘောပေါက်ပါကြောင်း၊ သို့ရာတွင် ဖြစ်နိုင်ပါက မိမိတို့လက်ရှိနေထိုင်သည့်နေရာနှင့်မဝေးသည့် အေးမြသီတာရပ်ကွက်အတွင်း၌ ပြန်လည်နေရာချထားပေးစေလိုကြောင်း၊ ဆွေမျိုးနှင့်မိတ်ဆွေများလည်း ရပ်ကွက်အတွင်း နေထိုင်လျက်ရှိကြကြောင်း၊ စီမံခန့်ခွဲမှုကော်မတီမှ စီစဉ်ပေးသည့် ပြန်လည်နေရာချထားရန်လျာထားဧရိယာမှာ မိမိတို့တောင်းဆိုသည့်နေရာနှင့်ယှဉ်ကြည့်ပါက ဝေးကြောင်း ပြန်လည်ဖြေကြားခဲ့ကြပါသည်။

ထို့အပြင် လျော်ကြေးမပေးရသေးသည့်ဧရိယာမှ တောင်သူများက တစ်ဧကလျှင် သိန်း(၁၀၀)နှုန်းဖြင့် လျော်ကြေးပေးမည်ဟု ကြားသိရကြောင်း၊ ထိုပမာဏအား လက်မခံနိုင်ကြောင်း၊ တစ်ဧကလျှင် သိန်း(၁၅၀၀)နှုန်းဖြင့်ပေးလျော်ရန် တောင်းဆိုလိုကြောင်း၊ အကြောင်းမှာ အထူးစီးပွားရေးဇုန်နှင့်ကပ်လျက်ရှိသည့် ရွှေပျောက်ကျေးရွာ၌ ဥယျာဉ်ခြံမြေအား လွန်ခဲ့သည့်(၂)နှစ်က တစ်ဧကလျှင် သိန်း(၁၂၀၀)နှင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက်ဖြစ်ကြောင်း တင်ပြခဲ့ရာ ထိုအချိန်၌ ထိုပမာဏမှာ မဖြစ်နိုင်ကြောင်း တက်ရောက်သူအချို့ထံမှ ရေရွတ်သည်ကို ကြားခဲ့ရပါသည်။

တွက်ချက်ထားသည့်ပမာဏအား ချပြခြင်းမရှိသေးသော်လည်း ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့မှ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဈေးကွက်ပေါက်ဈေးကို တွက်ချက်ထားပြီးဖြစ်ကြောင်း ဒေါက်တာသန်းအောင်မှ ရှင်းပြခဲ့ပါသည်။

ဒေသခံများက ထိုကဲ့သို့ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီတွက်ချက်သည့် နည်းလမ်းအား ပွင့်လင်းမြင်သာစွာ သိရှိလိုပါကြောင်း တင်ပြခဲ့ပါသည်။

နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီတွက်ချက်ထားသည့်နှုန်းထားမှာ ဒေသခံများမျှော်မှန်းထားသည်ထက် နည်းနိုင်ကြောင်း၊ အထူးစီးပွားရေးဇုန်ဝန်းကျင်ရှိ သတ်မှတ်မိုင်အတွင်းမှ ဈေးကွက်ပေါက်ဈေးများကို စစ်တမ်းကောက်ယူခဲ့ကြောင်း၊ ထိုသို့ကောက်ယူပြီးနောက် ရရှိသည့်ရလဒ်များကို အခြေခံကာ ပျမ်းမျှဈေးကွက်ပေါက်ဈေးကို တွက်ချက်ခြင်းဖြစ်ကြောင်း ရှင်းပြရာ ဒေသခံများမှ နိုင်ငံတကာစံချိန်းစံညွှန်းများနှင့်အညီတွက်ချက်ထားသည့် ပမာဏအား လက်ခံမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

ထို့နောက် ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေး လုပ်ငန်းမူဘောင်နှင့်ပတ်သက်၍ လက်ခံရရှိထားသည့် မှတ်ချက်များနှင့် ၎င်းမှတ်ချက်တစ်ခုချင်းစီ အပေါ် အရေးယူဆောင်ရွက်မည့်အခြေအနေများကို တစ်ခုချင်းစီရှင်းပြခဲ့ပါသည်။ ဒေသခံများထံမှ မှတ်ချက်တစ်စုံတစ်ရာထပ်မံပေးခြင်း မရှိခဲ့ပါ။ နောက်ဆုံးတွင် ဒေါက်တာသန်းအောင်က ဒေသခံများ၏ သဘောထားကို သိရှိနားလည်ပါကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသခံများ အတူတကွပူးပေါင်းက ရှေ့ဆက်ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ဒေသခံများဘက်မှ ရပ်တည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းပြရာ ဒေသခံများမှ သဘောတူညီကြောင်း ပြန်လည်ပြောဆိုခဲ့ကြပါသည်။

တက်ရောက်သူများစာရင်း (အေးမြသီတာ)

တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်း (၂၄-၁၂-၂၀၁၅)

စဉ်	တက်ရောက်သူအမည်	ကျေးရွာအမည်	ဆက်သွယ်ရန်ဖုန်း	လက်မှတ်
၁.	မိုးအိုးဆ	ဟကဝန်	၀၅၀ ၉၅၄၄၅၃၄၈	
	မို့ ဝိုက်ဖြ	။။	၀၉-၇၃၇၂၁၃၆၁၉	
	မို့ မြင့်ဝင်း	။။	၀၉ ၄၅၀၃၀၄၅၁	
	ဝင်း လှိုင်	။။	၀၉ ၇၆၉၉၇၇၇၆	
	လှ စဝွ ဉ်	။။		
	တင်ဝေဇီး	။	၀၉ ၂၆ ၂၁၆ ၈ ၁၀၄	
	ကျော်ဆုပွန့်			
	၁၁ မို့ တဖိုး			
	တင်တာရင်ဆွား	။		
	ဘကြိုင်	။		
	ဦးမြင့်မွေ	။		
	ဒွေ်ဆောင်းပြ			
	ဖြိုးဝေစိုးလွင်		၀၉ ၉၅၁၀၆၅၀၆၉	
	မြိုးနိုင်း ၁၁၇	● ဒဒီးကတိ	၀၄ ၉၇၁၆၁၈၆၀၉	
	ကျော်မိုး ၁၉၄	ဟကဝန်	၀၉၇၉၀၆၂၆၂၉၁	
	ဖို့ ဝင်းဖို့		၀၅ ၅၀၀၀၂၁၅	
	ဖိုးနိုင်ဖို့			
	မွန်အဘကား			

အရေးယူဆောင်ရွက်ထားမှုများအား ရှင်းလင်းသည့်အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့)မှတ်တမ်း

ရက်စွဲ - ၂၀၁၅ခုနှစ် ဒီဇင်ဘာလ(၃၀)ရက်
နေရာ - အလွမ်းဆွတ်ကျေးရွာနှင့် သီတာမြို့ငြိရပ်ကွက်

<u>အဖွင့်အမှာစကားပြောကြားခြင်း</u>

ယနေ့ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှာ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းမူဘောင်(မူကြမ်း)နှင့်ပတ်သက်၍ ဒေသခံများတင်ပြသည့် မှတ်ချက်များကို ရှင်းပြရန်ဖြစ်ကြောင်း ဒေါက်တာသန်းအောင်မှ ဦးစွာရှင်းပြခဲ့ပါသည်။ ထို့နောက် မှတ်ချက်များနှင့် အရေးယူဆောင်ရွက်သွားမည့်အခြေအနေများကို တစ်ခုချင်းစီရှင်းပြခဲ့ပါသည်။ ရှင်းပြအပြီးတွင် တက်ရောက်လာသူများမှ မေးခွန်းများမေးမြန်းခဲ့ပြီး မေးခွန်းနှင့် အဖြေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

<u>မေးခွန်းနှင့် တင်ပြဆွေးနွေးချက်များ (အလွမ်းဆွတ်ကျေးရွာ)</u>

- အလွမ်းဆွတ်ကျေးရွာမှ ဦးညွှန့်ဌေးက မွေးမြူရေးနှင့် ထွန်ယက်စိုက်ပျိုးရာတွင် အသုံးပြုသည့် ကွဲ/နွားတိရစ္ဆာန်များရှိကြောင်း၊ တောင်သူများမှ ငှားရမ်းသည့် သူရင်းငှားများရှိကြောင်း၊ ပြန်လည်နေရာချထားရာတွင် ၎င်းတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း တင်ပြခဲ့ပါသည်။
- ဆရာတော်ဦးစန္ဒာဝရက ဒေသခံများအနေဖြင့် မိမိတို့၏ကွဲ/နွားတိရစ္ဆာန်များကို ရောင်းချလိုခြင်းမရှိဘဲ ပြန်လည်နေရာချထားသည့်နေရာသို့ သယ်ဆောင်လာလိုသည့် တောင်သူများရှိနိုင်ကြောင်း၊ သို့ရာတွင် ပြန်လည်နေရာချထားသည့်နေရာ၌ ၎င်းကွဲ/နွားတိရစ္ဆာန်များကို ထားရန် နေရာမရှိကြောင်း၊ အပိုင်း(က)/ဇုန်-အေနှင့်ပတ်သက်၍ ဒေသခံများ၏တောင်းဆိုချက်အရ စိုက်ပျိုးရေးနှင့်မွေးမြူရေးအတွက် ဘုံမြေအဖြစ်အသုံးပြုရန် မြေ(၃)ဧကခန့်ကို စီမံခန့်ခွဲမှုကော်မတီမှ စီစဉ်ပေးရန် ပြောဆိုထားကြောင်း ရှင်းပြခဲ့ပါသည်။
- အဆိုပါဘုံမြေအား IRPစီမံကိန်း သို့မဟုတ် စီမံခန့်ခွဲမှုကော်မတီစသည်တို့မှ စီမံခန့်ခွဲမည်ဆိုပါက မြေနှင့်ပတ်သက်၍ လူမှုရေးဆိုင်ရာပြဿနာများ ပေါ်ပေါက်လာနိုင်ကြောင်း၊ အလွမ်းဆွတ်ကျေးရွာ၌ တောင်သူစုစုပေါင်း (၅၄)ဦးရှိကြောင်း၊ ၎င်းတို့အား စိုက်ပျိုးရေး/မွေးမြူရေးအတွက် ပေ(၄၀×၆၀)မြေတစ်ကွက်စီ စဉ်းစားပေးမည်ဆိုပါက မြေ(၄)ဧကခန့်သာ လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါမြေကွက်များ၌ တောင်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို ဆက်လက်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း ဦးမြလှိုင်မှ တင်ပြခဲ့ပါသည်။
- ဆရာတော်ဦးစန္ဒာဝရက မိမိပြောသည့် ဘုံမြေအား ဒေသခံများကသာ စီမံခန့်ခွဲရမည်ဖြစ်ကြောင်း၊ ထို့အပြင် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အပိုင်း(က)/ဇုန်-အေမှ သင်ခန်းစာများကို အခြေခံကာ ပြန်လည်နေရာချထားပြီးနောက် တောင်သူများအတွက် သင့်လျော်သည့်အစီအမံများကို ကြိုတင်စဉ်းစားထားပေးစေလိုကြောင်း၊ တောင်သူများအနေဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအား ပြောင်းလဲရန်မှာ အခက်အခဲများစွာရှိကြောင်း၊ ထို့အပြင် ၎င်းတို့အနေဖြင့် အထူးစီးပွားရေးဇုန်အတွင်း အလုပ်အကိုင်ရရှိရန်မှာလည်း

မလွယ်ကူကြောင်း၊ ၎င်းတို့၏မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်အတွက် စိုက်ပျိုးမွေးမြူရေးအတွက် မြေကွက်ပုံပိုးပေးမည်ဆိုပါက များစွာအထောက်အကူဖြစ်မည် ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

- အချို့ဒေသခံများမှ အခြားအရပ်မှ ပြောင်းရွှေ့လာသူများနှင့် အတူတူပြန်လည်နေရာချထားပေးခြင်းမပြုရန် ပြောဆိုသည်လည်းရှိကြောင်း၊ ရွာနေပြေထိုင်နှင့် ရွှေ့ပြောင်းလုပ်သားများ၏ လူနေမှုပုံစံများမတူညီသည့်အတွက် ရွာနေပြေထိုင်များ၏ ခံစားချက်ကို နားလည်သဘောပေါက်ပါကြောင်း၊ အဆိုပါရွှေ့ပြောင်းလုပ်သားများအနေဖြင့် မည်သည့်နေရာ၌ ပြန်လည်နေရာချထားပေးသည်ဖြစ်စေ လက်ခံကြမည်ဖြစ်ကြောင်း၊ သို့ရာတွင် ရွာနေပြေထိုင်များအနေဖြင့် မိမိတို့လက်ရှိနေရာနှင့် ဝေးသည့်နေရာသို့ ပြောင်းရွှေ့လိုမည်မဟုတ်ကြောင်း၊ တောင်သူများမှ ငှားရမ်းထားသည့် သူရင်းငှားများနှင့်ပတ်သက်၍ ငှားရမ်းသည့်တောင်သူတွင်သာ တာဝန်ရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများကို နားလည်ရမည်ဖြစ်ကြောင်း ဒေါက်တာသန်းအောင်မှ ရှင်းပြခဲ့ပါသည်။
- ၁၉၉၆-၉၇ခုနှစ်တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း(ဦးပိုင်)မှ သိမ်းဆည်းပြီး (၂၀၀၀) နှုန်းပေးလျော်ခဲ့သည့် လယ်မြေများရှိကြောင်း၊ သို့ရာတွင် မြေသိမ်းအမိန့်အား မကြာသေးမီအချိန်ကမှသာ ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း၊ ထိုသိမ်းယူထားသည့်မြေများတွင် စိုက်ပျိုးလုပ်ကိုင်နေကြသည့် တောင်သူများအား ဦးပိုင်မှ တရားစွဲဆိုထားကြောင်း၊ ထိုကိစ္စအား လွှတ်တော်သို့တင်ပြရန် စီစဉ်နေကြောင်း၊ သို့ရာတွင် ညှိနှိုင်းဆောင်ရွက်ခြင်းမှာ ပိုမိုလွယ်ကူထိရောက်သည်ဟု ယူဆသည့်အတွက် သီလဝါအထူးစီးပွားရေးဇုန်နှင့် ပတ်သက်သည့် ကိစ္စရပ်များကိုမူ လွှတ်တော်သို့တင်မည်မဟုတ်ကြောင်း ဦးမြလှိုင်က တင်ပြခဲ့ပါသည်။
- ပြဋ္ဌာန်းထားသည့် ဥပဒေများအား ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းတို့ကို လွှတ်တော်ကသာ ဆောင်ရွက်နိုင်သည့်အတွက် (၂၀၀၀)နှုန်းလျော်ကြေးရရှိပြီးသူများအနေဖြင့် လျော်ကြေးထပ်ရသင့်သည်ဟု ယူဆပါက နောင်လာမည့်လွှတ်တော်သို့ တင်ပြသင့်ကြောင်း၊ လျော်ကြေးမပေးရသေးသည့်ဧရိယာမှ မြေနှင့်ပတ်သက်၍မူ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များမှ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လျော်ကြေးအား တွက်ချက်လျှက်ရှိကြောင်း ဒေါက်တာသန်းအောင်မှ ရှင်းပြခဲ့ပါသည်။
- ဆရာတော်ဦးစန္ဒာဝရက ဆရာဦးသန်းအောင်ရှင်းပြသည့် ယခင်က မြေအားလုံးအား နိုင်ငံတော်မှသာ ပိုင်ဆိုင်ကြောင်း၊ သို့သော် လယ်ယာမြေဥပဒေအသစ်အရ တောင်သူများမှ ပိုင်ဆိုင်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းပြလိုကြောင်း၊ အမှန်အားဖြင့် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေသစ်ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်အတွင်းရှိ မြေ၊ ရေ၊ လေတို့၏ ပိုင်ရှင်မှာ နိုင်ငံတော်အစိုးရသာဖြစ်ကြောင်း၊ သို့ရာတွင် တောင်သူများအနေဖြင့် လွှဲပြောင်းခွင့်၊ ပေါင်နှံခွင့်၊ ရောင်းချခွင့်သာ ရရှိလာခြင်းဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

<u>မေးခွန်းနှင့် တင်ပြဆွေးနွေးချက်များ (သီတာမြိုင်)</u>

- ပြန်လည်နေရာချထားရေးအတွက် ဒေသခံများတောင်းဆိုသည့် မြေနေရာများဖော်ပြထားသည့် မြေပုံအား မြေစာရင်းဌာနမှ ယနေ့ရရှိပြီးဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်စီမံ

ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံ မကြာမီတင်ပြသွားမည်ဖြစ်ကြောင်း၊ လျော်ကြေးပေးပြီးသည့်ဧရိယာမှ မြေများအတွက် လျော်ကြေးထပ်မံရရှိလိုမှုနှင့်စပ်လျဉ်း၍ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတွင် ဆုံးဖြတ်နိုင်သည့်အခွင့်အာဏာမရှိသည့်အတွက် ဥပဒေကို နားလည် တတ်ကျွမ်းသည့် ပညာရှင်းများနှင့် ဆွေးနွေးတိုင်ပင်ကာ အစိုးရသစ်အခြေကျချိန်၌ လွှတ်တော်အသစ်သို့ တင်ပြသင့်ကြောင်း ဒေါက်တာသန်းအောင်မှ ရှင်းပြခဲ့ပါသည်။

- မိမိတို့တောင်းဆိုထားသည့်နေရာမှလွဲ၍ အခြားနေရာသို့ ပြောင်းရွှေ့ရန် လုံးဝစိတ်မဝင်စားကြောင်း ဦးအေးဌေးမှ တင်ပြခဲ့ပါသည်။
- ဆရာတော်ဦးစန္ဒဝရက ဒေသခံအများစုမှာ ပုံပိုးပေးမည့်ပမာဏအပေါ်၌သာ စိတ်ဝင်စားကြောင်း၊ အဓိကပြဿနာမှာ ပြန်လည်နေရာချထားပြီးနောက် ဝင်ငွေပုံမှန်ရရှိစေရန် သို့မဟုတ် ဝင်ငွေတိုးပွားစေရန်အတွက် မည်သို့ဆောင်ရွက်မည်ကို ကြိုတင်စဉ်းစားပြင်ဆင်မှု မရှိခြင်းဖြစ်ကြောင်း၊ အိမ်ထောင်စုတစ်စု ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိရန်မှာ အလွန်အရေးကြီးကြောင်း ရှင်းပြခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲအား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

တက်ရောက်သူများစာရင်း (အလွှမ်းဆွတ်နှင့် ဘုရားကုန်းကျေးရွာ)

တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်း (၃၀-၁၂-၂၀၁၅)

စဉ်	တက်ရောက်သူအမည်	ကျေးရွာအမည်	ဆက်သွယ်ရန်ဖုန်း	လက်မှတ်
၁။	ဒေါ်ခင်စန်းဝင်း	ဘုရားကုန်း	၀၉၄၂၁၁၃၄၀။	
၂။	ဒေါ်ခင်စော(မြစ်)	"	၀၉၇၃၂၀၇၉၇၈	
၃။	မိုးမြင့်ဇိုး	"	၀၉၃၀၀၃၉၂၇၂	
၄။	မိုးစောမှု	"	၀၉၂၅၃၅၄၅၉၄၃	
၅။	ဒေါ်မေမေမော်လွင်	"	၀၉၃၀၃၀၃၀၆၉	
၆။	ဒေါ်ဇော်မော်ရှိုင်	"	၀၉၂၅၂၃၀၈၂၉၁	
၇။	မိုးဘာဘူ	"	၀၉၇၈၅၁၈၂၁၆၉	
၈။	မိုးမျိုးအောင်မိုး	အလွှမ်းဆွတ်	၀၉၂၆၄၈၂၁၆၀၆	
၉	မိုး၁၁၆၊ အေး၊	ဟန်းဖြူး ဆွတ်။	၀၉၄၇၀၁၄၀၅၇၀	
၁၀	ကိုမိုး ဘိုရ်းမှုင်	ဟန်းဖြူး ဆွတ်။	—	
၁၁	မိုး၀ေအောင်ဝိုင်	ဒေါ်လွှဲခိုဆွတ်	၀၉၊ ၄၂၀၂၄၈၅၂၆	
၁၂	။ မြင့်မြိုင်	အလွှမ်းဆွတ်	ဇာ- ၂၈၂၂၇၉၃၀	
၁၃	ကြီးကြီးစည်း	" "		
၁၄	- မြိုး၀၀	ဟကန်း	၀၉-၂၅၄၊၄၄၃၄၈	
၁၅	ခိုး၊ စန်း၊ ပေး၀	ဟန်းဖြူး ဆွတ်	၀၉-၇၉၈၀၀၅၄၇၀	
၁၆	ဂိုဒေအောင်မြင့်	ဒေါ်လွှမ်းဆွတ်	ဇာ: ၂၅၂၄၇၅၄၀၄	
၁၇	မြို့သာကျော်	"		
၁၈။	မိုး ဆွတ်၊ လင်းဖေအောင်	"	၀၉၇၈၀၄၇၆၂၀၀	
၁၉	မြို့ထန်းဒိုင်ဂို	"		
၂၀	မှ ဝ၊ စ ဒွ	"		
၂၁	ဦး ခင်ဇော်	ဘုရားကုန်း		
၂၂	ကိုဘုန်းဝင်းမောင်	ဘုရား၊ ကုန်း	၀၉-၄၇၀၁၃၇၇၁၃	
၂၃	။ ဘုရားကိုဝမောင်	" "		
၂၄	။ ဇောင်ဘန်း	ဟလွှမ်း ဆွတ်		
၂၅	ဒေါ်စန်းလွင်	ဘုရား ကုန်	၀၉၄၂၀၂၈၀	

တက်ရောက်သူများစာရင်း (သီတာမြို့ငှ်)

တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်း (၃၀-၁၂-၂၀၁၅)

စဉ်	တက်ရောက်သူအမည်	ကျေးရွာအမည်	ဆက်သွယ်ရန်ဖုန်း	လက်မှတ်
၁	ဦးစောအေး	သီတာကြီး		
၂	ဒေါ်အေးဝင်း	"		
၃	ဦးမောင်မြင့်ဆိုင်	"		
၄	ဒေါ်စိန်စန်း	၈		
၅	ဦးကြူနီ	"		
၆	ဦးစိန်ဝင်း	"		
၇	ဦးမြဒေ	"		
၈	ဦးတင်မောင်	"		
၉	ဒေါ်ခင်ဆေး	"		
၁၀	ဦးစောသန်း	"		
၁၁	ဒေါ်အေးနု	"		
၁၂	ဒေါ်ခင်မြမော	"		
၁၃	ဦးစောဦးနီ	"		
၁၄	ဒေါ်မာမာစိုး	"		
၁၅	ဦးစောဝင်းဖြိုး	"		
၁၆	ဦးတင်ဝင်း	"		
၁၇	ဒေါ်ခင်ဖေဆင်ဖြိုး	"		
၁၈	ဦးမောင်ဝင်း	"		
၁၉	ဦးနီမြ	"		
၂၀	ဒေါ်အေးမာမာ	"		
၂၁	ဦးတင်ရေ	"		
၂၂	ဒေါ်နွဲ့ဦ	"		
၂၃	ဦးစောကျော်	"		
၂၄	ဒေါ်ခင်ဦးဆွဲ	"		
၂၅	ဦးဝင်းထွန်း	"		

တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်း (၃၀-၁၂-၂၀၁၅)

စဉ်	တက်ရောက်သူအမည်	ကျေးရွာအမည်	ဆက်သွယ်ရန်ဖုန်း	လက်မှတ်
၁	ဦးသန်းညွန့်	ခရိုင်ဝေဒနီမြို့		
၂	ဒေါ်နန်းထင်း	၎	09793268[illegible]	
၃	ဒေါ်စောစောဆွေ	၎		
၄	ဦးစိုးမြင့်ဝင်း	၎		
၅	ဦးအောင်ဇင်ဝင်း	၎		
၆	ဦးညီမောင်	၎		
၇	ဦးစိုးဝင်း	၎		
၈	ဦးသိန်းလွင်	၎		
၉	ဒေါ်သဇင်ဦး	၎		
၁၀	ဦးစိုးမိုးလေး	၎		
၁၁	ဒေါ်ကေသဇင်ဦး	၎		
၁၂	ဦးနိုင်ဝင်းနိုင်	၎		
၁၃	ဦးနိုးဖြင့်	၎		
၁၄	ဒေါ်ခင်မြင့်ဦး	၎		
၁၅	ဒေါ်ကြည်	၎		
၁၆	ဦးမင်းထူး	၎		
၁၇	ဦးစိုးဝေအောင်	၎		
၁၈	ဦးခေါင်းဆွန်	၎		
၁၉	ဦးသိန်းဝေ	၎		
၂၀	ဦးဝင်းဆွေဦး	၎		
၂၁	ဦးနန်းစွန်			

အရေးယူဆောင်ရွက်ထားမှုများအား ရှင်းလင်းသည့်အလုပ်ရုံဆွေးနွေးပွဲ (တတိယနေ့)မှတ်တမ်း

ရက်စွဲ - ၂၀၁၆ခုနှစ် ဇန္နဝါရီလ(၇)ရက်
နေရာ - ရွှေပျောက်ကျေးရွာ၊ အေးမြသီတာရပ်ကွက်နှင့် ရွှေပြည်သာယာရပ်ကွက်

<u>အဖွင့်အမှာစကားပြောကြားခြင်း</u>

ယနေ့ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှာ ဟက်တာ(၂၀၀၀)စီမံကိန်းဧရိယာအတွက် ရေးဆွဲထားသည့် ပြန်လည်နေရာချထားရေးလုပ်ငန်းမူဘောင်(မူကြမ်း)နှင့်ပတ်သက်၍ ဒေသခံများတင်ပြသည့် မှတ်ချက်များကို ရှင်းပြရန်ဖြစ်ကြောင်း ဒေါက်တာသန်းအောင်မှ ဦးစွာရှင်းပြခဲ့ပါသည်။ ထို့နောက် မှတ်ချက်များနှင့် အရေးယူဆောင်ရွက်သွားမည့်အခြေအနေများကို တစ်ခုချင်းစီရှင်းပြခဲ့ပါသည်။ ရှင်းပြအပြီးတွင် တက်ရောက်လာသူများမှ မေးခွန်းများမေးမြန်းခဲ့ပြီး မေးခွန်းနှင့် အဖြေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

<u>မေးခွန်းနှင့် တင်ပြဆွေးနွေးချက်များ (ရွှေပျောက်ကျေးရွာ)</u>

- ရွှေပျောက်ကျေးရွာမှ ဒေသခံများက မည်သည့်နေရာ၌ စီစဉ်ထားသည်ဖြစ်စေ အမြန်ဆုံးပြောင်းရွှေ့ပေးစေလိုကြောင်း၊ အိမ်ထောင်စု(၅၀)ခန့်မှာ ၂၀၁၃ခုနှစ် ဇန္နဝါရီလတွင်ထုတ်ပြန်ခဲ့သည့် နို့တစ်စာကြောင့် အဆောက်အဦးများဖျက်သိမ်းကာ အိမ်ငှား၍ နေထိုင်နေကြရကြောင်း၊ တစ်လလျှင် အိမ်ငှားခ(၃၀၀၀၀)ကျပ်ပေးရကြောင်း၊ မတတ်နိုင်တော့ကြောင်း၊ သင့်တော်သည့်နေရာသို့ ပြန်လည်နေရာချထားပေးရန် အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ ဖြစ်နိုင်ပါက မိမိတို့တင်ပြထားသည့် ရပ်ကွက်(၂)ခုအကြား ဘုရားကျောင်းအနီးပထမဦးစားပေးနေရာ၌ စီစဉ်ပေးစေလိုကြောင်း၊ ထိုနေရာမရနိုင်ပါက မည်သည့်နေရာမဆို အဆင်ပြေကြောင်း တင်ပြခဲ့ကြပါသည်။
- ဆရာတော်ဦးစန္ဒာဝရက သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နို့တစ်စာကြောင့် အဆောက်အဦးဖျက်သိမ်းကာ ပြောင်းရွှေ့ပေးခဲ့ကြသည့် ဒေသခံများအတွက် ဦးစားပေးကာ အဆင်ပြေအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိမှာ အခြေအနေအား လေ့လာနေခြင်းသာဖြစ်ကြောင်း၊ နောင်တွင်ဆောင်ရွက်မည့် IRP လုပ်ငန်းများကို ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တစ်နေရာတည်းတွင် ပြောင်းရွှေ့နေရာချထားရန် ဒေသခံများအနေဖြင့် စဉ်းစားစေလိုကြောင်း မြလျော်ကြေးနှင့် ပြန်လည်နေရာချထားရေးကို သီးခြားစီ စဉ်းစားဆွေးနွေးစေလိုကြောင်း၊ ဥပဒေကို လေးစားလိုက်နာသည့် ဒေသခံများအား ဦးစားပေးအဖြစ် သက်ဆိုင်ရာတာဝန်ရှိသူများမှ စဉ်းစားပေးစေလိုကြောင်း၊ ဒေသခံများအနေဖြင့်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ရှင်းပြခဲ့ပါသည်။
- ဒေသခံများ၏ လက်ရှိရင်ဆိုင်နေရသည့်အခက်အခဲနှင့် အမြန်ဆုံးပြောင်းရွှေ့လိုသည့်ဆန္ဒတို့ကို သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံ တင်ပြပေးမည်ဖြစ်ကြောင်း ဒေါက်တာသန်းအောင်မှ ရှင်းပြခဲ့ပါသည်။

<u>မေးခွန်းနှင့် တင်ပြဆွေးနွေးချက်များ (အေးမြသီတာ)</u>

- အေးမြသီတာမှ ဒေသခံတစ်ဦးက မိမိတို့ကျေးရွာ၌ ၁) ဒေသခံမဟုတ်သူ၊ ၂) လျော်ကြေးပေးပြီးဧရိယာမှ ဒေသခံနှင့် ၃) လျော်ကြေးမပေးရသေးသည့်ဧရိယာမှ ဒေသခံဟူ၍ အုပ်စုသုံးမျိုးရှိကြောင်း၊ (၁၈)နှစ်ခန့်အတွင်း ဒေသခံများမှာ အလွန်ဒုက္ခရောက်ကြရကြောင်း၊ ထို့ကြောင့် အထက်ဖော်ပြပါ အုပ်စု(၃)မျိုးစလုံးကို တန်းတူထား စဉ်းစားခြင်းမပြုသင့်ကြောင်း၊ အုပ်စုတစ်စုချင်းစီအတွက် မည်သို့ပံ့ပိုးသွားမည်ဆိုသည်ကို သိရှိလိုကြောင်း၊ ထိုသို့သိရှိရမှသာ ဆက်လက်ဆွေးနွေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။
- ဒုတိယနှင့် တတိယအုပ်စုများအတွက် သတ်မှတ်ပြီးဖြစ်ပါကြောင်း ပထမအုပ်စုနှင့်ပတ်သက်၍မူ ညှိနှိုင်းဆွေးနွေးပွဲများ၌ ဒေသခံအစစ်အမှန်များမှ ဆွေးနွေးရန်လိုကြောင်း၊ လက်ရှိတွင်အားလုံးအား ဒေသခံအစစ်အမှန်နှင့် အစစ်အမှန်မဟုတ်သူဟူ၍ ခွဲခြားခြင်းမပြုဘဲ တန်းတူစဉ်းစားထားကြောင်း ဒေါက်တာသန်းအောင်မှ ပြန်လည်ရှင်းပြခဲ့ပါသည်။
- အေးမြသီတာမှ ဒေသခံတစ်ဦးက လျော်ကြေးမပေးရသေးသည့်ဧရိယာ၌ ဦးသာစိန်နှင့် ဦးကျော်သန်းတို့အနီးတွင် ဥယျာဉ်ခြံမြေရှိပါကြောင်း၊ သို့ရာတွင် အကျုံးဝင်စာရင်း၌လည်းကောင်း၊ တောင်ပိုင်းခရိုင်မှ လျော်ကြေပေးမည့်စာရင်း၌လည်းကောင်း၊ မည်သည့်စာရင်းတွင်မှ ပါဝင်ခြင်းမရှိကြောင်း တင်ပြခဲ့ပါသည်။
- သီလဝါလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက မည်သည်မြေအမျိုးအစား၌ ပါဝင်ကြောင်းကို သက်ဆိုင်ရာမြေစာရင်းဌာနသို့ သွားရောက်စစ်ဆေးသင့်ကြောင်း အကြံပြုခဲ့ပါသည်။
- သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနနှင့် အတည်ပြုပေးမည်ဖြစ်ကြောင်း ဒေါက်တာသန်းအောင်များ ပြန်လည်ဖြေကြားခဲ့ပါသည်။
- သီလဝါလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက အကျုံးဝင်ရက်စွဲနောက်ပိုင်းမှ အိမ်ထောင်ပြုပြီး မိဘများထံမှ အိမ်ခွဲနေသည့်အိမ်ထောင်စုများနှင့်စပ်လျဉ်း၍ ဒေါက်တာသန်းအောင်၏ရှင်းလင်းချက်နှင့်ပတ်သက်ပြီး တင်ပြလိုကြောင်း၊ ၎င်းအိမ်ထောင်စုများမှာ သီလဝါအထူးစီးပွားရေးဇုန်အတွင်း နေထိုင်ကြခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများထံ လျှောက်ထားခြင်းထက် စီမံကိန်းမှတာဝန်ယူဆောင်ရွက်ခြင်းက ပိုမိုကောင်းမွန်မည်ဟုယူဆကြောင်း၊ သက်ကြီးရွယ်အိုများနှင့်ပတ်သက်၍လည်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် သက်ဆိုင်ရာအစီအစဉ်များအောက်တွင် ဆောင်ရွက်ပေးခြင်းထက် စီမံကိန်းမှ လိုအပ်သလို တာဝန်ယူဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့အပြင် ဆိပ်ကမ်းဧရိယာ၌ (၁၅၀၃)ဧကခန့်ရှိပြီး လန-၃၉ကျကြီးဖြစ်ကြောင်း၊ သို့ရာတွင် သက်ဆိုင်ရာ ပုဂ္ဂလိကကုမ္ပဏီများမှ ယခုတစ်ကြိမ်တွင်လည်း တစ်ဧကကို သိန်း(၇၀)ဖြင့် ထပ်မံပေးလျော်ခဲ့ကြောင်း တင်ပြခဲ့ပါသည်။
- မည်သည့်ဌာနမှ တာဝန်ယူဆောင်ရွက်သင့်သည်ဆိုသည်ကို ဆုံးဖြတ်နိုင်ရန် အကျုံးဝင်ရက်စွဲနောက်ပိုင်းမှ အိမ်ထောင်ကျသူများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများထံ တင်ပြပေးမည်ဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲတွင် ထပ်မံဆွေးနွေးစေလိုကြောင်း၊ ဆိပ်ကမ်းဧရိယာနှင့်ပတ်သက်၍ တည်နေရာအထောက်အထားများနှင့်အတူတင်ပြရန် ဦးမြလှိုင်အား မေတ္တာရပ်ခံထားပြီးဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

- ဒေသခံတစ်ဦးက ပေ(၄၀×၆၀)မြေကွက်မှာ လုံလောက်မှုမရှိကြောင်း၊ ပေ(၆၀×၈၀)မြေကွက် ပုံပိုးပေးမှသာ ကျွဲ/နွားတိရစ္ဆာန်များထားရန် အဆင်ပြေမည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။
- ပေ(၆၀×၈၀)အတွက် အာမခံနိုင်ကြောင်း၊ ဒေသခံအများစုမှာ ပေး(၄၀×၆၀)မြေကွက်နှင့် စိုက်ပျိုးမွေးမြူရေးအတွက် ဘုံမြေတို့ကို ပုံပိုးပေးရန် ဆွေးနွေးခဲ့ကြကြောင်း ဒေါက်တာသန်း အောင်မှ ပြန်လည်ရှင်းပြခဲ့ပါသည်။
- ရွှေပြောင်းလုပ်သား(၃၀)ခန့်ရှိကြောင်း၊ ၎င်းတို့အနေဖြင့်လည်း ကရုဏာကြေးပုံပိုးမှုနှင့် ပြန်လည်နေရာချထားမှု စသည်တို့နှင့်ပတ်သက်၍ ဖြစ်နိုင်ပါက တန်းတူအခွင့်အရေးရှိသင့် ကြောင်း၊ မဟုတ်ပါက မည်သည့်နေရာဖြစ်ဖြစ် အဆင်ပြေပါကြောင်း တင်ပြခဲ့ပါသည်။
- ဆရာတော်ဦးစန္ဒာဝရက ရွာနေပြေထိုင်နှင့် ရွှေပြောင်းလုပ်သားများ၏ နေထိုင်မှုပုံစံမှာ မတူညီသည့်အတွက် ရွာနေပြေထိုင်များ၏ ခံစားချက်ကို နားလည်ပါကြောင်း၊ ရွှေပြောင်းလုပ် သားများအနေဖြင့် မည်သည့်နေရာ၌ ပြန်လည်နေရာချထားပေးသည်ဖြစ်စေ ကိစ္စမရှိ ကြောင်း၊ သို့ရာတွင် ရွာနေပြေထိုင်များအနေဖြင့်မူ မိမိတို့လက်ရှိနေရာမှ အဝေးသို့ ပြောင်း ရွှေ့လိုခြင်းမရှိကြောင်း၊ ထို့ကြောင့် ရွှေပြောင်းလုပ်သားများအနေဖြင့် ပြန်လည်နေရာချထား ပေးမည့်နေရာနှင့်ပတ်သက်၍ မည်သည့်နေရာဖြစ်ဖြစ် အဆင်ပြေပါက အပိုင်း(က)ဧရိယာမှ ပြန်လည်နေရာချထားပေးသည့်နေရာအနီး၌ ပြန်လည်နေရာချထားပေးရန် တောင်းဆိုသင့် ကြောင်း၊ ၎င်းနေရာ၌ ပြန်လည်နေရာချထားပေးပါက ပြန်လည်နေရာချထားရေးလုပ်ငန်း စဉ်များ ပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြခဲ့ပါသည်။
- ဒေသခံတစ်ဦးက မိုးဦးမကျမီ မိမိတို့၏အဆောက်အဦးများအား ပြန်လည်ပြင်ဆင်ရမည်ဖြစ် သည့်အတွက် ဟက်တာ(၇၀၀)အား ယခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ဖြစ်/ မဖြစ်ကို သိရှိလိုပါကြောင်း မေးမြန်းခဲ့ပါသည်။
- ဒေသခံများအား ကြိုတင်အကြောင်းကြားမည်ဖြစ်သည့်အတွက် စိုးရိမ်ရန်မလိုကြောင်း ဒေါက်တာသန်းအောင်မှ ပြန်လည်ဖြေကြားခဲ့ပါသည်။
- ဆရာတော်ဦးစန္ဒာဝရက ရွာနေပြေထိုင်နှင့် ရွာနေပြေထိုင်မဟုတ်သူများ အချင်းချင်းပြဿနာ မဖြစ်စေဘဲ ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျပန်းအလုပ်သမားများအတွက် IRPအစီ အစဉ်များ ဆောင်ရွက်ရန် စီစဉ်နေသည့်အတွက် ရွာနေပြေထိုင်မဟုတ်သူများအနေဖြင့် မြို့ငှ သာယာသို့ ပြောင်းရွှေ့ရန် စဉ်းစားသင့်ကြောင်း ရှင်းပြခဲ့ပါသည်။

<u>မေးခွန်းနှင့် တင်ပြဆွေးနွေးချက်များ (ရွှေပြည်သာယာ)</u>

- ဒေသခံတစ်ဦးက ဒေါက်တာသန်းအောင်ရှင်းပြသည့်အထဲတွင် ၁၉၉၆-၉၇ခုနှစ်က လျော်ကြေးရရှိပြီးသူများအနေဖြင့် လွတ်တော်သို့တင်ပြသင့်သည်ဟု ပါဝင်ကြောင်း၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ လွတ်တော်၏အဆုံးအဖြတ်ကို စောင့်ဆိုင်းမည်လား သိရှိလိုကြောင်း မေးမြန်းခဲ့ပါသည်။
- အထူးစီးပွားရေးဇုန်စီမံကိန်းလုပ်ငန်းများမှာ လွတ်တော်၏အဆုံးအဖြတ်ကို စောင့်ဆိုင်းနေ မည်မဟုတ်ကြောင်း ဒေါက်တာသန်းအောင်မှ ပြန်လည်ဖြေကြားခဲ့ပါသည်။
- ဆရာတော်ဦးစန္ဒာဝရက မြေယာပြဿနာများကို လွတ်တော်သို့တင်ပြပါက လွတ်တော်၌ သီလဝါသာမက တစ်နိုင်ငံလုံးမှ တင်ပြလာမည့် မြေယာပြဿနာများ မြောက်မြားစွာ ရှိနိုင်

သည့်အတွက် များစွာထိရောက်မည် မဟုတ်ကြောင်း၊ မြေအသုံးချမှု မူဝါဒပြောင်းလဲရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ မြေယာဥပဒေနှင့် အထူးစီးပွားရေးဇုန်ဥပဒေတို့မှ အားနည်းချက်များကို လေ့လာထားစေလိုကြောင်း၊ ဥပဒေရေးရာကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ရန် လိုအပ်မည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

- ဒေသခံတစ်ဦးက ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေ ပြဋ္ဌာန်းထားသည့်မှာ အလွန်ကြာမြင့်ပြီဖြစ်ပြီး အိုဟောင်းနေပြီဖြစ်သည့်အတွက် ခေတ်မီသည့် ဥပဒေများနှင့်အညီ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်ကြောင်း တင်ပြခဲ့ပါသည်။
- လက်ရှိတည်ဆဲဥပဒေအား ပြင်ဆင်ခြင်းနှင့် ဥပဒေအသစ်ပြဋ္ဌာန်းခြင်းတို့မှာ လွတ်တော်နှင့်သာ သက်ဆိုင်ကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်စီမံကိန်းအား မည်သည့်ဥပဒေကို ကျင့်သုံးကာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ရန်မှာ လွတ်တော်အပေါ်၌သာ မူတည်ကြောင်း ဒေါက်တာသန်းအောင်မှ ရှင်းပြခဲ့ပါသည်။

တက်ရောက်သူများစာရင်း (ရွှေပျောက်ကျေးရွာ)

တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်း (၇-၁-၂၀၁၆)

စဉ်	တက်ရောက်သူအမည်	ကျေးရွာအမည်	ဆက်သွယ်ရန်ဖုန်း	လက်မှတ်
၁		ရွှေပျောက်		
၂		〃		
၃				
၄				
၅		〃		
၆		〃		
၇		〃		
၈		〃		
၉		〃		
၁၀		〃		
၁၁		〃		
၁၂		〃		
၁၃		〃		
၁၄		ငွေဝါကုန်း		
၁၅		〃		
၁၆		〃		
၁၇				
၁၈				
၁၉				
၂၀				
၂၁				
၂၂				
၂၃				
၂၄				
၂၅				
၂၆				

တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်း (၇-၁-၂၀၁၆)

စဉ်	တက်ရောက်သူအမည်	ကျေးရွာအမည်	ဆက်သွယ်ရန်ဖုန်း	လက်မှတ်
၂၆	[illegible]	[illegible]		[illegible]
၂၇	[illegible]	" "		[illegible]
၂၈	[illegible]	" "		[illegible]
၂၉	[illegible]	" "		[illegible]
၃၀	[illegible]	" "		[illegible]
၃၁	[illegible]	" "		[illegible]
၃၂	[illegible]	" "		[illegible]
၃၃	[illegible]	" "		[illegible]
၃၄	[illegible]	"		[illegible]

တက်ရောက်သူများစာရင်း (အေးမြသီတာ)

တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်း (၇-၁-၂၀၁၆)

စဉ်	တက်ရောက်သူအမည်	ကျေးရွာအမည်	ဆက်သွယ်ရန်ဖုန်း	လက်မှတ်
၁	မြို့ပြဒုတိယ	မော်မြဲတိတာ	၀၉-၇၉၇၄၄၇၁၃၁	
၂	" ခိုင်ဟန်	"		
၃	" မြင့်မိုး	"		
၄	" မြင့်ဖြိုး	"		
၅	" ကျော်မြင့်	"		
၆	" အောင်သန်း	"		
၇	" မြဝင်း	"		
၈	" ဖြိုးဝေ	"	၀၉-၈၅၄၁၀၄၃၄၁၈	
၉	" ခိုင်ဇော်မိုး	"		
၁၀	" ချိုဒိုးကျော်ဝင်း	"	၀၉-၉၅၃၆၁၀၈၃၃	
၁၁	" ဒဲ့ဖြေ	"		
၁၂	" ကျော်ဆင်	"		
၁၃	" အောင်ချိုမြေ့	"		
၁၄	" ရဲလေး	"		
၁၅	" ကျင်ဝိုင်း	"		
၁၆	" ဆွေ့ချိုင်ကို	"		
၁၇	" မေကင်ကို	"		
၁၈	ဒေါ်ဖြာခိုင်ငြိမ်း	"		
၁၉	" ဆွေဝေး	"		
၂၀	" မောင်မောင်ရိုင်	"		
၂၁	" မေး:နိုင်	"		
၂၂	ဒေါ်ဝေး:ကျိုင်	"		
၂၃	မြို့မောင်ဝေဖွဲ့	"		
၂၄	" ကျော်ဆွေ	"		
၂၅	" ကျဖိုင်	"		

တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်း (၇-၁-၂၀၁၆)

စဉ်	တက်ရောက်သူအမည်	ကျေးရွာအမည်	ဆက်သွယ်ရန်ဖုန်း	လက်မှတ်
၂၆	ဦးဝင်းကိုလင်း	အေးမြသီတာ		လင်း
	ဒေါ်အေးမာ	[illegible]		[illegible]
	ဦးသောင်ဖြိုင်ဦး	[illegible]		[illegible]
	" မောင်မောင်ဦး	"		[illegible]
	" အုံးမြင့်	"		
	" စိန်ငွေး	"		
	" ဝင်းအောင်	"		[illegible]
	" ကနေဇာ	"		
	" ကျော်အောင်	"		
	" လှနိုင်	"		[illegible]
	" အောင်ဦး	"		[illegible]
	" ကျော်ကျော်	"		[illegible]
	" ဇော်သင်း	"		[illegible]
	ဒေါ်ခရိုဗျား	"		[illegible]
	" ကျော်အေယျ	"		[illegible]
	" ငပုလေး	"		ပုလေး
	" ခင်ရီ	"		[illegible]
	" ဖူးမင်း	"		
	" ကျော်ဝင်း + ဒေါ်ဝင်းတွေ	"		ကျော်ဝင်း
	" လှကြည် + ဒေါ်ဝင်းတွေ	"		[illegible]
	" မျိုးဇော်တွင်း	"		[illegible]
	" ဆန်းမောင်	"		[illegible]
	" နာဝပါး	"		[illegible]
	" ကျော်မိုး	"		[illegible]
၅၀	ဒေါ်ခင်သိန်း	"		သိန်း

တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်း (၇-၁-၂၀၁၆)

စဉ်	တက်ရောက်သူအမည်	ကျေးရွာအမည်	ဆက်သွယ်ရန်ဖုန်း	လက်မှတ်
	ဦးတင်ကိုဝင်း	အေးမြသီတာ		ဝင်း
	ဦးဝင်းမြတ်ဦး	[illegible]	[illegible]	[illegible]
	[illegible]	အေးမြဲစိမ်းတာ		[illegible]
	[illegible]	" "		[illegible]
	ဦးတင်ဝင်း	" "		တင်ဝင်း
	ဦးလှမျိုးမင်း	" "		မျိုး
	ခင်သောင်း	" "		ခင်သောင်း
	ဦးခင်နှု	" "		ခင်း
	[illegible]	" "		[illegible]
	[illegible]	" "		[illegible]
	[illegible]	" "		[illegible]
	[illegible]	" "		[illegible]
	[illegible]	" "		[illegible]
	[illegible]	" "		[illegible]
	[illegible]	" "		[illegible]
၆၆.	[illegible]	" "		[illegible]

တက်ရောက်သူများစာရင်း (ရွှေပြည်သာယာ)

တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်သူများစာရင်း (၇-၁-၂၀၁၆)

စဉ်	တက်ရောက်သူအမည်	ကျေးရွာအမည်	ဆက်သွယ်ရန်ဖုန်း	လက်မှတ်
	မြို့ပဲခူး			

